

စာပေဗိမာန်စာမူဆုရ

# ဘက်စုံအသုံးဝင်သည့် မြန်မာ့ကြိမ်ပင်

မောင်နှယ်သန်း



ဘက်စုံအသုံးဝင်သည့် မြန်မာ့ကြိမ်ပင်
မောင်နှယ်သန်း





၂၀၁၂ ခုနှစ်၊ စာပေဗိမာန်စာမူဆု
သုတပဒေသာ (ဝိဇ္ဇာပညာရပ်)၊ ဒုတိယဆု

# ဘက်စုံအသုံးဝင်သည့်
# မြန်မာ့ကြိမ်ပင်


## မောင်နွယ်သန်း

တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ-အင်းစိန်)

မျက်နှာဖုံးဒီဇိုင်း - မောင်သွင်



စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၄ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၅၀၀

တန်ဖိုး (          ) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် ခေတ္တစာတည်းမှူးချုပ်
ဦးမျိုးမြင့်မောင် (မျိုးမြတ်မြတ်မြင့်မောင်) က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

**ဒို့တာဝန်အရေးသုံးပါး**

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **၁။** | **မြန်မာ့သစ်တောသယံဇာတအဖိုးတန်ကြိမ်** | **၁** |
| | (က) သစ်တောဖုံးလွှမ်းမှုအများဆုံးတွင်ပါဝင်သော မြန်မာနိုင်ငံ | ၁ |
| | (ခ) ကြိမ် | ၃ |
| | (ဂ) မြန်မာ့ကြိမ် | ၇ |
| **၂။** | **မြန်မာနိုင်ငံတွင်ပေါက်ရောက်သောကြိမ်အမျိုးမျိုးနှင့် ပေါက်ရောက်ရာဒေသ** | **၈** |
| | (က) အခေါ်အဝေါ်များ | ၉ |
| | (ခ) ပေါက်ရောက်ရာဒေသများ | ၁၀ |
| | (ဂ) ကြိမ်အမျိုးအစားနှင့်ခန့်မှန်းအရေအတွက် | ၁၂ |
| **၃။** | **မြန်မာနိုင်ငံတွင်အသုံးများသောကြိမ်များ** | **၁၇** |
| | (က) သိုင်းကြိမ် | ၁၇ |
| | (ခ) ရေကြိမ် | ၁၇ |
| | (ဂ) ကြိမ်နီ | ၁၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ဃ) ကြိမ်ဖြူကလေး | ၁၈ |
| | (င) ရမထာကြိမ် | ၁၉ |
| | (စ) တပေါင်းကြိမ် သို့မဟုတ် သာပေါင်းကြိမ် သို့မဟုတ် လက်မဲကြိမ် | ၁၉ |
| | (ဆ) ကြိမ်ပုတ် | ၂၀ |
| | (ဇ) ဘရေလီကြိမ် | ၂၀ |
| | (ဈ) ကြိမ်ခါး | ၂၀ |
| | (ည) ဝါးပိုးကြိမ် | ၂၁ |
| | (ဋ) ကြိမ်ဖန် | ၂၁ |
| | (ဌ) ကြက်ဥကြိမ် | ၂၁ |
| **၄။** | **ကြိမ်အကြောင်းသမိုင်းကြောင်းတစေ့တစောင်း** | **၂၂** |
| **၅။** | **ဆေးဖက်ဝင်သည့်ကြိမ်** | **၂၅** |
| | (က) ကြိမ်ဖြင့်အရိုးအစားထိုးကုသခြင်း | ၂၆ |
| **၆။** | **ကြိမ်နှင့်မြန်မာ့ရိုးရာဒေါင်းရွှေလုပ်ငန်း** | **၃၀** |
| | (က) ကြိမ်ဝါးတို့ဖြင့် တင်းတောင်းရက်နည်း | ၃၄ |
| **၇။** | **မြန်မာ့ရိုးရာကြိမ်ခြင်းလုံး** | **၃၆** |
| | (က) မြန်မာ့ခြင်း | ၃၆ |
| **၈။** | **မြန်မာတိုင်းရင်းသားများနှင့် ကြိမ်အရေးပါမှု** | **၄၃** |
| | (က) ငယ်စဉ်ကဟင်းစပ်ကလေး | ၄၄ |
| | (ခ) ခန္တီးရှမ်းနှင့် နာဂတို့၏ ကြိမ်ထည်လက်ရာ | ၄၆ |
| | (ဂ) ရဝမ်တိုင်းရင်းသားများ၏ ကြိမ်ထည်လက်ရာ | ၄၇ |
| | (ဃ) ကြိမ်ကြိုးတံတားများ | ၄၇ |
| **၉။** | **ကြိမ်ခုတ်ခြင်း** | **၄၉** |
| | (က) ကြိမ်ခုတ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ | ၅၁ |
| | (ခ) တောတွင်း၌ ပြုပြင်ခြင်း | ၅၃ |
| | (ဂ) ကဲ့ထောက်စခန်း၌ ပြုပြင်ခြင်း | ၅၄ |
| **၁၀။** | **ကြိမ်များပျက်စီးစေခြင်း၏ အဓိကအချက်များ** | **၅၅** |
| **၁၁။** | **ကြိမ်များကို နည်းစနစ်ကျစွာပြုပြင်ပေးခြင်း** | **၅၇** |
| | (က) အခွံခြစ်နေလှန်းခြင်း (Sun Dry Skin-Off METHOD) | ၅၈ |
| | (ခ) ရေနွေးဖြင့် ပေါင်းနည်း (STEAMING METHOD) | ၅၉ |
| | (ဂ) မီးမြိုက်ခြင်း (SMOKING METHOD) | ၆၀ |
| | (ဃ) ဒီဇယ်ဆီဖြင့်ပြုတ်နည်း | ၆၀ |
| | (င) ကန့်ငွေ့ပေးခြင်း (SULPHYARISHTON METHOD) | ၆၁ |
| | (စ) သဲဖြင့်ပွတ်နည်း (SANDING METHOD) | ၆၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ဆ) မီးဖိုဖြင့် ခြောက်သွေ့စေခြင်း (DRYING BY OVEN) | ၆၃ |
| ၁၂။ | **ကြိမ်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်း** | **၆၅** |
| | (က) အလေ့ကျပေါက်ကြိမ်နှင့် စိုက်ပျိုးကြိမ်ကွာခြားချက် | ၆၇ |
| | (ခ) ဓမ္မတာမျိုးဆက်ခြင်း | ၆၉ |
| | (ဂ) ပဝတ္တိမျိုးဆက်ခြင်း | ၆၉ |
| | (ဃ) အစေ့စုဆောင်းခြင်း | ၇၀ |
| | (င) ကြိမ်စေ့များကို သိုလှောင်ခြင်း | ၇၁ |
| ၁၃။ | **ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်း** | **၇၃** |
| | (က) ပြည်ပဈေးကွက်တိုးချဲ့တက်လှမ်းနေသည့် မြန်မာ့ကြိမ်ထည်လုပ်ငန်း | ၇၄ |
| | (ခ) ဂျပန်အကြိုက် မြန်မာ့ကြိမ်ထည်များ | ၇၅ |
| | (ဂ) စင်ကာပူနိုင်ငံအကြိုက် မြန်မာ့ကြိမ်လက်ကိုင်အိတ်များ | ၇၆ |
| | (ဃ) ဈေးကွက်တိုးချဲ့ခြင်း | ၇၇ |
| | (င) မြန်မာ့ကြိမ်ထည်များ မျက်နှာပန်းလှလာ | ၇၈ |
| | (စ) နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကြိမ်အချောထည်တင်ပို့မှု | ၇၉ |
| ၁၄။ | **ကြိမ်ဈေးကွက်တင်ရန်စီစဉ်ခြင်းနှင့် ဈေးကွက်သို့ တင်ပို့ခြင်း** | **၈၅** |
| | (က) ကုန်ကြမ်းအဖြစ် ပြည်တွင်းဈေးကွက်သို့ ရောင်းချခြင်း | ၈၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ခ) ကုန်ကြမ်းအဖြစ် ပြည်ပဈေးကွက်သို့ ရောင်းချခြင်း | ၈၆ |
| | (ဂ) ပြည်ပဈေးကွက်အတွက် ရွေးချယ်ခြင်း | ၈၆ |
| | (ဃ) အဆင့်အတန်းခွဲခြားခြင်း (GRADING) | ၈၆ |
| | (င) အရွယ်အစားသတ်မှတ်ခြင်း (SIZING) | ၈၇ |
| | (စ) တိုင်းတာခြင်း (MEASURING) | ၈၈ |
| | (ဆ) ရုန်းပြန်သတ္တိစမ်းသပ်ခြင်း (RESILNCE TEST) | ၈၈ |
| | (ဇ) အလေးချိန်မှတ်သားခြင်း (WEIGHTING) | ၈၉ |
| | (ဈ) ပြည်ပဈေးကွက်တင်ရန်ထုပ်ပိုး သိုလှောင်ခြင်း | ၈၉ |
| | (ည) ကုန်ချောအဖြစ် ဈေးကွက်တင်ခြင်း | ၉၁ |
| | (ဋ) ကြိမ်ဝယ်ဒိုင်များစတင်ဖွင့်လှစ်ခြင်း/ ဈေးကွက်သို့ တင်ပို့ခြင်း | ၉၂ |
| | (ဌ) ပရိဘောဂပြုလုပ်ရန် လိုအပ်သော ပစ္စည်းများ | ၉၃ |
| | (ဍ) ကမ္ဘာ့ပရိဘောဂဈေးကွက်ဝင်ရန် အခက်အခဲများ | ၉၄ |
| ၁၅။ | **ကြိမ်ထည်ပရိဘောဂလက်မှုပစ္စည်း ထုတ်လုပ်မှုအဆင့်ဆင့်** | **၉၆** |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | **သစ်အစားထိုးပရိဘောဂများအဖြစ် ကြိမ်၊ ဗေဒါများဖြင့်ပြုလုပ်ထားသည့်လက်မှု ပစ္စည်းများ ပိုမိုအသုံးပြုလာခြင်း** | ၁၀၈ |
| ၁၇။ | **ထူးထူးခြားခြား ဥရောပကြိမ်ထည် လုပ်ငန်း** | ၁၁၀ |
| ၁၈။ | **ကြိမ်လုပ်ငန်းဆိုင်ရာ အချက်အလက် ဌာန အာဆီယံထူထောင်ရန်အဆိုပြုခြင်း** | ၁၁၃ |
| ၁၉။ | **အထွေထွေ** | ၁၁၆ |
| | (က) ပလတ်စတစ်ကြိမ်(ကြိမ်တု) ပရိဘောဂလုပ်ငန်း | ၁၁၆ |
| | (ခ) တန်ဖိုးကြီးမားသော ကြိမ်ချောဖျာနု | ၁၁၇ |
| | (ဂ) ရေကြည်မြို့နယ်ကြိမ်ချောထည်လုပ်ငန်း | ၁၁၈ |
| | (ဃ) စစ်ကိုင်းမြို့မှ နာမည်ကျော်ကြား ကြိမ်လက်ရာများ | ၁၂၀ |
| | (င) ကျိုင်းတုံမြို့က ကြိမ်ဆွမ်းအုပ်ကလေး များ | ၁၂၂ |
| | (စ) ရခိုင်တောင်တန်းမှ ကြိမ်ပင် | ၁၂၄ |
| | (ဆ) ကချင်ပြည်နယ်ထွက် ကြိမ်ဆွဲခြင်း | ၁၂၅ |
| | (ဇ) ပြည်ပပို့ကုန်ရိုးရာကြိမ်ထည်များ ပြည်တွင်းတွင်ပါ အသုံးတွင်ကျယ်လာ | ၁၂၇ |
| | (ဈ) အဆင့်မြင့်ကြိမ်ထည်ပရိဘောဂများ အရောင်းပြခန်း | ၁၂၈ |


စဉ် အကြောင်းအရာ စာမျက်နှာ


| | | |
|---|---|---|
| ၂၀။ | **မြန်မာ့ကြိမ်တင်ပို့မှု လက်ငင်း အခြေအနေများ** | ၁၃၂ |
| | (က) ရခိုင်ကြိမ်အဝယ်ဒိုင်အချို့လုပ်ငန်း ပိတ်ရ | ၁၃၃ |
| | (ခ) ကချင်ပြည်နယ် နောင်မွန်ဒေသတွင် ကြိမ်မျိုးမသုဉ်းစေရန် ကြိမ်ထုတ်လုပ် ခွင့် ရပ်နားထားခြင်း | ၁၃၄ |
| ၂၁။ | **မြန်မာ့ကြိမ်လုပ်ငန်းသုံးသပ်ချက်** | ၁၃၅ |
| | (က) တန်ဖိုးမြင့်ကြိမ်ထည်ပရိဘောဂများ | ၁၄၀ |
| | (ခ) မြန်မာနိုင်ငံ၏ ကြိမ်ထွက်ကုန် ၈၀ ရာခိုင်နှုန်းကျော်ကို ကုန်ကြမ်းအဖြစ် တင်ပို့နေရပြီး ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိသာ ကုန်ချောတင်ပို့နိုင် | ၁၄၁ |
| | (ဂ) ကြိမ်ထည်စျေးကွက်ပြည်တွင်းသို့ ဦးတည်ထိုးဖောက်လာ | ၁၄၅ |
| ၂၂။ | **ကျမ်းကိုးစာရင်း** | ၁၅၄ |

# “ဘက်စုံအသုံးဝင်သည့် မြန်မာ့ကြိမ်ပင်”

## အခန်း (၁)

## မြန်မာ့သစ်တော သယံဇာတ အဖိုးတန်ကြိမ်သစ်တော ဖုံးလွှမ်းမှု အများဆုံးတွင် ပါဝင်သော မြန်မာနိုင်ငံ

ကမ္ဘာ့သစ်တော ဖုံးလွှမ်းမှုအများဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံ ပါဝင်ကြောင်း သိရှိရပါသည်။ အဆိုပါစာရင်းသည် ကုလသမဂ္ဂ၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ရှော့ဖဲလားတက္ကသိုလ်နှင့် ဟင်လက်စကီတက္ကသိုလ်တို့မှ ပညာရှင်များက သုတေသနပြုထားခြင်း ဖြစ်ပါသည်။ စာရင်းအရ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှု ဧရိယာအများဆုံး နိုင်ငံမှာ ရုရှားနိုင်ငံဖြစ်ပြီး ယင်းနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ ဟက်တာ-၈၀၈၇၉၀၀၀၀ ရှိပါသည်။ မြန်မာနိုင်ငံမှာမူနံပါတ် ၂၀ မြောက် သစ်တောဖုံးလွှမ်းမှုအများဆုံးနိုင်ငံဖြစ်ပြီး သစ်တောဖုံးလွှမ်းမှုမှာ ၃၂၂၂၂၀၀၀ ဟက်တာဖြစ်ပါသည်။ ၁၉ ရာခိုင်နှုန်း နိုင်ငံ၏ ဧရိယာသစ်တောအကျယ် (၅၁၉၀၀ မိုင်) ၁၉-၆-၁၃ ကြေးမုံ-

အာရှဖွံ့ဖြိုးရေးဘဏ်မှ လေ့လာချက်အရ အာရှတိုက်နိုင်ငံများကို သစ်တောပေါကြွယ်ဝမှုအရ အတန်းအစား သုံးမျိုးခွဲခြားထားပါသည်။

ပထမတန်းစား သစ်တောကြွယ်ဝသောနိုင်ငံများမှာ မြန်မာနိုင်ငံ၊ ပါပူဝါနယူးဂီနီနိုင်ငံ၊ လာအို၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ ဖြစ်ကြပါသည်။

ဒုတိယတန်းစား ပေါကြွယ်ဝသော နိုင်ငံများမှာ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ထိုင်ဝမ်ကျွန်း၊ ဘူတန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလိပ်ပိုင်ကျွန်း၊ ဗီယက်နမ်နိုင်ငံများ ဖြစ်ကြပါသည်။

တတိယတန်းစားနိုင်ငံများမှာ အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်၊ ဟောင်ကောင်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ် နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ နိုင်ငံများ ဖြစ်ကြပါသည်။

ပထမတန်းစား သစ်တောကြွယ်ဝသော နိုင်ငံများအနက် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် ခေတ်မီသစ်စက်ကြီးများ၊ သစ်ထုတ်လုပ်မှုနည်းပညာများကြောင့် တော်တော်ကုန်ခန်းနေပြီ ဖြစ်ပါသည်။

ကျန်သုံးနိုင်ငံအနက် မြန်မာနိုင်ငံသည် စတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ ကျယ်ဝန်းပြီး လာအိုနိုင်ငံမှာ စတုရန်းမိုင်ပေါင်း ၉၁၄၃၇ ကျယ်ဝန်းပါသည်။ ပါပူဝါနယူးဂီနီနိုင်ငံမှာ စတုရန်းမိုင်ပေါင်း ၉၈၅၄၀ ကျယ်ဝန်းသောကြောင့် မြန်မာနိုင်ငံသစ်တောမှာ ထိုနိုင်ငံတို့၏ သစ်တောများထက် များစွာကြီးမားသည်ဟု ခန့်မှန်းရပါသည်။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ် ရိုးမပေါ်ရှိ ဇကနစ်သန်းကျော် ကျယ်ပြန့်သော ကရင်ဝါးတောမှာ ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သည်ဟု သိရပါသည်။ မြန်မာ့ကြိမ်တောမှာလည်း ကမ္ဘာပေါ်တွင် အကြီးဆုံးမဟုတ်သည့်တိုင် အကြီးဆုံးစာရင်းဝင်ဖြစ်မည်မှာ သေချာနေပါသည်။

မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းနေသော မြေဧရိယာမှာ ၁၄၉၇၈ စတုရန်းမိုင်ရှိပါသည်။ မြန်မာ့သစ်တောများကို ဒေသ၊ မြေဆီလွှာအခြေအနေကိုလိုက်၍ အောက်ပါအတိုင်း ခြောက်မျိုး ခွဲခြားနိုင်ပါသည်။



(၁) ရေငန်ရောက်ဒေသတစ်လျှောက် ပေါက်ရောက်တတ်သော ရေငန်ပိုင်းတော
(၂) ရေချိုရောက်သော ချောင်း၊ အင်း၊ အိုင်ဘေးတစ်လျှောက် ပေါက်ရောက်သော ရေချိုပိုင်းတော
(၃) အင်တိုင်းတောအမျိုးမျိုး
(၄) အမြဲစိမ်းတော၊ ထင်းရှူးတောမျိုး
(၅) တောင်မြင့်ပေါ်တွင် ပေါက်ရောက်လေ့ရှိသော ထင်းရှူးတောမျိုး
(၆) နွေရွက်ကြွေ၊ မိုးအခါစိမ်းလန်းလေ့ရှိသော တောမျိုးဟူ၍ တော ခြောက်မျိုး ခွဲခြားနိုင်ပါသည်။

မြန်မာ့သစ်တောများတွင် မှတ်တမ်းအရ အပင်ကြီး၊ အပင်ငယ် အမျိုးပေါင်း (၅၂၀၄) မျိုး၊ ဝါး (၈၆) မျိုး၊ ကြိမ် (၃၄) မျိုး၊ မြက် (၃၈၆) မျိုးနှင့် ၄က်မျိုးပေါင်း (၁၂၄၀) ရှိပါသည်။ တောတစ်တောတွင် အပင်တစ်မျိုးတည်း မပေါက်ပါ။ အပင်မျိုးစုံ ရောနှောပေါက်ရောက်ပါသည်။ အဆိုပါ သစ်တောကြီးများထဲတွင် ကြိမ်ပင်များ ရောနှောပေါက်ရောက်ပါသည်။

## ကြိမ်

ကြိမ်ဟူသော ဝေါဟာရသည် မြန်မာ့ဝေါဟာရ ဖြစ်သည်။ ရုက္ခဗေဒပညာရပ်တွင် ကြိမ်ပင်ကို (CHLAMUS) ဟု ပညာရပ်ဝေါဟာရအဖြစ် ခေါ်ဝေါ်ပါသည်။ ယင်းစကားလုံးသည် ရှေးဟောင်း

အီဂျစ်စကားလုံး ဖြစ်သည်။ စာရေးကိရိယာအဖြစ် အသုံးပြုနိုင်သော ကျူရိုးတစ်မျိုးဟု အဓိပ္ပာယ်ရပါသည်။ အင်္ဂလိပ်ဘာသာတွင် ကြိမ်ကို CANE ဟူ၍လည်းကောင်း၊ RATTAN ဟူ၍လည်းကောင်း ခေါ်ပါသည်။ အချို့မှတ်တမ်းများတွင် ကြိမ်လုံးကြီးများကို CANE ဟု ခေါ်ပြီး ကြိမ်လုံးငယ်များကို RATTAN ဟု ခေါ်ဆိုသည်ဟု ဆိုပါသည်။ ထိုင်းဘာသာအားဖြင့် ဝိုင် (Wy)၊ အီတာလျံဘာသာစကားဖြင့် မလကာ (MALACCA, BASTONE, DIMHLBICA) ဂျပန်ဘာသာစကားဖြင့် တိုး (TOO, TOO SEINO)၊ ကိုရီးယားဘာသာစကားဖြင့် ဒင်းနာမူ (DELLNC NA-MU) တမီလ်ဘာသာစကားဖြင့် ကဇီ (KAHZHI)၊ ပါဠိဘာသာစကားဖြင့် "ဝေတ္တ" ဟူ၍လည်းကောင်း အသီးသီးခေါ်ဝေါ်ကြပါသည်။

ရုက္ခဗေဒအခေါ် အစေ့ကြီးပင် အုပ်စုဝင်ဖြစ်သော ပမ်း (Palm) မျိုးတွင် ပါဝင်ပါသည်။ ပင်စည်သေးသွယ်သော၊ အဆစ်ပါသော၊ အဆစ်တွင် အရွက်ထွက်၍ အပင်၏ အဖျားပိုင်းတွင် အရွက်စုပုံပေါက်သော အပင်အားလုံးကို ပမ်းအနွယ်ဝင်များဟု ခေါ်ပါသည်။ ထို့ကြောင့် အုန်းပင်၊ ထန်းပင်၊ စလူပင်၊ ဝါးပင်၊ သင်ပေါင်းပင်၊ ကွမ်းပင်၊ ရုံးပင်နှင့် ကြိမ်ပင်စသည်တို့သည် ပမ်းအနွယ်ဝင်အပင်များ ဖြစ်ကြပါသည်။

ကမ္ဘာပေါ်တွင် ပမ်း (Palm) အမျိုးနွယ်အပင်ပေါင်း (၁၂၀၀) ကျော်ရှိကြောင်း သိရပါသည်။ ပမ်းအပင်တို့၏ အရွက်ပုံကိုလိုက်၍ ယပ်တောင်နှင့်တူသော အရွယ်ရှိ ပမ်းပင်များနှင့် ငှက်မွေးနှင့်တူသော ပမ်းပင်များဟူ၍ အုပ်စုနှစ်စု ထပ်မံခွဲခြားပြန်သည်။ ကြိမ်သည် ဆူးနှင့် အဆစ်များပါရှိသော နွယ်ပင်ယောင်ယောင် ပင်ယောင်တစ်မျိုးဖြစ်ပါသည်။



ကြိမ်ပင်သည် ဒုတိယအုပ်စုဝင် ပမ်းအပင်မျိုးဖြစ်သည်။ ကမ္ဘာပေါ်တွင် ကြိမ်အမျိုးပေါင်း (၃၇၅) မျိုးရှိသည်။ ထင်ရှားသော ကြိမ်မျိုးစုများမှာ (Calmus, Daemonorops, Plactocomia နှင့် Horth-ulsia) တို့ ဖြစ်ကြပါသည်။ အမေရိကန်ပြည်ထောင်စုမှ ထွက်သော သေးငယ်သော ကြိမ်တစ်မျိုးမှလွဲ၍ ကျန်သော ကြိမ်အားလုံး၏ ပင်ရင်းဒေသသည် အာရှတိုက်ဖြစ်သည်။ အရွယ်အစားမှာ လက်သန်းလုံးဝက်ခန့်မှ လက်မ၊ ခြေမအရွယ်တိုင်အောင်အမျိုးမျိုး ရှိကြသည်။ ကမ္ဘာပေါ်တွင် ကြိမ်ပေါက်ရောက်ရာဒေသများမှာ အရှေ့အိန္ဒိယကျွန်းစု၊ မာလာယုကျွန်းဆွယ်၊ တရုတ်၊ မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံများအပြင် ဩစတြေးလျနှင့် အာဖရိကတိုက်တို့ ဖြစ်ကြသည်။

ကြိမ်နှင့် ပတ်သက်၍ မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၁) တွင် အောက်ပါအတိုင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည်။

"ရှေးအထက်ကာရီကျော်ကစ၍ ကြိမ်သည် မြန်မာလူမျိုးတို့အဖို့ ဝါးနှင့်တန်းတူ အရေးကြီးအသုံးဝင်ခဲ့သော ပစ္စည်းဖြစ်သည်။ အိမ်ဆောက်ရာ၌လည်းကောင်း၊ လှေ၊ လှည်းလုပ်ရာ၌လည်းကောင်း၊ ဖောင်ဖွဲ့ရာတွင်လည်းကောင်း၊ အထုပ်အပိုးများ ချည်နှောင်ရာတွင်လည်းကောင်း ကြိမ်ကို အသုံးပြုကြသည်။ ကြိမ်ဖြင့် တောင်း၊ ပလုံး၊ ခြင်းစသည်များကို ရက်လုပ်ကြသည်။

"ကြိမ်ပင်သည် အုန်းပင်၊ ထန်းပင်တို့နှင့်အတူ ထန်းမျိုးရင်းတွင် ပါဝင်၍ ဆူးနှင့်အဆစ်များပါရှိသော နွယ်ယောင်၊ ပင်ယောင်တစ်မျိုး ဖြစ်သည်။ ကပေါင်းကြိမ်၊ ကြိမ်ခါး၊ ရေကြိမ်၊ ကြိမ်နီ၊ ထားဝယ်ကြိမ် စသည်ဖြင့် ကြိမ်အမျိုးမျိုးရှိ၍ အရွယ်မှာ လက်သန်းလုံးခန့်မှ လက်မ ခြေမအရွယ်တိုင်အောင် အမျိုးမျိုးရှိကြသည်။ ကမ္ဘာတွင်

ကြိမ်ပင်ပေါက် ရောက်ရာဒေသများမှာ အရှေ့အိန္ဒိယကျွန်းစု၊ မာလာယုကျွန်းဆွယ်၊ တရုတ်၊ မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံများအပြင် ဩစတြေးလျနှင့် အာဖရိကတို့ ဖြစ်ကြသည်။ မြန်မာနိုင်ငံ၌ ကွင်းပြင်နှင့် တောင်နိမ့်ပိုင်းရှိ စိုစွတ်သော သစ်တောများတွင် ကြိမ်ပင်ကို အနှံ့အပြား တွေ့နိုင်သည်။”

“ကြိမ်ပင်သည် နဂိုအတိုင်း အစိမ်းရောင်ရှိ၍ ခြောက်လျှင် အဝါရောင်၊ အညိုရောင်ဖြစ်လာသည်။ အဆစ်များ၌ အရွက်ပေါက်သည်။ ကြိမ်ကို အမျိုးမျိုးအသုံးချနိုင်ခြင်းမှာ ပေါ့ပါးခြင်း၊ ရှည်လျားခြင်း၊ ခိုင်ခံ့ခြင်းနှင့် ကွေးညွှတ်၍ ရခြင်းစသော ဂုဏ်သတ္တိများကြောင့် ဖြစ်သည်။”

“ကြိမ်ဆိုခဲ့သည့်အတိုင်း ကြိုး၊ နှီး၊ နှင်တံအဖြစ်ဖြင့် အသုံးဝင်ရုံသာမက ကုလားထိုင်ဖင်နှင့် နောက်မှီများထိုးရန်၊ လက်ကိုင်တုတ်နှင့် ထီးရိုးများပြုလုပ်ရန်အတွက်လည်း အသုံးချသည်။ လက်ကိုင်တုတ်ထုတ်လုပ်ရသော ကြိမ်မျိုးများအနက် မာလာယုကျွန်းဆွယ်မှ ထွက်သော ကြိမ်သည် ကမ္ဘာပေါ်တွင်ထင်ရှား၍ မြန်မာနိုင်ငံ၌ မြိတ်ကြိမ်သည် ကျော်ကြား၏။ မြန်မာနိုင်ငံတွင် ရာသီအလိုက်ပေါ်သော ကြိမ်သီးများကို စားကြ၍ ကြိမ်စေ့ကို ပုတီးလုပ်ကြ၏။”

“ကမ္ဘာတွင် ကြိမ်ကို အများဆုံးဖြန့်ချိရောင်းချသော ဒေသများမှာ မတေးဗီးယားမြို့၊ မဆရာဝပ်နယ်၊ စင်ကာပူ၊ ပီနန်မြို့နှင့် ကာလကတ္တားမြို့တို့ ဖြစ်ကြသည်။”

ကြိမ်ပင်မှာ များသောအားဖြင့် သေးသွယ်၍ ဆူးများရှိပြီး နွယ်တက်တတ်သောအပင်မျိုးဖြစ်ပါသည်။ နွယ်တက်ခြင်းကို အဆစ်များတွင် ပေါက်လေ့ရှိသောအဖတ်မှ ဆူးနှာမောင်းများဖြင့်လည်းကောင်း၊



အရွက်များတည်ရှိသည့်ကျောရိုးသည် အဖျားပိုင်းတွင် သေးသွယ်သော ဆူးနှာမောင်းများအဖြစ်သို့ ပြောင်းလဲ၍လည်းကောင်း နွယ်တက်လေ့ရှိလေသည်။

ကြိမ်၏ထူးခြားချက်မှာ လွယ်ကူစွာကွေးညွတ်နိုင်ရန် တောက်ပြောင်မာကျောသော မျက်နှာပြင်ရှိပြီး အတွင်းအူမှာ ပွ၍ မာကျောခြင်းမရှိပါ။ ကြိမ်သည်များသောအားဖြင့် ရှည်လျားစွာ ပေါက်၍ ပေ ၃၀၀ အထိ တွေ့ရတတ်သည်။

## မြန်မာ့ကြိမ်

ကြိမ်သည် မြန်မာ့သစ်တောထွက်သယံဇာတပစ္စည်းတစ်မျိုး ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်ကို လွှမ်းမိုးထားနိုင်သော နိုင်ငံများအနက် မြန်မာနိုင်ငံသည် ရှေ့တန်းကပါဝင်သည်။ မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝသည် ကြိမ်ပင်နှစ်သက်ရာ သဘာဝမျိုးဖြစ်သဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သစ်တောရှိရာဒေသတိုင်းမှာ ကြိမ်ပင် တစ်မျိုးမျိုး တွေ့ရှိရပါသည်။ ကမ္ဘာပေါ်၌ ကြိမ်အမျိုးပေါင်း (၃၇၅) မျိုးရှိရာ မြန်မာနိုင်ငံအတွင်း၌ (၃၄) မျိုးခန့်ရှိကြောင်း သိရှိရပါသည်။ ရခိုင်-အာယုဗေဒဆေးကျမ်းအလိုအရ ကုန်းနှင့်ရေကြိမ်ဟူ၍ နှစ်မျိုး ခွဲခြားထားပါသည်။ ကုန်းကြိမ်သည် ကုန်းပေါ်တွင် ပေါက်ပြီး ပင်စည်ကြီးသည့်ကြိမ်များဖြစ်သည်။ ရေကြိမ်မှာ ရေစပ်နားတွင်ပေါက်လေ့ရှိပြီး နွယ်ဆန်သည့်အပင်မျိုးဖြစ်ပြီး ပင်လုံးသေးသည်။ မြန်မာနိုင်ငံတွင် ကြိမ်ပေါက်ရောက်ရန် ရေမြေတောတောင်သဘာဝရာသီဥတုနှင့် ကိုက်ညီသော ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးပေါက်ရောက်ပါသည်။

❖ ❖ ❖ ❖ ❖

# အခန်း (၂)

## မြန်မာနိုင်ငံတွင်ပေါက်ရောက်သော ကြိမ်အမျိုးမျိုးနှင့် ပေါက်ရောက်ရာဒေသ

မြန်မာနိုင်ငံတွင် ကြိမ် (၃၄) မျိုးထွက်ရှိရာ သိုင်းကြိမ်၊ နံ့ကြိမ်၊ ကြိမ်ခါး၊ လက်ပံကြိမ်၊ ရေကြိမ်၊ ကြိမ်နီ၊ ကြိမ်ဖြူလေး ခေါ် ထားဝယ်ကြိမ်၊ ရမထာကြိမ်၊ ကပေါင်းကြိမ်၊ သာပေါင်းကြိမ်၊ လက်မဲကြိမ်၊ ကြိမ်ပုတ်၊ ဂရေလီကြိမ်၊ ဝါးပိုးကြိမ်၊ ကြိမ်ဖန်၊ အူပွကြိမ်၊ ဆင်ကြိမ်၊ ဝါးအူကြိမ်၊ ကြာနှာမောင်း၊ ကြိမ်နီကြီး၊ တိုက်ကြိမ်၊ ကလာကြိမ်၊ သောင်ကြိမ်၊ စန်းသော်ကြိမ်၊ မြစ်ပြကြိမ်၊ ကြက်ဥကြိမ်၊ ကြိမ်မဲ၊ မျောက်ချေးကြိမ်၊ ကြိမ်တက်၊ ကြိမ်စိမ်း၊ နောက်ချေးကြိမ်၊ မျောက်တလွဲကြိမ်၊ ကြိမ်ဖြူ၊ ခါးဆက်ကြိမ်၊ နက်ကြောကြိမ်၊ လက်ဝါးကြိမ်များဖြစ်ကြသည်။ ရေကြိမ်၊ ကြိမ်နီနှင့် ကြက်ဥကြိမ်တို့ကို လက်မှုအနုပညာပစ္စည်းများထုတ်လုပ်ရာတွင် အများဆုံးအသုံးပြုပါသည်။

မြန်မာ့ကြိမ်များကို အရွယ်အစားအားဖြင့် အကြီး၊ အလတ်၊ အငယ် သုံးမျိုးသုံးစားခွဲခြားထားပါသည်။ အကြီးစားကြိမ်များမှာ ကပေါင်းကြိမ်၊ ကြိမ်နှာမောင်း၊ သိုင်းကြိမ်၊ ကြိမ်ဖန်၊ ဆင်ကြိမ်၊ ဝါးအူကြိမ်၊ ဆူးပတ်လည်နှင့် ကြိမ်မင်းတို့ဖြစ်ကြသည်။





အလတ်စားကြိမ်အမျိုးအစားများမှာ ရေသွန်းကြိမ်၊ ဝါးပိုးကြိမ်၊ မျောက်တလွဲကြိမ်၊ နှစ်ကျော့ကြိမ်၊ ရမထာကြိမ်၊ တောင်ကြိမ်၊ နောက်ချေးကြိမ်၊ လက်ဝါးကြိမ်၊ တုတ်ကြိမ်၊ ရေကြိမ်၊ အူပွကြိမ်၊ ကြိမ်နီကြီး၊ ကြိမ်ဖြူ၊ ကြိမ်စိမ်း၊ ကြိမ်တက်၊ ကလာကြိမ်၊ စတန်းကြိမ်၊ လက်မဲကြိမ်၊ တောင်သွန်းကြိမ်နှင့် ပုကြိမ်တို့ဖြစ်ကြသည်။

အငယ်စားကြိမ်အမျိုးအစားများမှာ ရေကြိမ်၊ စိန်းသော်ကြိမ်၊ ကြိမ်ခါး၊ မျောက်ချေးကြိမ်၊ ကြိမ်နီ၊ ကျတ်ကြိမ်၊ ကြက်ဥကြိမ်၊ ကြိမ်ဖြူကလေး၊ ကြိမ်ပုတ်ကြီးကြိမ်၊ မြစိမ်းကြိမ်၊ ကြိမ်နံ့သာ၊ ကြိမ်မဲ၊ မဲတန်ကြိမ်တို့ဖြစ်ကြသည်။

### အခေါ်အဝေါ်များ

အချို့သောကြိမ်များကို အမည် နှစ်မျိုး၊ သုံးမျိုး၊ လေးမျိုးအထိ အမျိုးမျိုးခေါ်ဝေါ်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။ မျောက်တလွဲကြိမ်ကို ခါးဆက်ကြိမ်ဟုလည်း ခေါ်သည်။ အလုံးလိုက်အနေအထားဖြင့် မျောက်တလွဲဟုခေါ်ပြီး တုပ်စည်းချည်နှောင်ရန်အတွက် ခွဲစိတ်ပြီးပါက ခါးဆက်ကြိမ်ဟု ခေါ်ပါသည်။

တောင်ကြိမ်ကို ကြိမ်ခါးဟုလည်း ခေါ်ကြပါသည်။ ကရင်ပြည်နယ်တွင် ကြိမ်ခါးဟုခေါ်သော ကြိမ်ကို လေ့လာကြည့်ရာ ကြိမ်နှစ်မျိုး တွေ့ရလေသည်။ တစ်မျိုးမှာ တောင်ကြိမ်ဖြစ်၍ ကျန်တစ်မျိုးမှာ ရမထာကြိမ်နှင့် ဆင်တူသည်။ အလွန်လေးသောကြိမ်တစ်မျိုးဖြစ်ပါသည်။ ရမထာကြိမ်လည်းမဟုတ် တောင်ကြိမ်ဖြစ်ရန်ရှိ၏။ သို့ရာတွင် ဤဒေသမှ ရမထာကြိမ်နှင့်ဆင်တူသော တောင်ကြိမ်၊ ကြိမ်ခါးများအား အခြားအရပ်ဒေသများတွင် တွေ့ရှိရခြင်းမရှိပေ။

တောင်ကြိမ်ကို ကျွဲနွားများရိုက်ရာတွင် တုတ်အဖြစ်အသုံးပြုသဖြင့် ကျွဲရိုက်ကြိမ်ဟုလည်း ခေါ်ကြသည်။ ကျွဲရိုက်ရန်အတွက်လည်းကောင်း၊ မြင်းကိုရိုက်ရန် ကြာပွတ်အဖြစ်လည်းကောင်း ဈေးတွင် ရောင်းချကြသောကြောင့် ရောင်းကြိမ်ဟုလည်း ခေါ်ဝေါ်ပါသည်။

ရေကြိမ်ကို နဘက်ကြိမ်ဟုလည်းကောင်း၊ ပေါက်ကျော်ဟုလည်းကောင်း၊ မိုးကောင်းကြိမ်ဟုလည်းကောင်း ခေါ်ဝေါ်ကြပါသည်။

ကြိမ်ဖြူကို ဇီးစာဟုလည်းကောင်း၊ လီဒန်ဟုလည်းကောင်း၊ စင်ပီဟုလည်းကောင်း ခေါ်ဆိုကြပါသည်။

မြစိမ်းကြိမ်ကို ကြိမ်မွှေးဟုလည်း ခေါ်ဆို၏။ မြစိမ်းကြိမ်အခြောက်သည် သင်းပျံ့သောရနံ့ရှိသောကြောင့်ဖြစ်သည်။

ကြိမ်နှာမောင်းကို ကြိမ်လက်မောင်းဟုလည်းကောင်း၊ ကြိမ်ဆင်နှာမောင်းဟုလည်းကောင်း ခေါ်ဆိုကြလေသည်။

ကြိမ်မင်းကို ဂယက်ဟုလည်းကောင်း ခေါ်ဆိုကြပါသည်။

ကပေါင်းကြိမ်ကို လက်မဲကြိမ်၊ နှာမောင်းကြိမ်၊ ကြိမ်ပေါင်းဟူ၍ ခေါ်ဝေါ်တတ်ကြပါသည်။

**ပေါက်ရောက်သောဒေသများ**

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ၁၉၈၈ ခုနှစ် အစီရင်ခံစာအရ ကမ္ဘာပေါ်တွင် ကြိမ်မျိုးရင်း ကိုးမျိုးနှင့် မျိုးစိတ်ပေါင်း (၃၁၆) မျိုးရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ၌ မျိုးစိတ်ပေါင်း ၃၀ ကျော် ပေါက်ရောက်ကြောင်း သိရှိရပါသည်။

ကြိမ်၏ ပင်ရင်းဒေသသည် အာရှဒေသဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝ ရာသီဥတုစသည်တို့မှာ



ကြိမ်အကြိုက်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး ကြိမ်တစ်မျိုး (သို့မဟုတ်) တစ်မျိုး နည်းများမဆို ပေါက်ရောက်ကြပါသည်။

ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ကြိမ်နီ၊ ရေကြိမ်၊ ရမထာကြိမ်၊ တောင်ကြိမ်၊ ကြိမ်ဝါး (ခေါ်) နွားရိုက်ကြိမ်နှင့် ကြက်ဥကြိမ်တို့ ပေါက်ရောက်ပါသည်။

မေခနှင့် မလိခမြစ်ဝှမ်းဒေသတွင် ကြိမ်နီ၊ ရေကြိမ်၊ ရမထာကြိမ်၊ တောင်ကြိမ်၊ ကြိမ်ခါး ခေါ် နွားရိုက်ကြိမ်၊ ကြက်ဥကြိမ်၊ ကပေါင်းကြိမ်၊ မျောက်ချေးကြိမ်တို့ ပေါက်ရောက်ပါသည်။

ပဲခူးရိုးမဒေသတွင် ရမထာကြိမ်၊ တောင်ကြိမ်၊ ကြိမ်နီ၊ ကပေါင်းကြိမ်၊ သိုင်းကြိမ်၊ ဝါးအူကြိမ်၊ ကြိမ်ဖန်၊ တုတ်ကြိမ်နှင့် ကြိမ်ခါးတို့ ပေါက်ရောက်ပါသည်။

ရခိုင်ရိုးမဒေသတွင် ကြက်ဥကြိမ်၊ ရမထာကြိမ်၊ ရေကြိမ်၊ ကြိမ်ခါး (ခရင်) ကြိမ်နီ၊ ကြိမ်ဖြူလေး၊ ကြိမ်ပုတ်နှင့် ကပေါင်းကြိမ်တို့ ပေါက်ရောက်ပါသည်။

ရှမ်းကုန်းမြေမြင့်ဒေသတွင် ကြိမ်ခါး၊ ရေကြိမ်နှင့် ကြိမ်ဖန်အများစု ပေါက်ရောက်ပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ရမထာကြိမ်၊ ကပေါင်းကြိမ်၊ ရေကြိမ်၊ ကြိမ်ခါး (ခေါ်) နွားရိုက်ကြိမ်နှင့် ကြိမ်နီတို့ ပေါက်ရောက်ပါသည်။

ဒေါနတောင်တန်းဒေသတွင် ကပေါင်းကြိမ်၊ ရမထာကြိမ်၊ တောင်ကြိမ်၊ ဥတစ်လုံးကြိမ်၊ စတန်းကြိမ်၊ တောင်သွန်းကြိမ်၊ မြစိမ်းကြိမ်၊ စန်းသော်တာကြိမ်၊ ရေကြိမ်၊ ကြိမ်နံ့သာ၊ ကြိမ်ပုတ်ကြီး၊ ကြိမ်ပုတ်ငယ်၊ ကြိမ်တက်၊ ကြိမ်မဲ၊ ရေသွန်းကြိမ်၊ ကလာကြိမ်၊

ကြိမ်ဖြူကလေး၊ ကြိမ်နီကြီး၊ ပုကြိမ်၊ မဲတန်ကြိမ်၊ ကျွဲရိုက်ကြိမ်၊ ကရောင်းကြိမ်တို့ ပေါက်ရောက်ပါသည်။

**ကြိမ်အမျိုးအစားနှင့် ခန့်မှန်းအရေအတွက်**

မြန်မာနိုင်ငံတွင် ပေါက်ရောက်လျက်ရှိသော အချို့ကြိမ်များမှာ အရေအတွက်နည်းပြီး အချို့မှာ အရေအတွက်များပြားပါသည်။ မြန်မာ့သစ်တောကြိုးဝိုင်းများမှ နှစ်စဉ်ထွက်နိုင်သော ကြိမ်လုံးရေကို အောက်ပါအတိုင်း ခန့်မှန်းတွက်ချက်ထားသည်ကို တွေ့ရပါသည်။



ကြိမ်ပင်၏ ရွက်အုပ်အတွင်းမြင်ကွင်း



ကြိမ်ပင် အပွင့်ပွင့်နေစဉ်



ကြိမ်ပင်၏ အမြစ်နှင့် ပင်စည်ထွက်ပုံ





သဘာဝသစ်တောထဲက ကြိမ်ပင်



မြန်မာ့ကြိမ်သည် တောင်ပေါ်မြေပြန့် နေရာအနှံ့ တိုင်းရင်းသားအားလုံးတို့အတွက် အသုံးဝင် သစ်တောထွက် သယံဇာတ ပစ္စည်းတစ်မျိုး ဖြစ်၏။



နက်ကြောကြိမ်၊ ရမထာကြိမ်၊ ရေကြိမ်များသည် ကော့ကရိတ်၊
ဘားအံ၊ မြစ်ကြီးနား၊ ဗန်းမော်၊ ကသာတို့၌ ပေါက်ရောက်လျက်
ဒေသခံပြည်သူများ၏ လုပ်ငန်းသုံးပစ္စည်းများ ဖြစ်ကြ၏။







ကချင်ပြည်နယ် ဧရာဝတီမြစ်ဖျားမှ တိုင်းရင်းသူ လှပျိုဖြူကလေး
များကလည်း သူတို့ဒေသမှထွက်သော ကြိမ်အတွက် ဂုဏ်ယူ
ကြသည်



သစ်တောထွက်ကြိမ်ကို အနုပညာလက်ရာအကွက်ဆန်းများဖြင့်
ပေါင်းစပ်လိုက် သည့်အခါ လှပတင့်တယ် ဝယ်ချင်စဖွယ်
ပစ္စည်းများအဖြစ်ရောက်ရှိလာရသည်။

| စဉ် | ကြိမ်အမည် | ရရှိနိုင်သည့်အရေအတွက် (ထောင်ပေါင်း) |
|---|---|---|
| ၁။ | ကပေါင်းကြိမ် | ၄၅၉.၃ |
| ၂။ | ဆင်ကြိမ် | ၂.၀ |
| ၃။ | သိုင်းကြိမ် | ၁၀၉.၈ |
| ၄။ | ဝါးအူကြိမ် | ၄.၀ |
| ၅။ | ကြိမ်ဖန် | ၇၄.၄ |
| ၆။ | ရေသွန်းကြိမ် | ၄၀၀.၀ |
| ၇။ | ဝါးပိုးကြိမ် | ၅၈.၀ |
| ၈။ | မျောက်တလွဲကြိမ် | ၀.၆ |
| ၉။ | ခါးဆက်ကြိမ် | ၁.၄ |
| ၁၀။ | ရမထာကြိမ် | ၁၈၃.၉ |
| ၁၁။ | တောင်ကြိမ် | ၃၈၁.၉ |
| ၁၂။ | နောက်ချေးကြိမ် | ၆.၀ |
| ၁၃။ | လယ်ဝါကြိမ် | ၃.၀ |
| ၁၄။ | နှင်းကျော့ကြိမ် | ၆၆.၀ |
| ၁၅။ | တုတ်ကြိမ် | ၆.၀ |
| ၁၆။ | ရေကြိမ် | ၂၁၈၃၈.၂ |
| ၁၇။ | ကြိမ်နီ | ၂၄၄၂၅.၁ |
| ၁၈။ | ကြိမ်ဝါ | ၁၁၅၂၀.၀ |
| ၁၉။ | မြစိမ်းကြိမ် | ၆၅၀.၁ |
| ၂၀။ | ကြိမ်နှာမောင်း | ၁.၀ |
| ၂၁။ | ကြိမ်တက် | ၂၁.၀ |
| ၂၂။ | ကလာကြိမ် | ၃၂၀.၀ |

❖ ❖ ❖ ❖ ❖

# အခန်း (၃)

## မြန်မာနိုင်ငံတွင် အသုံးများသော ကြိမ်များ

မြန်မာနိုင်ငံတွင် အသုံးများသော ကြိမ်များမှာ သိုင်းကြိမ်၊ ရေကြိမ်၊ ကြိမ်နီ၊ ကြိမ်ဖြူကလေး၊ ရမထာကြိမ်၊ ကပေါင်းကြိမ် သို့မဟုတ် သာပေါင်းကြိမ် သို့မဟုတ် လက်မဲကြိမ်၊ ကြိမ်ပုတ်၊ ကရေလီကြိမ်၊ ကြိမ်ခါး၊ ဝါးပိုးကြိမ်၊ ကြိမ်ဖန်နှင့် ကြက်ဥကြိမ်တို့ ဖြစ်ကြပါသည်။

**သိုင်းကြိမ်**

ပင်စည်ဖြောင့်မတ်၍ အရစ်များ ရှိသည်။ အပင်များတွင် အရွက်များ ထူထပ်သည်။ အရှည် ၁၂ ပေ-၁၈ ပေရှိ၍ အချင်း တစ်လက်မ-နှစ်လက်မရှိပြီး အဆစ်ကြားတိုသည်။ အရွက်သည် ၁၂ လက်မ-၁၈ လက်မရှည်၍ ရွက်မြွှာတို့သည် ၁၈ လက်မမှ ၂၄ လက်မရှည်သည်။ ရွက်ဖက်၊ ရွက်ညှာ၊ ရွက်မြွှာ၏ ကျောရိုးပေါ်တွင် တစ်လက်မခန့်ရှည်သော ဆူးပြားများ ရှိသည်။ ဖောင်များ အများဆုံးအသုံးပြုသည်။အကြမ်းလုပ်ငန်းများတွင်သာ အသုံးများပါသည်။

**ရေကြိမ်**

ပင်စည်မှာ လက်ခလယ်ချောင်းခန့်တုတ်၍ နွယ်တက်သော အပင်မျိုးလည်း ဖြစ်သည်။ အရွက်ပေါ်တွင် ဆူးရှည်များနှင့် ဆူးကြမ်း

အတိုများရှိသည်။ ရွက်မြွာကျောရိုးပေါ်တွင်လည်း ဆူးရှည်နှင့် ဆူးကောက်များရှိသည်။ ဖောင်များတွင် အသုံးပြုသည်။ ရေစိုသော အခါတွင် ရှည်၍ထွက်တတ်သောကြောင့် ၄င်းကြိမ်မျိုးနှင့် သစ်တိုင်း ခြင်းမပြုလုပ်ရန် တားမြစ်ထားသည်။ လူသုံးများသော ကြိမ်ဖြစ်သည်။ ခြင်းတောင်းကြိမ်များ ပြုလုပ်ရန်အတွက် ထူးထူးခြားခြားပြုပြင်ရန် မလိုပေ။ သို့ရာတွင် ကောင်းမွန်စွာ အခြောက်ခံခြင်းနှင့် ရင့်သော အပိုင်းများကို အသုံးပြုမှသာ ခိုင်ခံ့မည်ဖြစ်သည်။ အင်ဒိုနီးရှားနှင့် မလေးရှားဘာသာတွင် Tysoon ဟု ခေါ်ပါသည်။

## ကြိမ်နီ

ပင်စည် ၁/၄ - ၁/၃ လက်မခန့်ရှိပြီး သေးသွယ်ရှည်လျား၍ နွယ်တက် တတ်သည်။ အရွက်မှာ သုံးပေ-လေးပေ ရှည်သည်။ ရွက်မြွာတို့မှာ ၁၂ လက်မ-၁၅ လက်မရှည်၍ အကျယ် ၂" - ၃/၄ လက်မခန့်ရှိပြီး ကျောရိုးပေါ်တွင် တစ်ခုနှင့်တစ်ခု အကွာအဝေးညီမျှစွာ ပေါက်သည်။ ရွက်မြွာ ကျောရိုးရှိနေသဖြင့် ညအခါတွင် ၄င်းအပေါ်၌ သံချေးရောင် အမွေးနုကလေးများပါရှိ၍ နီညိုရောင်ဆူးကလေးများ ရှိသည်။ မြန်မာနိုင်ငံ အရပ်ရပ်တွင် လူသိများ၍ နိုင်ငံအတွင်း အများဆုံး အသုံးပြုသော ကြိမ်မျိုးဖြစ်ပါသည်။

## ကြိမ်ဖြူကလေး

သေးသွယ်၍ နွယ်တက်သော အပင်မျိုးဖြစ်ပါသည်။ ဆူးအနည်း ငယ်သာ ရှိသည်။ အရွက်များမှာ တစ်နေရာတည်းတွင် စုပြုံ၍ ထွက်တတ်သည်။ ရွက်ခြောက်အများအပြားရှိ၍ ရှစ်လက်မ - ၁၂



လက်မရှည်ပြီး ၁/၂ လက်မ- ၃/၄ လက်မအကျယ် ရှိလေသည်။ ရွက်မြွာနှစ်စုံမှ ခြောက်စုံအထိ ရှိပါသည်။ ဤကြိမ်မျိုးကိုပင် ထားဝယ် ကြိမ်ဟု ခေါ်ဟန်တူပါသည်။

## ရမထာကြိမ်

ကြီးမားခိုင်ခံ့သော နွယ်တက်သည့် ကြိမ်မျိုးဖြစ်၍ ပင်စည်မှာ ပေ ၁၀၀ ထက် ပိုရှည်သည်။ အရွက်ဖတ်မပါ။ အချင်း တစ်လက်မ ခန့်ရှိ၍ တစ်ဆစ်လျှင် ၁၃ လက်မခန့် ရှည်သည်။ အရွက်သည် ရှစ်ပေ - ၁၂ ပေရှည်၍ ရွက်မြွာတို့မှာ ကျောရိုးရှည်၏။ တစ်ဖက် ထဲတွင် အစုလိုက်ပေါက်သည်။ ရွက်မြွာသည် ၁၀ လက်မ - ၂၀ လက်မ ရှည်၍ တစ်လက်မမှ လေးလက်မအထိ ကျယ်သည်။ ရွက်မြွာ ကျောရိုးတွင် ပျော့ပျောင်းသော နှာမောင်းများ ထွက်သည်။ ဖောင်များ တွင် အများဆုံး အသုံးပြုသည်။ ခြင်းလုံးပြုလုပ်ရန် အကောင်းဆုံး ဖြစ်သည်။ နိုင်ငံခြားဈေးကွက်တွင် လူကြိုက်များသည်။ ပရိဘောဂ လုပ်ရန် အကောင်းဆုံးဖြစ်ပါသည်။ အင်ဒိုနီးရှားနှင့် မလေးဘာသာတွင် MANNA ဟု ခေါ်ပါသည်။

## ကပေါင်းကြိမ်သို့မဟုတ် သာပေါင်းကြိမ် သို့မဟုတ် လက်မဲကြိမ်

နွယ်တက်တတ်သော အပင်မျိုးဖြစ်၍ အချင်း တစ်လက်မထက် ပို၍ ကြီးသည်။ အရွယ်သည် ၁၀၀ ပေရှည်၍ ရွက်မြွာတို့မှာ ၁၁/၁၂ ရှည်ပြီး သုံး/လေးလက်မအကျယ်ရှိသည်။ ရိုးတံနှင့် ရွက်မြွာကျောရိုး ပေါ်တွင် ၁၁/၁၂ လက်မခန့်ရှည်သော ဆူးများရှိသည်။ ပရိဘောဂ လုပ်ငန်းသုံး ဖြစ်ပါသည်။ နိုင်ငံခြားဈေးကွက်ဝင်သည်။ အင်ဒိုနီးရှားနှင့် မလေးဘာသာတွင် MANAA ဟု ခေါ်ပါသည်။

## ကြိမ်ပုတ်

ရွက်မြွာသည် ၃၀ လက်မခန့်ရှည်၍ နှစ်လက်မအကျယ်ရှိပြီး အောက်ဘက်တွင် အဖြူရောင်ဖြစ်သည်။ ကြိုးအစား အသုံးပြု၍ ဒုတိယတန်းစား ပရိဘောဂတွင် အသုံးဝင်ပါသည်။

## ဘရေလီကြိမ်

သေးသွယ်သော နွယ်တက်ပင်မျိုးဖြစ်၍ နေရာကျယ်ပြန့်စွာ ကြိမ်တောများအဖြစ် ပေါက်ရောက်ပါသည်။ အရွက်ဖတ်မပါသော ပင်စည်သည် အချင်း ၁/၄ - ၁/၂ လက်မ ရှိသည်။ အရွက်သည် ၁ ၁/၂ ပေ၊ မှ နှစ်ပေထိရှည်သည်။ ရွက်မြွာသည် ခြောက်လက်မ-၁၂ လက်မရှည်၍ ၁/၃ လက်မမှ ၁/၂ လက်မကျယ်သည်။ ရိုးတံနှင့် ရွက်မြွာ ကျောရိုးပေါ်တွင် ဆူးတစ်ခုစီ ရှိသည်။ ပရိဘောဂလုပ်ငန်းတွင် သုံးစွဲ၍ ခွဲစိတ်ရန် လွယ်ကူသော ကြိမ်မျိုးဖြစ်ပါသည်။

## ကြိမ်ခါး

အရွက်များသည် အပင်ထိပ်တွင် စုပြုံထွက်၍ အပင်ငယ်စဉ်နှင့် တောပြင်တွင်ပေါက်သည့်အခါ တည့်တည့်မတ်မတ်ထောင်လျက် ပေါက်သည်။ အများအားဖြင့် တွယ်တက်သော ကြိမ်မျိုးဖြစ်သည်။ ပင်စည်မှာ သေးသွယ်ရှည်လျား၍ ရွက်ဖတ်မပါလျှင် အချင်း ၁/၂ လက်မ၊ ၃/၄ လက်မရှိသည်။ အဖူးနှင့်အရွက်တို့အပေါ်တွင် အဖြူမှုန့် ကလေးများ ရှိသည်။ အရွက်တို့သည် သုံးပေ - ငါးပေရှည်သည်။ ရွက်မြွာတို့မှာ အစုလိုက်ပေါက်၍ ရွက်တံရိုးတံနှင့် ရွက်မြွာကျောရိုး ပေါ်တွင် ၁/၂ လက်မ - ၁ ၁/၂ လက်မရှည်သော ဆူးများရှိသည်။ အဖူးအညွန့်များကို ဟင်းသီးဟင်းရွက်အဖြစ် စားသုံး၍ အပင်ရင့်ကိုမူ နွားမောင်းကြိမ်အဖြစ် အသုံးများလေသည်။



## ဝါးပိုးကြိမ်

ပင်စည်၏အချင်း ၃/၄ လက်မခန့်သာရှိ၍ သေးသွယ်ပြီး တွယ်တက်သောအမျိုးဖြစ်သည်။ ကိုင်းခွထွက်တတ်သည်။ သန်စွမ်းသောနှာမောင်း ၂-၄ သို့ ရွက်မြွာကျောရိုးပေါ်မှ ထွက်သည်။ ရွက်မြွာတို့မှာ အနားတွန့် (Rhom Brid) ပုံသဏ္ဍာန်ဖြစ်ပါသည်။

## ကြိမ်ဖန်

ကြီးမားသော နွယ်တက်ကြိမ်မျိုးဖြစ်၍ အဆစ်များတိုသည်။ ရွက်မြွာတို့မှာ အစုံလိုက်သော်လည်းကောင်း၊ သုံးခုတွဲသော်လည်း ကောင်းပေါက်၍ ရှစ်လက်မ- ၂၄ လက်မရှည်ပြီး နှစ်လက်မမှ သုံးလက်မအထိ ကျယ်သည်။

## ကြက်ဥကြိမ်

သေးသွယ်၍ အချင်း ဝ.၃ လက်မခန့်ရှိပြီး အဆစ်၊ အရှည်မှာ ငါးလက်မမှ ကိုးလက်မအထိရှည်သည်။ အဖြူသို့မဟုတ် ကြက်ဥရောင်ရှိ၍ ကုလားထိုင်၊ ထိုင်ခုံနှင့် နောက်မှီများအတွက် ပြည်တွင်း ပြည်ပရောင်းတန်းဝင်ကြိမ်များတွင် ပထမတန်းစားဖြစ်ပါသည်။ အင်ဒိုနီးရှားနှင့် မလေးဘာသာတွင် SEGA ဟု ခေါ်ပါသည်။

❖ ❖ ❖ ❖ ❖

# အခန်း (၄)

## ကြိမ်သမိုင်းကြောင်း တစေ့တစောင်း

ကြိမ်သည် သဘာဝပေါက်ပင်ဖြစ်ပြီး လွန်ခဲ့သောနှစ်ပေါင်းများစွာမှ (ခရစ်တော်ပေါ်ပြီး နှစ်ပေါင်းတစ်ရာကျော်) ကြိမ်၏စွမ်းရည်ကိုသိလာကြကာ လူသုံးကုန်ပစ္စည်းအဖြစ် တရုတ်ပြည်နှင့် အိန္ဒိယပြည်တွင် စတင်သုံးစွဲလာကြသည်။ တရုတ်နှင့် အိန္ဒိယပြည်တွင် စတင်အသုံးပြုသော ကြိမ်ပရိဘောဂများကို ကမ္ဘာ့အနောက်ခြမ်းဒေသသို့ အင်္ဂလိပ်ပိုင် အရှေ့အိန္ဒိယကုမ္ပဏီမှ စတင်ရောင်းချသဖြင့် လူကြိုက်များကာ ကမ္ဘာ့အရပ်ရပ်သို့ ပျံ့နှံ့သွားခဲ့ပါသည်။[၁]

ကြိမ်ထည်ပစ္စည်းများသည် လှပပေါ့ပါးခြင်း၊ ရှန်းပြန်သတ္တိရှိခြင်း၊ ခိုင်ခံ့ခြင်းတို့ကြောင့် လူသုံးကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ရာတွင် လူသားများ နှစ်သက်စွာဝယ်ယူကြပါသည်။ (၁၇) ရာစုတွင် အင်္ဂလန်နှင့် နယ်သာလင်နိုင်ငံတို့တွင် ကြိမ်ပရိဘောဂပစ္စည်းများ ရေပန်းစားသည်။ လူကြိုက်များသည်။ (၁၈) ရာစုတွင် အမေရိကန်ပြည်ထောင်စု၊ စပိန်၊ ပြင်သစ်နိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ကြိမ်နှင့်ကြိမ်ပရိဘောဂပစ္စည်းများ အရောင်းသွက်ကာ ကြိမ်ဈေးကွက်

---

၁။ သောမတ်ရှာရဲတန် (Thomas Sheraton) ၁၈၀၂ ခုနှစ်တွင် ပြုစုသော The CHBINET DICTION ARIL တွင် ကြိမ်၏ လှပမှု၊ ပေါ့ပါးမှု၊ ရှန်းပြန်သတ္တိ၊ သန့်ရှင်းမှု၊ ခိုင်ခံ့မှုတို့ကို အထူးဖော်ပြထားသည်။





ဖြစ်ပေါ်လာသည်။ ထို့ကြောင့် အရှေ့အိန္ဒိယကုမ္ပဏီသည် မြန်မာပြည်မှ အလေ့ကျပေါက်သော ကြိမ်တောကြီးများကို တွေ့ရှိပြီး ကွက်ကျော်မြင်ကာ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးတို့ဖြင့်ရယူရန် အမျိုးမျိုးကြိုးစားခဲ့ကြသည်။ မြန်မာပြည် ရခိုင်ရိုးမပေါ်ရှိ ကရင်ဝါးတောကြီးမှာ ဧကနှစ်သန်းကျော်ကျယ်ပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သည်ဟုဆိုပါသည်။ သစ်တောကြီးတွင် အပင်မျိုးစုံ ရောနှောပေါက်ရောက်လေ့ရှိရာ ကြိမ်ပင်များလည်း သစ်တောကြီးများအတွင်း ပျံ့နှံ့စွာ ပေါက်ရောက်နေကြပါသည်။

မြန်မာနိုင်ငံသည် သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းသားဆွေမျိုးများ စုပေါင်းနေထိုင်ခဲ့ရာနိုင်ငံဖြစ်ပါသည်။ မြန်မာလူမျိုးတို့သည် ရှေးကာလကပင် နှစ်ပေါင်းထောင်ချီ၍ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ဂုဏ်ထည်ဝင့်ကြွားစွာ နေထိုင်ခဲ့ကြသည့် လူမျိုးများဖြစ်သည်နှင့်အညီ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုများကိုလည်း ထူထောင်ကာ နိုင်ငံခြားယဉ်ကျေးမှုများ မလွှမ်းမိုးစေရန် ကာကွယ်ထိန်းသိမ်းခဲ့ကြသည်။ ကိုယ်ပိုင်ယဉ်ကျေးမှုကို မြတ်နိုးသူများဖြစ်ကြပါသည်။ မြန်မာတိုင်းရင်းသားအများစုသည် ကျေးလက်တောရွာများတွင် မိမိတို့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များနှင့်အညီ ရိုးသားစွာ နေထိုင်လာခဲ့ကြသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေးကို တိုင်းရင်းသားနိုင်ငံသားအားလုံး၏ တာဝန်အဖြစ် ခိုင်ခိုင်မာမာသတ်မှတ်ထားကာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။ ထို့အတူ နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသများတွင်လည်း ဒေသထွက်ကုန်များ တိုးတက်ထုတ်လုပ်လျက်ရှိရာ ကြိမ်လက်မှုလုပ်ငန်း

သည် မြန်မာတို့၏ ကျေးလက်ယဉ်ကျေးမှုလက်မှုအနုပညာဖြစ်ပြီး ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ပါ ထိုးဖောက်၍ နိုင်ငံခြားဝင်ငွေရရှိအောင် စွမ်းဆောင်လျက်ရှိနေပါသည်။

❖ ❖ ❖ ❖ ❖

# အခန်း (၅)

## ဆေးဖက်ဝင်ကြိမ်ပင်

ကြိမ်သည် လူသားတို့အတွက် ဘက်စုံသုံးပီသလှပါသည်။ တောင်သူလယ်သမားတို့၏ နှင်တံမှအစ ဟင်းလျာ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂ၊ အားကစားသုံးပစ္စည်းစသည်ဖြင့် အမျိုးမျိုးအသုံးဝင်သကဲ့သို့ လူသားတို့ကျန်းမာရေးအတွက် ဆေးဖက်လည်းဝင်ပါသည်။

ကြိမ်ပင်၏ဆေးဖက်ဝင်ပုံကို မြန်မာ့ဆေးကျမ်းများ၌ ဤသို့တွေ့ရပါသည်။ နီဃဏ္ဍုကျမ်းများ၌ ကုန်းကြိမ်၊ ရေကြိမ်၊ ကုန်းကြိမ်ကြီး၊ ရေကြိမ်ကြီးဟူ၍ လေးမျိုးခွဲထားပါသည်။

ကုန်းကြိမ်နှင့်ပတ်သက်၍ ပဥ္စငါးပါးကိုသုံးရ၏။ အရသာဖန်၊ ခါး၏။ အေးသောသတ္တိရှိ၏။ ကြေညက်သွားသောအခါ (ဝိပါက) ဥ်စပ်၏။

ထက်မြက်၏။ အဆိပ်ကိုပယ်တတ်၏။ ဒေါသသုံးပါးကိုနိုင်၏။ အပူဖောရောင်ခြင်း၊ သရိုက်ကျောက်တည်၊ ဆီးအောင့်၊ ရေယုန်၊ ဝက်သက်၊ သွေးဖောက်ပြန်၊ ယောနိနာ၊ ရေငတ်၊ အနာပေါက်၊ တုလာသရော၊ သွေးအန်၊ သွေးကျ၊ အဆိပ်နူနာစသည်ကို ပယ်ဖျောက်တတ်၏။ ကြိမ်ညွန့်သည် ငန်စပ်၏။ ပူ၏။ ကြေလွယ်၏။ လေ၊

သလိပ်ကိုနိုင်၏။ အရွက်သည် ဖန်ခါး၏။ အေး၏။ ကြေလွယ်၏။ ဝမ်းသက်၏။ သွေးဖောက်ပြန်ခြင်းကို ပယ်တတ်၏။ လေ၊ သလိပ်ကို ပယ်တတ်၏။ အစေ့သည်ဖန်ချဉ်၏။ ခြောက်ကပ်စေ၏။ သည်းခြေကို ဖြစ်စေတတ်၏။ သလိပ်နှင့် သွေးဖောက်ပြန်မှုကို ပယ်တတ်၏။

ရေကြိမ်နှင့်ပတ်သက်၍ ပဋ္ဌငါးပါးကို သုံးရ၏။ အရသာ ဖန်ခါး၏။ သတ္တိအေး၏။ ကြေညက်သွားသောအခါ (ဝိပါက) ဥ္မစပ်၏။

ချုပ်ပြေ၊ လေကိုဖြစ်စေတတ်၏။ ခြောက်ကပ်၏။ သည်းခြေနှင့်သွေးဖောက်ပြန်ခြင်းကိုလည်းကောင်း၊ သလိပ်ကိုလည်းကောင်း နိုင်၏။ အနာကို စင်ကြယ်အောင် ပြုတတ်၏။ သွေးအန်၊ သွေးကျ ရက္ခဖမ်းစားခြင်း၊ ဂြိုဟ်ဖမ်းစားခြင်းစသည်တို့ကို အကျိုးပြု၏။

ကုန်းကြိမ်ကြီးသည် အေး၏။ သည်းခြေကို နိုင်၏။ အာမ ဒေါသ၊ အစာအိမ်ချဉ်၊ တုန်လှုပ်ခြင်း၊ ဘုတ်ဖမ်းစားခြင်းတို့ကို ပျောက်ကင်း၏။ ကြိမ်ရိုးရိုးအာနိသင်နှင့်လည်း အကျုံးဝင်၏။

ရေကြိမ်ကြီးသည် ဖန်ခါး၏။ အေး၏။ ခြောက်ကပ်စေ၏။ အနာကို သုတ်သင်တတ်၏။ သွေးဖောက်ပြန်၏။ သည်းခြေနှင့် သလိပ်ကို ပယ်စေတတ်၏။

မြန်မာ့ဆေးကျမ်းများ၏ ဖော်ပြချက်အရ ကြိမ်ပင်သည် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

## ကြိမ်ဖြင့်အရိုးအစားထိုးကုသခြင်း

ကြိမ်ဖြင့် အရိုးအစားထိုးကုသမှုကို အရိုးပါရဂူများက သုတေသနပြုဆောင်ရွက်ခဲ့ကြရာ အောင်မြင်ကြောင်း သိရှိရပါသည်။ အဆိုပါ



သုတေသနလုပ်ငန်းကို ဥရောပသမဂ္ဂရန်ပုံငွေဖြင့် အီတလီနိုင်ငံတွင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ လူသားအရိုးအဆစ်ကဲ့သို့ပင် ကောင်းမွန်ကြောင်း တွေ့ရှိခဲ့ကြသည်။ Bolog မြို့နားတွင် Eserza မြို့ရှိပါသည်။ ထိုမြို့တွင် Istec Labaratory of Biocenomics ဟူသော ဓာတ်ခွဲခန်းကြီးရှိသည်ဟု ဆိုပါသည်။ သုတေသနပြုချက်အရ ကြိမ်မှ ရရှိသော အရိုးကို သိုးများတွင် ထည့်သွင်းပြီး စမ်းသပ်ခဲ့ရာ အခြေအနေ အလွန်ကောင်းသည်ဟု ဆိုပါသည်။

ပထမဦးစွာ ကြိမ်ချောင်းများကို အတုံးကလေးများဖြစ်အောင် လုပ်ရသည်။ ကြိမ်တုံးကလေးများကို Complex Chemical process ဖြင့် ပြုပြင်ရသည်။ ပြီးလျှင် မီးပြင်းတိုက်သည်။ ကာဗွန်နှင့် ထုံးဓာတ်ပေါင်းပြီးသည့်အခါ Oven-Like Machine ထဲတွင် Intensive pre Sbure နှင့် အပူပေးရသည်။ ဖိအားများဖြင့် အပူပေးသည်။ ပြီးလျှင် မီးစူးဓာတ်နှင့် ပေါင်းထည့်ရပြန်သည်။

ကြိမ်ကို ယင်းကဲ့သို့ ပြုပြင်လိုက်လျှင် ဆယ်ရက်ခန့်အကြာ၌ အရိုးလိုပစ္စည်းရရှိသည်ဟု ဆိုပါသည်။ ဤသုတေသနလုပ်ငန်းကို Dr, Anna Tampier က ဦးဆောင်ပါသည်။ အဆိုပါ ပါရဂူကြီး၏ ပြောကြားချက်အရ ကြိမ်ဖြင့် လုပ်၍ရလာသော ပစ္စည်းသည် အလွန်ကောင်းမွန်ကြောင်း၊ အလေးချိန် ဒဏ်ခံနိုင်ကြောင်း၊ အရိုးအဆစ်ခိုင်ခံ့မှုရှိကြောင်း၊ ဝန်လေးထမ်းနိုင်ကြောင်း သိရှိရပါသည်။

ယင်းသုံးစွဲခဲ့သော ပစ္စည်းများက ကြိမ်ဖြင့် ပြုလုပ်သော ပစ္စည်းလောက် မခိုင်ကြောင်း၊ ပြန်ပြီး အစားထိုးရသည်ဟု ဆိုပါသည်။ ပါရဂူများသည် သစ်သားမျိုးစုံဖြင့် စမ်းကြည့်ခဲ့ဖူးပါသည်။ ကြိမ်က အကောင်းဆုံး ဖြစ်နေပါသည်။ ကြိမ်၏ အသားတည်ဆောက်ပုံက

လည်း ထူးဆန်းသည်။ အပေါက်ငယ်များ အများကြီးပါသည်။ လူသားအရိုး ကဲ့သို့ပင် ဖြစ်သည်။ အပေါက်ငယ်ကလေးများထဲသို့ သွေးကြောများ ဖြတ်သန်းနိုင်သည်ဟု ဆိုသည်။

သုတေသီများသည် ယခင်ကလည်း နည်းမျိုးစုံဖြင့် စမ်းသပ်ခဲ့ကြပါသည်။ ယခုတွေ့ရှိသော ပစ္စည်းသည် လူသားအရိုးအဆစ်နှင့် အတူဆုံးပင်ဖြစ်သည်။ ပစ္စည်း၏ အားသာချက်မှာ နဂိုရှိပြီးသား အရိုးနှင့် ဆက်သွားပါသည်။ နောက်ပိုင်းတွင် အရိုးအစစ်နှင့်အတူ ဆက်သွားသည်မှာ အလွန်ကောင်းသဖြင့် ဆက်သည့်အရာပင် ရှာမတွေ့အောင် ရှိသည်ဟု ဆိုပါသည်။ တစ်သားတည်းဖြစ်သွားပါသည်။



**အရိုးအစားထိုးကုသမှုတွင် ကြိမ်ကို အောင်မြင်စွာ အသုံးချနိုင်ခဲ့သည့် အီတလီအရိုးပါရဂူကြီးပါမောက္ခ Maurillo Manacci**





**ကြိမ်ကို ပြုပြင်ထုတ်လုပ်ထားသည့် အရိုးတု (အပေါ်) ကြိမ်အရိုးအတုဖြင့် သိုးခြေထောက်တွင် အစားထိုးစမ်းသပ်ခဲ့ပြီး သုံးလအကြာတွင် အရိုးအစစ်နှင့်အတု တစ်သားတည်းဖြစ်သွားပုံ၊ ဓာတ်မှန်အထောက် အထား (အောက်ပုံ)။**

ဤပစ္စည်းကို Bologna University Hospital တွင်လည်း လေ့လာနေသည်ဟု သိရပါသည်။ အဆိုပါဆေးရုံမှာ istec Labara -tory of Biocenomics နှင့် နီးသည်။ ဆေးရုံကြီးတွင်ရှိသော အရိုးအထူးကု ဆရာဝန်ကြီး Maurillo Manacci နှင့် အဖွဲ့က သိုးများကို လေ့လာနေပါသည်။ အလားအလာလည်း ကောင်းနေပါသည်။ ပညာရှင်များ၏ စိတ်ကြိုက်ဖြစ်သွားသည့်အတွက် အရိုးအထူးကု ဆရာဝန်ကြီး Maurillo Manacci က ကြိမ်ဖြင့် ပြုလုပ်သော အဆိုပါပစ္စည်းကို Holy Grail ဟု တင်စားခေါ်ဝေါ်ကြောင်း သိရှိရပါသည်။

❖ ❖ ❖ ❖ ❖

## အခန်း (၆)

## ကြိမ်နှင့် မြန်မာ့ရိုးရာဒေါင်းရွေ့လုပ်ငန်း

ဒေါင်းရွေ့အတတ်ပညာသည် မြန်မာ့ရိုးရာအိမ်တွင်းမှုလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ရှေ့အထက်ကျော်ကာရီကပင် တောင်သူလယ်သမားကြီးများ တတ်ကျွမ်းကြပါသည်။ အိမ်တွင်းမှုလုပ်ငန်းတစ်ရပ်ဖြစ်ခြင်းကြောင့် အမျိုးသမီးနှင့် ကလေးများပင် ထိုလုပ်ငန်းကို လုပ်ကိုင်လေ့ရှိသည်။ ဒေါင်းရွေ့အတတ်ပညာအရ ရှေးအခါက ခေါ်ဝေါ်သုံးစွဲခဲ့ကြသော လုပ်ငန်းပညာမှာ ယခုအခါ တောင်း၊ တင်း၊ ဖျာ၊ ဆန်ကောစသော ကျူ၊ ကြိမ်၊ ဝါးစသည်တို့ဖြင့် ရက်လုပ်သော အိမ်သုံးပစ္စည်းပညာရပ်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဒေါင်းရွေ့အတတ်ပညာဟူသည်ကား ကျူ၊ ဝါး၊ ကြိမ်တို့အား အသုံးပြု၍ တင်း၊ တောင်း၊ ဖျာ၊ ဆန်ကော၊ ဆန်ခါစသည့်ပစ္စည်းများ ရက်လုပ်သည့်အတတ်ပညာဖြစ်သည်။ အဆိုပါပညာရပ်သည် မြန်မာ့ရိုးရာ အိမ်တွင်းမှုလုပ်ငန်းတစ်ခုဖြစ်သည်။ ကျေးလက်ဓလေ့ပျော်မွေ့ဖွယ် ပညာရပ်တစ်ခုလည်းဖြစ်သည်။ မြန်မာ့သုခုမလက်ရာပန်းဆယ်မျိုးဝင် ပန်းယွန်းပညာရပ်နှင့်လည်း ဆက်စပ်လျက်ရှိပါသည်။

မြန်မာပညာရှိကြီး ဦးဖိုးလတ်၏ "မြန်မာစကားအဖွင့်ကျမ်း (မြန်မာအဘိဓာန်ဋီကာ) ဖြည့်စွက်တွဲ၊ စာမျက်နှာ ၂၂၇-၂၂၈ တွင်"





ဒေါင်းရွေ့၊ ဒေါင်းရွေးဆိုသည်မှာ ဝါး၊ ကျူ၊ ကြိမ်၊ သင်၊ ထန်းရွက်၊ ထန်းခေါက်စသည်တို့ကို စိတ်ဖြာ၍ ဖျာခရိုင်၊ တောင်းခွက်၊ ပုတီး၊ လင်ဗန်း၊ ဆန်ကောစသော လူ့အသုံးအဆောင်ပစ္စည်းများ ရက်လုပ်သူဖြစ်ကြောင်း သိရာ၏။ ဒေါင်းရွေ့၊ ဒေါင်းရွေးတို့၏ လုပ်ငန်းမှာလည်း ဝါး၊ ကြိမ်၊ ကျူ၊ သင်၊ ထန်းရွက်၊ ထန်းခေါက်စသည်တို့ကို နှီးဖြစ်အောင် ဖြာ၍၊ လွှာ၍လိုရာပစ္စည်းကို ရက်လုပ်သောလုပ်ငန်းပင်ဖြစ်သည်" ဟု ရှင်းလင်းဖွင့်ဆိုထားပါသည်။

ကျူ၊ ကြိမ်၊ ဝါးတို့ဖြင့် ရက်လုပ်သော အိမ်သုံးပစ္စည်းများမှာ မြန်မာအိမ်တိုင်း၌ မရှိမဖြစ်အသုံးဝင်သော ပစ္စည်းများဖြစ်ခြင်းကြောင့် ထင်ရှားသော မြန်မာ့လုပ်ငန်းတစ်ရပ်အနေဖြင့် ရှေးက စာဆိုကြီးများသည် ထိုလုပ်ငန်းကို မှတ်တမ်းတင်ခဲ့ကြပါသည်။ ပုခန်းမြို့မင်းကျောင်းဆရာတော်၊ အရှင်ကုမာရကဿပ၏ သက္ကရာဇ် ၉၈၇ ခုနှစ်က ရေးသားခဲ့သော ဓမ္မရာသီပျို့တွင်-

"ဆစ်ရှည်တင်းဝါး၊ မြက်သိုက်များနှင့် မြစ်နားတစ်ခွင်၊ ကျူပင်မကြွင်း၊ တောင်းတင်းကွပ်ချော၊ ဆန်ကောဆန်ခါ၊ ဗန်းပြာပုတ်ကတ်၊ သရိုင်းရက်မှု၊ ပြန်ပြက်မည်ဇစ်၊ ဒေါင်းရွေ့ဖြစ်၏" ဟူ၍ အနုပညာတစ်ရပ်ဖြစ်သော ဒေါင်းရွေ့လုပ်ငန်းကို စပ်ဆိုထားပါသည်။

အထက်ပါအရှင်ကုမာရကဿပတင်ပြသော ဒေါင်းရွေ့အကြောင်းစာမှာ ဒုတိယအင်းဝခေတ် အနောက်ဘက်လွန်မင်းတရားကြီးလက်ထက်က ဖြစ်ပါသည်။ ထိုအလျင်ကပင် ထိုလုပ်ငန်းရှိနေပြီဖြစ်ကြောင်းကိုသာ တင်ပြခြင်းဖြစ်ပါသည်။ အချို့စာဆိုပုဂ္ဂိုလ်ကြီးများ၏ ဖော်ပြချက်တွင် အဆိုပါပညာကို "ဒေါင်းရွေး" ဟူ၍ ဝစ္စပေါက်နှင့်ဖော်ပြသည်ကို တွေ့ရပါသည်။

သက္ကရာဇ် ၁၁၈၈ ခုနှစ်က ရေးသားခဲ့ပြီး ၁၁၈၉ ခုနှစ်တွင် ပြီးစီးခဲ့သော မုံရွေးဇေတဝန်ဆရာတော်၏ကုသပျို့တွင်–

"နင္ဂကာရ၊ မည်သာခေါ်ရေး၊ ဒေါင်းရွေးလည်းဟူ၊ ကျူထရံကာ၊ နီးလွှာသမား၊ ကပ်ဝါးခွဲခြမ်း၊ အမှုထမ်း၍၊ စာတမ်းစဉ်လာ၊ ရိုင်ဖျာတောင်းခွက်၊ ရက်လေ" မျှငယ်သာ မှားဦး၊ နေ့တိုင်းခူးသည်၊ အမျုးကြီးထံ၊ နည်းခံလိုကြောင်း၊ ပန်တွာတောင်း၍၊ ရေးဟောင်းကဲ့သို့၊ ထန်းရွက် တို့ကို၊ အချို့လျော်ရာ၊ ဖျာကျူသရိုင်၊ နေထိုင်အိပ်ရုံ၊ ခြံဖွယ်ဝတ်ဖွယ်၊ လူဝယ်ရှေ့ထုံး၊ သုံးလေသမျှ၊ ရာဇလက္ခဏာ၊ မင်းရာစိုးထိုက်၊ သိမ်းပိုက်သဖြင့်၊ သင့်ရာလျော်ရာ၊ ဉာဏ်စကြာဖြင့်၊ ဖာနှင့်ပလုပ်၊ ပူပခြုပ်သည်၊ ကျင်အုပ်ကြုပ်ခွက်ရိုင်ဖျာတည်း" ဟု စပ်ဆိုထားပါသည်။ ထို့ကြောင့် ရှေးက မြန်မာ့ရိုးရာအသုံးအဆောင်ဖြစ်သော ဖာ၊ ပလုပ်၊ ပခြုပ်၊ ကြုပ်၊ အုပ်၊ ကြပ်၊ ခွက်၊ ရိုင်၊ ဖျာစသည်တို့မှာ ဝါး၊ ကြိမ်၊ ထန်းတို့မှ ပြုလုပ်သော ပစ္စည်းများဖြစ်ကြောင်း သိရပါသည်။

ဒေါင်းရွှေနှင့် ဒေါင်းရွေးအခေါ်အဝေါ်ချင်း လွဲရသည်မှာ ခေတ်အလျောက်လွဲခြင်းဖြစ်မည်ဟု ယုံကြည်ရပါသည်။ ဒေါင်ရွှေဟုခေါ်သော ခေတ်နှင့်ဒေါင်းရွေးဟုခေါ်သော ခေတ်သည် နှစ်ပေါင်း ၂၀၀ ကျော် ကွာခြားခဲ့ပါသည်။ မည်သို့ပင်ဆိုစေ ထိုပညာ၏ လုပ်ငန်းကား ကျူ၊ ကြိမ်၊ ဝါးတို့ကိုရက်လုပ်သော အနုပညာ လုပ်ငန်းသာလျှင်ဖြစ်ပါသည်။ ပန်းယွန်းအတတ်ပညာမှာ ဒေါင်းရွှေအတတ်ပညာကို မွမ်းမံခြယ်လှယ်သောပညာ ဖြစ်ပါသည်။ ဒေါင်းရွှေပညာဖြင့် အကြမ်းလုပ်ထားသော အဖြူထည်ပစ္စည်းကို သစ်စေးသရိုးလိမ်းကျံခြင်း၊ သွန်းထိုးခြင်း၊ ရွှေချခြင်းများပြုလုပ်၍ အမွမ်းတင်သောအခါ ပန်းယွန်းပညာအဖြစ် ပြောင်းလဲသွားပါသည်။ ထို့ကြောင့် ဒေါင်းရွှေနှင့် ပန်းယွန်းပညာမှာ နီးစပ်သောကြောင့် အကြမ်းနှင့် အနုကွာခြားသည်ဟု တစ်နည်းဆိုဖွယ်ရှိပါသည်။



ဝါးဖြင့် ပြုလုပ်သော အိမ်သုံးပစ္စည်း ရိုင်၊ ဖျာ၊ တောင်း၊ ခွက်မှတစ်ပါး ကျူနှင့် ကြိမ်ကို ပြုလုပ်သော ပူ၊ ပလုပ်၊ ပခြုပ်၊ အုပ်၊ ကြုပ်၊ ကျပ်၊ ဖာစသည်တို့မှာလည်း ပုံစံအမျိုးမျိုး၊ အရွယ်အစားစားရှိကြပါသည်။ ကြိမ်ဖြင့် ပြုလုပ်သော အထည်ပစ္စည်းများမှာ လှပခိုင်ခံ့သဖြင့် ထီးသုံးနန်းသုံးပစ္စည်းများအဖြစ် ရှေးကအသုံးများခဲ့ကြသည်။ ရှေးမြန်မာကြီးများသည် ကြိမ်ကို နိုင်နင်းစွာ အသုံးချတတ်ကြသဖြင့် ကြိမ်ထည်ပစ္စည်းများသည် ဘိုးဘွားဘီဘင်လက်ထက်တိုင်အောင် သုံးစွဲခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် ကြိမ်ကို အသုံးပြုလာခဲ့ကြသော်လည်း ယခုတိုင်သုံး၍မကုန်၊ ရောင်း၍မကုန်နိုင်အောင်ပေါများလှသည်။ ၁၉၆၇ ခုနှစ် မြန်မာ့သစ်တောဌာနအစီရင်ခံစာအရ မြန်မာတစ်နိုင်ငံလုံးတွင် စနစ်တကျ ကြိမ်ကို ထုတ်ယူမည်ဆိုပါက ကြိမ်လုံးရေ ၆၇ သန်းမျှ ရရှိနိုင်ကြောင်း သိရှိရပါသည်။ ကြိမ်အမျိုးအစားများမှာ အကြမ်းအားဖြင့် ကြိမ်ကြီးဟုခေါ်သော ကြိမ်ရှည်အလုံးကြီးမျိုး၊ သိုင်းကြိမ်၊ ကြိမ်ဖန်၊ ဆင်ကြိမ်၊ ဝါးအူကြိမ်၊ ကြိမ်နှာမောင်း၊ ခပေါင်းကြိမ်စသည်တို့ ဖြစ်ပါသည်။ ထို့ပြင် အလတ်စားကြိမ်မျိုးမှာ ရမထာကြိမ်၊ နက်ကျော်ကြိမ်၊ လက်ဝါးကြိမ်၊ တောင်ကြိမ်စသည်တို့ဖြစ်၍ ကြိမ်အသေးစားများမှာ ကြိမ်ဖြူလေး၊ ရေကြိမ်၊ ကြိမ်နီ၊ ကြိမ်ပုပ်၊ မြစိမ်းကြိမ်၊ ကြက်ဥကြိမ်၊ ထားဝယ်ကြိမ်စသည်တို့ ဖြစ်ကြပါသည်။ အမျိုးအမည်အားဖြင့် ၃၀ ကျော်မျှလောက်ရှိ၍ အမျိုးအမည်မသိသေးသော ကြိမ်များလည်း များစွာရှိပါသည်။

## ကြိမ်ဝါးတို့ဖြင့် တင်းတောင်းရက်လုပ်နည်း

နဋ္ဌကာရာခေါ် ဒေါင်းရွှေအတတ်ပညာသည် မြန်မာ့ရိုးရာအနုပညာတစ်ရပ်ဖြစ်သည့် အားလျော်စွာ ရှေးနှစ်ပေါင်းများစွာကပင် ထိုအတတ်ပညာသည် တိမ်ကောခြင်းမရှိ။ ခေတ်အဆက်ဆက် တည်တံ့လျက် အစဉ်တစိုက် ဆင်းသက်ခဲ့ကြသည်။ ယခုအခါ သတ္တုအမျိုးမျိုးဖြင့် အစားထိုး၍ ပြုလုပ်သုံးစွဲကြသော်လည်း ရှေးစနစ်ဟောင်းဖြစ်သော တင်း၊ တောင်း၊ ဆန်ကော၊ ဆန်ခါစသည်တို့မှာ အရာဝင်လျက်ရှိနေပါသေးသည်။

စံချိန်မီတင်းတောင်းများကို ရက်လေ့ရှိကြသော်လည်း အချို့ဒေသများတွင် အမြင့်တစ်ပေမျှထား၍ အချင်းအဝတစ်တောင် လက်မ ၂၀ စသည်ဖြင့် ထားကြပါသည်။ ရှေးဦးစွာ အောက်ခံအဖြစ် ဝါးနီးကို သုံးပင်ကျော် သုံးပင်ချ၊ ပုရစ်ကြောင်းလိုက်၍ စပ်ကြားတွင် လေးပင်လိုက်ပါသည်။ ထိုအခြေခံကို တောင့်တင်းလာစေရန် ဝါးခြမ်းချောကို ကြက်ခြေခတ်ခံ၍ ကြိမ်ခြမ်းဖြင့် ချည်တုပ်ရပါသည်။ အောက်ခံခိုင်လျှင် အမြင့်ထောင်ရန် အတိုင် နီးပင်များကို ညီညွတ်စွာ ထောင်ပြီးလျှင် နှစ်ပင်ချည် နှစ်ပင်ချ သိပ်သည်းစွာ ပုရစ်ကြောင်းရက်၍ တောင်းထိပ်ဝနှင့် လေးလက်မအကွာလောက်တွင် နီးကြောဖြင့် လေးပတ်ငါးပတ်မျှ ရစ်ပတ်ပြီးလျှင် ကြိမ်ဖြင့် ကွပ်ရပါသည်။ ထိပ်ဝတွင် ကြိမ်အလုံးလိုက် ကွပ်ရပါသည်။ ပြီးလျှင် ဝမ်းဗိုက်ကြောဟုခေါ်သော ထောင့်လေးထောင့်ကို အောက်ခြေထောင့်လေးဘက်မှ အပေါ်ထိပ်ဝကြိမ်ဖြင့် ပက်ရသည်။ ပို၍ ခိုင်ခံ့စေရန် မျက်နှာလေးဘက်မှလည်း လေးပတ်ကြောဖြစ်သော ကြိမ်ခြမ်းနှစ်ခြမ်းစီ ထပ်၍ ချည်နှောင်ရပါသည်။[၁]



ဆန်ခါရက်နည်းမှာ ဆန်ကောကဲ့သို့ လိုသောအရွယ်ကို ပုံစံထား၍ နှစ်ပင်ကျော် နှစ်ပင်ချရက်လုပ်ရာ စပ်ကြားတွင် ဆန်စေ့ကျလာနိုင်လောက်အောင် အပေါက်ငယ်များ ချန်လှပ်ထား၍ ရက်လုပ်ခြင်း ဖြစ်ပါသည်။ အချောအကြမ်းမှာ နီးကြောနှင့် နီးကြမ်းကြိုက်သလိုထည့်၍ ရက်နိုင်ပါသည်။

ထိုမှတစ်ပါး အခြားတောင်း၊ ပလုံး၊ ပလိုင်း၊ ခြင်းစသည်တို့ကို ဝါး၊ ကြိမ်၊ ထန်းခေါက်၊ ထန်းရွက်၊ မြက်နှင့် အခြားရွက်ရှည်များကို လိုသလိုရက်လုပ်နိုင်ကြပါသည်။ အထက်အညာဒေသတွင် ထန်းခေါက်၊ စလူ၊ ကြိမ်စသည်တို့ဖြင့် လူ့အသုံးအဆောင်အမျိုးမျိုးကို ရက်လုပ်ကြရာ တောင်သူလယ်သမားများအဖို့မှာ ရိုင်၊ ဖျာ၊ ပုပ်မှစ၍ ကြိမ်ဝါးဖြင့် ရက်လုပ်ခြင်းကို အိမ်တွင်းအလုပ်အနေဖြင့် ကိုယ်တိုင်တတ်ကျွမ်းသူများပါသည်။ နွားလည်ပတ်မှအစ ကြိမ်ကို အသုံးပြုရက်လုပ်ကြပါသည်။ အလုပ်အားချိန်တွင် ကြိမ်ဝါးတို့ကို မြို့သုံးအဖြစ်ရက်လုပ်၍ ရောင်းချခြင်းဖြင့် ငွေကြေးစုဆောင်းကြပါသည်။ ထိုလုပ်ငန်းမှာ ရိုးရာအတတ်ပညာတစ်ခုဖြစ်၍ အသိပညာ သဘောဖြင့် ပြောပြ၍ ရုတ်တရက် နားလည်တတ်ကျွမ်းနိုင်မည်မဟုတ်ဟု ယူဆမိပါသည်။ ကိုယ်တွေ့လက်တွေ့ မျက်မြင်သင်ကြားယူမှသာ နားလည်နိုင်ပါသည်။ မြန်မာ့ရိုးရာဒေါင်းရွှေလုပ်ငန်းတွင် ကြိမ်သည် အရေးကြီးသော ကုန်ကြမ်းဖြစ်ပါသည်။

❖ ❖ ❖ ❖ ❖

၁။ နတ်ရှင်၊ ဒဂုန်၊ မြန်မာ့ရိုးရာလုပ်ငန်းဆယ်ပွင့်ပန်း၊ စာ-၁၉၈

## အခန်း (၇)

## မြန်မာ့ရိုးရာအားကစား ကြိမ်ခြင်းလုံး

## မြန်မာ့ခြင်း

ရေး - မြို့မကိုညီငယ်
ဆို -မြို့မသန်းမြတ်စိုး

စည်းဝိုင်းအတွင်းလည်ပတ်လို့ ခတ်နည်းစုံတဲ့ မြန်မာ့ခြင်းပျံ့ အားကစားကမ္ဘာ့စံချိန်ချိုးလို့ ဖနောင့်ဖမိုး နှစ်ထပ်ခြေခွင် မဟာနွယ် အသွယ်သွယ် မြေမှာ မလူးတော့ ခေါင်းမော့မော့ နောက်ကော့ပြန်တင် ညီညွတ်လေတဲ့ စုပေါင်းစိတ်အာရုံပင်။

ရိုးရာပွဲမှာပါဝင် လူခြောက်ယောက်စုံလင် တစ်ယောက်ကို တစ်ယောက်မှာ အပေးအယူမျှကာ ညီညွတ်မြူးပျော်ရွှင်။

ဖွဲ့မာန်မလျှော့လေအင် ခြေဖျားတော့ဟန်သွင် မြင်သူတိုင်းပင် အသည်းမှာ အေးလွင် ကြည်နူးမြူးပျော်ရွှင် ပိုက်ကြီး ပိုက်ငယ်အသွင် ခတ်နည်းက စုံလင်ကမ္ဘာတွင် စံတင် မြန်မာ့အမျိုးသားတို့ ဂုဏ်ယူမော်ကြွားချင်။ ။

မြန်မာတို့၏ ကိုယ်ပိုင်ရိုးရာခြင်းလုံးကစားနည်းသည် နှစ်ပေါင်းများစွာကပင် ပေါ်ပေါက်ခဲ့သည်။ ခြင်းလုံးကို ပေါ့ပေါ့ပါးပါးကြိမ်ဖြင့် ပြုလုပ်ထားပါသည်။ တစ်နည်းအားဖြင့် ကြိမ်ကို ထိုးထားသည့်လက်မှု





အနုပညာပစ္စည်းဖြစ်ပြီးသဏ္ဌာန်မှာ လုံးသည်။ ထိုခြင်းလုံးကို ခြေနှင့် ခတ်ကစားကြသည်။ ခြင်းလုံးပြုလုပ်ပုံမှာ အလျား ၁၀ ပေကျော်ရှည်သော ကြိမ်ကို နန်းသတ်၍ တစ်ပတ်ချင်း ရစ်ခွေကာ ကွင်းများဆက်အောင်ထိုးရသည်။ ကြိမ်နန်းရှစ်ပင်ထိုးလျှင် ရှစ်ပတ်ခြင်း၊ ၁၀ ပတ်ထိုးလျှင် ၁၀ ပတ်ခြင်းဟု ခေါ်ပါသည်။ ရှစ်ပတ်ခြင်းလုံးမှာ လုံးဝန်း ၁၄ လက်မခန့်ရှိသည်။ ၁၀ ပတ်ခြင်းမှာ လုံးပတ် ၁၆ လက်မခန့်ရှိပါသည်။ ခြင်းလုံးတိုင်းတွင် ထောင့်ငါးထောင့်ပါသည့် အပေါက် ၁၂ ပေါက်ပါရှိသည်။ ခြင်းလုံးတစ်လုံး၏ အလေးချိန်မှာ ငါးကျပ်သားမှ ရှစ်ကျပ်သားအထိရှိသည်။ အားကစားကဏ္ဍတွင်လည်း မြန်မာ့ကြိမ်သည် အသုံးဝင်သည်ကို တွေ့ရပါသည်။ ခြင်းလုံးလုပ်ရန် အကောင်းဆုံးကြိမ်မှာ ရမထာကြိမ်ဖြစ်သည်။

ခြင်းခတ်ကစားခြင်းသည် မြန်မာတို့၏ရိုးရာအမွေအနှစ်စစ်စစ်ဖြစ်သည်။ ကိုယ်ပိုင်တီထွင်ခဲ့သော အားကစားနည်းဖြစ်သည်။ ခြင်းခတ်ကစားခြင်းစတင်ခဲ့သည့်ခုနှစ် အတိအကျမသိရသော်လည်း သရေခေတ္တရာမြို့ဟောင်း ဒွတ္တပေါင်မင်းကြီးတည်ထားခဲ့သော ဘောဘောစေတီဌာပနာတိုက်မှ ငွေသားခြင်းလုံးက မြန်မာတို့အစပျိုးခေတ်ကပင်ရှိနေပြီဟု ပြောပြနေပေသည်။

မြန်မာပြည်ရှေးဟောင်းသုတေသနဌာနမှ ကျောက်စာဝန်မစ္စတာ နီရိုင်ဇယ်၏ညွှန်ကြားချက်အရ ၁၉၂၆-၂၇ ခုနှစ်အတွင်းက ပြည်ခရိုင်မှော်ဇာမြို့၊ ကုလားကန်ကုန်းရွာအနီးရှိ ခင်ဗကုန်းတွင် တူးဖော်မှုများပြုလုပ်ရာ၌ ရုပ်ထု၊ ဆင်းတု၊ ရွှေစေတီ၊ ငွေစေတီ၊ ရွှေပေစာ စသည်တို့ပါဝင်သောပစ္စည်းများသာမက ငွေဖြင့်ပြုလုပ်ထားသော ခြင်းလုံးတစ်လုံးပါ တွေ့ရှိခဲ့သည်။

၁၇၈၂ ခုနှစ်က အင်းဝနေပြည်တော်သို့ရောက်ရှိလာသော အီတလီနိုင်ငံမှ ဘရင်ဂျီဘုန်းကြီး "စန်ဂါမနို" ၏မှတ်တမ်းတွင် ခြင်းခတ်ကစားခြင်းအကြောင်းကို ရေးသားမှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည်။

၁၈၇၄-၇၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ မဒရပ်စစ်တပ်၏ တပ်မှူး ချုပ်ဆာဖရပ်ဒရစ်ဟိန်း၊ ဇနီးလေဒီဟိန်းနှင့်အတူလိုက်ပါလာသော အင်္ဂလန်မှ ခွဲစိတ်ကုဆရာဝန်ကြီး စီအေဂေါ်ဒွန်၏မှတ်တမ်းတွင် "ပြည်မြို့၌ကျွန်ုပ်ရှိနေစဉ် ဂတ်တဲအနီးတွင် ဗမာလူမျိုးလေးဦး ခြင်းလုံး ခတ်ကစားနေသည်ကို တွေ့မြင်ရသည်။ ကျွန်ုပ်တို့ဘောလုံးကစားနည်း ဟန်အတိုင်း သူတို့သည် ဖျတ်လတ်စွာ ခတ်ကစားနေသည်။ ယင်းအလုံးသည် ကြိမ်ဖြင့်ပြုလုပ်ထားပြီး အခေါင်းပွ၍ ဝိုင်းဝန်းသော သဏ္ဍာန်ရှိကြောင်း တွေ့ရှိရသည်။ ကစားသူများသည် လုံချည်ကို ခါးတောင်းကျိုက်၍ ကိုယ်တုံးလုံးဖြင့်ခတ်ကစားနေကြသည်ကို တွေ့ရ၏။ ဤကဲ့သို့ ခါးတောင်းကျိုက်ထားခြင်းအားဖြင့် ဒူးနှင့် အောက်ပိုင်းအားလုံး လွယ်ကူစွာလှုပ်ရှားကစားနိုင်ကြောင်း တွေ့ရ သည်။ ကိုယ်အထက်ပိုင်းနှင့် ခြေထောက်များ လွယ်ကူစွာ လှုပ်ရှား ကစားနိုင်ခြင်းနှင့် အဝတ်မပါဗလာဖော်ထားခြင်းသည် ထိုခေတ်က ဗမာလူမျိုးများဂုဏ်ယူကြသော ထိုးကွင်းမင်ကြောင်များကို ပေါ်လွင် ထင်ရှားစွာ တွေ့မြင်နိုင်ရန်ဖြစ်ကြောင်း သိရသည်။ ကစားပုံမှာ တစ်ဦးမှတစ်ဦးသို့ ခြေဖြင့်ခတ်၍ပို့ကြပြီး လက်ဖြင့်ထိခြင်း၊ ပုတ်ခြင်းကို ခွင့်မပြုပေ။ သို့ရာတွင် ဒူး၊ ခြေဖမိုး၊ ခြေဖဝါး၊ ပခုံးတို့ ဖြင့် ထိတွေ့ခတ်ခွင့်ရှိကြောင်း သိရသည်။ ထို့ကြောင့် ကိုယ်ခန္ဓာ တစ်ခုလုံးရှိ အစိတ်အပိုင်းအားလုံးတို့ကိုပင် မိမိထံရောက်ရှိလာမည့် ခြင်းလုံးအတွက်



အသင့်ပြင်ဆင်ပြီး ဖြစ်နေကြသည်။ ဤကဲ့သို့ ခတ်ကစားခြင်းဖြင့် ခြင်းလုံးသည် တစ်ဦးထံမှတစ်ဦးသို့ လှည့်ပတ် နေပြီး ပျော်ရွှင်စွာ ရယ်ကာမောကာနှင့် စိတ်ဓာတ်တက်ကြွစွာ ကစားနိုင်ကြောင်း တွေ့မြင် ရပေသည်" ဟုဖော်ပြထားပါသည်။

မည်သို့ပင်ဖြစ်စေ ကြိမ်ဖြင့်ပြုလုပ်ထားသော မြန်မာ့ရိုးရာ ခြင်းပညာသည် တကောင်းခေတ်၊ သရေခေတ္တရာခေတ်ဆီကပင် ရှိနေခဲ့ပြီဖြစ်သည်။

၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလ၊ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့် နောက်တွင် မြန်မာပြည်အိုလံပစ်အားကစားအသင်းကြီးကို ထူထောင် ခဲ့ရာ၌ အပျော်တမ်းခြင်းလုံးအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ပါသည်။

ခြင်းလုံးခတ်ကစားနည်းကို ရှေးက ခြေလုံးခတ်ကစားနည်းဟု ခေါ်ကြောင်း ခရစ်သက္ကရာဇ် ၁၈၇၄ ခုနှစ်က ထုတ်ဝေသော စီအေ ဂေါ်ဒွန်ရေးသည့် မြန်မာပြည်သို့ ကျွန်ုပ်ခရီးထွက်ခြင်းစာအုပ်တွင် "ခြေလုံးကစားနည်း" ဟူ၍လည်းကောင်း၊ မင်းတုန်းမင်းလက်ထက် ကောက်စိုက်သမများ သီချင်းဆိုသည့် သီချင်းတစ်ပုဒ်တွင် "သူ့သား သူ့အမေနိုမ်တယ် ဆိုးချိန်မို့လေး၊ ညနေခတ်ခြေလုံးနှင့်ပျော်တုန်းမို့လေး" ဟူသောစာသားများအရလည်းကောင်း သိရပေသည်။

အနုပညာမြောက်စွာ၊ လက်ဝင်စွာ ကြိမ်ဖြင့်ဖန်တီးလိုက်သော ခြင်းလုံးကို အားကစားအသွင်ခတ်ကစားကြရာတွင် အတော့ခတ်၊ တစ်ဦးချင်း၊ အတွဲခတ်၊ ဝိုင်းလည်ခတ်၊ အလှခတ်၊ ပိုက်ကျော်ခတ် ဟူ၍ နည်းမျိုးစုံဖြင့် တီထွင်ကစားကြသည်။ ဤတွင် ပိုက်ကျော်ခြင်း ခတ်ကစားနည်းမှာ မြန်မာမှုမဟုတ်ပေ။ ကျန်ရိုးရာခြင်းခတ်ကစားခြင်း တွင် အတော့ခတ်ပြိုင်ပွဲကို အချင်းခြောက်ပေရှိ စည်းဝိုင်းတွင်

ကစားကြသည်။ အတော့နှင့် အတွဲခတ်ကစားခြင်းကို ၁၂ ပေအချင်းရှိ စည်းဝိုင်းတွင်ကစားကြသည်။ ဝိုင်းဖွဲ့၍အဖွဲ့လိုက်ကစားခြင်းကို အချင်း ၁၂ ပေရှိ စည်းဝိုင်းအတွင်းတွင် ကစားကြသည်။

ခြင်းခတ်ကစားခြင်း စတင်ပေါ်ပေါက်ခဲ့စဉ်က ခြင်းသေနှင့် ခြင်းရှင်ဟူ၍ နှစ်မျိုးသာ ရှိခဲ့သည်ဟုဆိုသည်။ ခြင်းသေကို ညှပ်ခြင်းဟူ၍လည်းကောင်း၊ ခြင်းညှပ်ဟူ၍လည်းကောင်း၊ ခြင်းရွဲဟူ၍လည်းကောင်းခေါ်သည်။ ခြင်းသေကစားနည်းတွင် ကစားသူသည် ခြင်းလုံးကို ခန္ဓာကိုယ်အစိတ်အပိုင်းများပေါ်တွင် ရွှေ့ပြောင်းတော့ခတ်ကစားရသည်။ ဒူးပေါင်၊ ဒူးခေါက်၊ ပခုံးအစရှိသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများတွင် ညှပ်၍ကစားကြသည်။ ခြင်းသေကစားခြင်းတွင် ခြင်းတစ်လုံးမှ ခြောက်လုံးအထိကစားကြသည်။

ခြင်းလုံးကစားနည်းမှာ ခြင်းလုံးတစ်လုံးတည်းကို လူ လေး၊ ငါး၊ ခြောက်ယောက်ဝိုင်းဖွဲ့၍ ခြင်းလုံးမြေပေါ်မကျစေရန် ခတ်ကစားကြသည်။ ဤကစားနည်းတွင် ခြေထိပ်၊ ခြေဖနောင့်အတွင်း၊ ခြေဘေး၊ အပြင် ခြေဘေး၊ ခြေဖမိုး၊ ခြေဖဝါး၊ ဒူး၊ ဒူးခေါက်စသည့် ခြေရှစ်မျိုးဖြင့် ကစားလေ့ရှိသည်။

ဤသို့ကစားကြရာတွင် ခြင်းခတ်ကျွမ်းကျင်သူကို ဝိုင်းတော်သားများက ဆင်ပေးပြီး ကျွမ်းကျင်သူက အလှပြကျွမ်းကျင်မှုပြ ခတ်ကစားသည်ကို ဆင်ခြင်းခတ်သည်ဟုဆိုသည်။ ထိုသို့ဆင်ခြင်းကို ကျွမ်းကျင်စွာခတ်၍ ကစားသူကို ခြင်းမင်းသားဟုခေါ်ပါသည်။ ထို့ပြင် ကစားဖော်များနှင့် ကြည့်ရှုသူပရိသတ်တို့ ပျော်ရွှင်ကြည်နူးကြစေရန် သမားရိုးကျမဟုတ်သော ပေးနည်းဖြင့် ခြင်းလုံးကိုပေး၍ ထိုခြင်းလုံးကို မြေမကျအောင်ထိုး၍ခတ်သည်ကို ထိုးခြင်းဟုခေါ်သည်။



ထိုသို့ ကစားဖော်တို့ ထိုးပေးလိုက်သည့်ခြင်းကို မြေမကျအောင် မရရသည့် နည်းဖြင့် ခတ်၍ ရယ်မောဖွယ်ခတ်ရသည့် ခြင်းခတ်ကစားသူကို ခြင်းလူရွှင်တော်ဟု ခေါ်သည်။

မြန်မာ့ရိုးရာခြင်းခတ်ကစားရာတွင် အားကစားအရသာမဟုတ်ဘဲ ဖျော်ဖြေမှုအရပါ ကစားကြသည်။ အလှူပွဲ၊ ဘုရားပွဲစသည်တို့တွင် ဆိုင်းဝိုင်းများ၊ အတီးအမှုတ်များနှင့် အလှပြခတ်ကစားကြသည်။ အမှတ်ပေးစနစ်ဖြင့် အားကစားပုံသဏ္ဌာန် စတင်ခဲ့သည်မှာ ၁၉၀၈ ခုနှစ် ရန်ကုန်မြို့ အစိုးရဟိုက်စကူးကျောင်း ကစားခုန်စားပွဲတော်မှ စတင်ခဲ့သည်ဟု သိရသည်။ မည်သို့ပင်ဖြစ်စေ ကြိမ်ဖြင့် ပြုလုပ်ထားသော မြန်မာ့ရိုးရာ ခြင်းခတ်ကစားခြင်းသည် အားကစားပုံသဏ္ဌာန်မျှမက အနုပညာသဘော၊ လူမှုဆက်ဆံရေးသဘောပါဝင်သည့် မြန်မာ့အမွေအနှစ်စစ်စစ်ကစားနည်းဖြစ်သည်ဟု ဂုဏ်ယူဖွယ်ရာ ကောင်းလှပါသည်။

ခြင်းဦးဘသိန်း (ပီကင်းပြန်) ၏ ''မြန်မာ့ခြင်းလုံးသမိုင်း'' စာအုပ်တွင် ခရစ်နှစ် ၁၉၀၀ ပြည့်နှစ်လောက်က ခတ်ကစားသည့် ခြင်းလုံးများအကြောင်း မှတ်တမ်းတင်ရာတွင် ''ထိုခေတ်က ခတ်ကစားကြသော ခြင်းလုံးများမှာ လုံးပတ် ၁၅ ၁/၂ ရှိပြီး အလေးချိန်ငါးကျပ်မတ်တင်း၊ ငါးကျပ်သားရှိသော ကြက်ဥကြိမ်နှင့် ရက်လုပ်သည့် ခြင်းလုံးများကို ခတ်ကစားကြပါသည်။ ခြင်းလုံးတစ်လုံး၏ အဖိုးအခမှာ တမတ်၊ ငါးပဲ (ခုနစ်ဆယ့် ငါးပြား၊ ၃၁ ၁/၄ ပြား) သာ ပေးရ၏။ ရက်ရှည်မခံပဲ နေ့ချင်းကျိုးလေသည်'' ဟူ၍လည်းကောင်း။

၁၉၁၁-၁၂ ခုနှစ်ကာလလောက်တွင်မူ ''ခြင်းလုံး၏ အလေးချိန်မှာ ယခင်ကထက်လေးသည့် ၅-၈ သား၊ ၅-၁၂ သားအထိ

အလေးရှိသော ခြင်းများကို ခတ်ကစားကြသည်။ လုံးပတ်မှာလည်း ဆယ့်ခြောက်လက်မရှိသည်။ ကြက်ဥကြိမ်နှင့်ပင် ရက်လုပ်၍ ခတ်ကစားလေသည်။ ခြင်းတစ်လုံး၏ တန်ဖိုးမှာလည်း ၂၅ ပြား၊ ၃၁ $\frac{၁}{၄}$ ပြား၊ ၃၇ $\frac{၁}{၂}$ ပြားအထိ ဖြစ်လာသည်။ ငွေတစ်ကျပ်ဖိုးဝယ်လျှင် ခြင်းသုံးလုံး ရလေသည်။

"ထိုခေတ် ခြင်းလုံးရက်လုပ်၍ ရောင်းခဲ့ကြသူများမှာ ဦးကျော်သူ၊ ဦးသက်ပန်နှင့် ဦးပိုဆိုသူတို့ ဖြစ်ကြပါသည်" ဟူ၍ ရေးသားမှတ်တမ်းတင်ထားပါသည်။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ခြင်းလုံးအားကစားနည်းကို ထည့်သွင်းမည်ဖြစ်ရာ ကြိမ်ဖြင့်ပြုလုပ်ထားသော မြန်မာ့ခြင်းလုံးကစားနည်းသည် နိုင်ငံတကာသို့ ထိုးဖောက်နိုင်တော့မည် ဖြစ်ပါသည်။

❖ ❖ ❖ ❖ ❖

## အခန်း (၈)

## မြန်မာတိုင်းရင်းသားများနှင့် ကြိမ်အရေးပါမှု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းသားဆွေမျိုးစုများ စုပေါင်းနေထိုင်ရာနိုင်ငံ ဖြစ်ပါသည်။ မြန်မာလူမျိုးတို့သည် ရှေးကာလကပင် နှစ်ပေါင်းထောင်ချီ၍ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ဂုဏ်ထည်ဝင့်ကြွားစွာ နေထိုင်ခဲ့ကြသည့် လူမျိုးများဖြစ်ကြသည်နှင့်အညီ မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုသမိုင်းစဉ်သည် မည်မျှအခွန့်ရှည်ကြာခဲ့ပြီဖြစ်ကြောင်းကို အခိုင်အမာ သိရှိနိုင်ပါသည်။

မြန်မာလူမျိုးများသည် ယဉ်ကျေးမှုအဆင့်အတန်းတိုးတက်လာသည့်နည်းတူ ကိုယ်ပိုင်ယဉ်ကျေးမှုရောနှောခြင်းမရှိစေရန် ကာကွယ်ခဲ့ကြသည်။ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများကို မြတ်နိုးကြသူများလည်း ဖြစ်ကြသည်။ မြန်မာတိုင်းရင်းသားအများစုသည် ကျေးလက်တောရွာများတွင်လည်း ကျေးလက်ယဉ်ကျေးမှုထွန်းကားလာခဲ့ကြသည်ကို တွေ့ရပါသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးကို နိုင်ငံသားအားလုံး၏ တာဝန်အဖြစ် ခိုင်ခိုင်မာမာ သတ်မှတ်ထားကာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ထို့အတူ

နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသများတွင်လည်း ဒေသထွက်ကုန်များ တိုးတက်ထုတ်လုပ်လျက်ရှိရာ ကြိမ်လက်မှုလုပ်ငန်းများသည် မြန်မာတို့၏ ကျေးလက်ယဉ်ကျေးမှုအနုပညာဖြစ်ပါသည်။

မြန်မာတိုင်းရင်းသားတို့သည် သစ်တောထွက်ပစ္စည်းတစ်မျိုးဖြစ်သော ကြိမ်ကို အမျိုးမျိုးသုံးစွဲခဲ့ကြသည်။ ဟင်းလျာမှအစ လူ့အသုံးအဆောင်၊ ချည်တုပ်စရာကြိုးအဖြစ် ဘက်စုံသုံးစွဲခဲ့ကြလေသည်။ နွားရိုက်တံမှအစ အားကစားပစ္စည်းအထိ ကြိမ်သည် အလွန်အသုံးဝင်လေသည်။ တစ်နည်းအားဖြင့်ဆိုသော် ကြိမ်သည် တိုင်းရင်းသားများအတွက် ဘက်စုံအသုံးဝင်သော သစ်တောထွက်ပစ္စည်းဖြစ်ပါသည်။

## ငယ်စဉ်က ဟင်းစပ်ကလေး

ကြိမ်ပင်အဖျားပိုင်းတစ်တောင်ခန့် အရှည်ကို ဖြတ်၍ အထဲက ကြိမ်သားနုကို မီးဖုတ်၍သော်လည်းကောင်း၊ ပြုတ်၍သော်လည်းကောင်း ငါးပိ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးတို့နှင့် ထောင်းစားလျှင် ခါးသက်သက်ဖြင့် အရသာရှိသော ကြိမ်ခါးဖူးထောင်းဟင်းတစ်မယ်ရပါသည်။ ဟင်းချိုချက်၍လည်း စားသုံးနိုင်သည်။ စာရေးသူ၏ဇာတိ တမူးမြို့နယ်တွင် ရှမ်းဗမာတိုင်းရင်းသားများ နေထိုင်ကြပါသည်။ စာရေးသူကိုယ်တိုင်လည်း ရှမ်းဗမာသွေးနှောပါသည်။ သာရေး၊ နာရေး အလှူပွဲများတွင် အလှူရှင်သည် ဧည့်ပရိသတ်များကို ကျွေးမွေးရန် ဟင်းစပ်အဖြစ် ချို၊ ချဉ်၊ ခါး၊ စပ်အရသာလေးမျိုးကို စီစဉ်ရပါသည်။ အချိုဟင်းအနေဖြင့် ဝက်သားနှင့် ကျောက်ဖရုံသီးအိုးကြီးချက်ဖြစ်ပါသည်။ အချဉ်အရသာအနေဖြင့် ငါးချဉ်ကို အစိမ်းသုပ်ရပါသည်။ ငါးချဉ်မှာလည်း အကောင်သေးသေးမဟုတ်။ ငါးရံ့ကောင်ကြီးများကို



အကွင်းလိုက်လှီးပြီး အချဉ်သိပ်ထားသော ငါးချဉ်ဖြစ်ပါသည်။ အခါးဟင်းအနေဖြင့် ကြိမ်ဖူးဟင်းရည်သောက်ဖြစ်ပါသည်။ အစပ်အနေဖြင့် ငရုတ်သီးကြော်ပါသည်။ မိုးဖြဲဒယ်ကြီးများဖြင့် တစ်ညလုံး နှပ်ထားသော ဝက်သားနှင့် ကျောက်ဖရုံသီးမှာ အိချိုနေပါသည်။ အီလာသော အခါ ကြက်သွန်နီနိုင်နိုင်နှင့် ဆီရွှဲရွှဲသုပ်ထားသော ငါးချဉ်အကွင်းလိုက်ကြီးကို စားလိုက်၊ ကြိမ်ဖူးဟင်းရည်ကို သောက်လိုက်နှင့်အလွန်စားကောင်းခဲ့သော ဟင်းစပ်များဖြစ်ခဲ့ပါသည်။ တွေးလိုက်တိုင်း သွားရည်ကျမိပါသည်။

ယခုအခါ ကြိမ်များရှားသွားပြီဖြစ်၍ ကြိမ်ဖူးအစား မယ်ဇလီရွက်ဟင်းချို၊ ငါးလည်း ရှားသွားပြီဖြစ်၍ မုန့်ညင်းချဉ်သုပ်တို့ဖြင့် အစားထိုးနေပါပြီ။ ဆိုလိုသည်မှာ ကြိမ်ပင်များတွင် တိုင်းရင်းသားတို့အတွက် ဟင်းတစ်မယ်အဖြစ်မှသည် ဘက်စုံသုံးဖြစ်ခဲ့သည်ကို သတိရစေရန် ဖြစ်ပါသည်။

စာရေးသူသည် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သည်နှင့်အညီ ဒေသတော်တော်များများတွင် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ အထူးသဖြင့် ဆက်သွယ်ရေးခက်ခဲသော အစွန်အဖျားဒေသများသို့လည်း ရောက်ခဲ့ရပါသည်။ အဆိုပါဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားများ အနေဖြင့် မိမိတို့ရိုးရာအစဉ်အလာအတိုင်း မိမိတို့ဒေသထွက် ကြိမ်များကို အမျိုးမျိုးသုံးစွဲကြသည်ကို သတိပြုမိပါသည်။

ချင်းတွင်းမြစ်ဖျားပိုင်းရှိ ခန္တီးခရိုင်သည် ကြိမ်အလွန်ထွက်သော ဒေသဖြစ်ပါသည်။ ပွင့်လင်းရာသီများတွင် အောက်ပြည်အောက်ရွာမှ ကြိမ်သမားများ၊ သင်သမားများ၊ ဝါးသမားများ ရောက်လာကြပါသည်။ ကြိမ်များ၊ သင်များ၊ ဝါးများကို ဖောင်ဖွဲ့၍ မုံရွာအထိ သယ်ယူသွားကြသည်ကို တွေ့ရပါသည်။

ပူတာအိုဒေသတွင်လည်း ကြိမ်အထွက်များပါသည်။ ဖန်းမော် ခရိုင်နှင့် ပူတာအိုခရိုင်တို့မှထွက်သော ကြိမ်ပင်များကို တရုတ်ပြည်သို့ ၁၂ ဘီးကားကြီးများဖြင့် တင်ပို့လေ့ရှိကြပါသည်။ တရုတ်ကုန်သည် များ အဝယ်များသော ကြိမ်များမှာ ရမထာကြိမ်၊ ခုတင်ကြိမ်၊ ဆင်ကြိမ်၊ တောင်ကြိမ်၊ ရေကြိမ်၊ ကြိမ်နီ၊ ကြက်ဥကြိမ်၊ ကြိမ်ခါးနှင့် မျောက်ချေး ကြိမ်များ ဖြစ်ကြပါသည်။

## ခန္တီးရှမ်းနှင့်နာဂတို့၏ကြိမ်ထည်လက်ရာ

ခန္တီးရှမ်းတို့၏ လက်သုံးဓားအိမ်ကို သစ်သားနှင့်ပြုလုပ်ပြီး ခါးပတ်မှာ ကြိမ်နှင့်လုပ်ပါသည်။ လွယ်အိတ်သဘောမျိုး ကြိမ်ပလိုင်း၊ ကြိမ်လက်ဖက်ခွက်များကို တွေ့ခဲ့ရပါသည်။ နာဂတိုင်းရင်းသားများ အနေဖြင့် ကြိမ်စားပွဲအရွယ်အစားအမျိုးမျိုးကို ထုတ်လုပ်ကြပါသည်။ လက်ဖက်ရည်ကြမ်းဝိုင်းစားပွဲ၊ ထမင်းဝိုင်းစားပွဲများကို ရက်လုပ်ပါ သည်။ ခန္တီးတွင် တာဝန်ထမ်းဆောင်နေစဉ် လက်ဆောင်ပေး၍ စာရေးသူ တွင် ထမင်းဝိုင်းကြိမ်စားပွဲနှစ်လုံး အမှတ်တရရှိနေပါသည်။ နာဂ တိုင်းရင်းသားတို့၏ အမြတ်တနိုးရက်လုပ်သော အသုံးအဆောင် တစ်မျိုးမှာ ကြိမ်ဖျာဖြစ်ပါသည်။ ကြိမ်ဖျာကြီးများမှာ ခန်းလုံးပြည့် ဖြစ်၍ ကျယ်ဝန်းသည်။ မီးဖိုကျပ်စင်ပေါ်တွင် အမြဲတင်ထားသဖြင့် မှိုင်းရည်ဝပြီး ခိုင်ခံ့လှပါသည်။ တစ်သက်အသုံးခံပါသည်။ ဧည့်သည် များ ရောက်လာသည့်အခါမှ မီးဖိုကျပ်စင်ပေါ်မှချကာ ဧည့်ခံခင်းကျင်း ပါသည်။ ချင်းတိုင်းရင်းသားများလည်း ကြိမ်ဖျာကြီးများရက်လုပ် သည်ကို တွေ့ရပါသည်။ အခြားအသုံးအဆောင်များကိုလည်း ကြိမ်ဖြင့် ပြုလုပ်ကြသည်ကို တွေ့ရပါသည်။



## ရဝမ်တိုင်းရင်းသားများ၏ ကြိမ်ထည်လက်ရာ

ရဝမ်တိုင်းရင်းသားများသည် ကြိမ်ထည်များကို လှပစွာ ရက်လုပ်ကြသည်။ နောင်မွန်း၊ ပန်နန်းဒင်ဒေသများတွင် ကြိမ်ထည် လုပ်ငန်းများကို အိမ်တွင်းလက်မှုလုပ်ငန်းအသွင် လုပ်ကိုင်ကြပါသည်။ လက်ရာမြောက်သောကြိမ်သေတ္တာများ၊ တောင်း၊ ပလိုင်းများကို ရက်လုပ်ကြပါသည်။ ရဝမ်တို့၏ကြိမ်ထည်ပစ္စည်းများကို တရုတ် လူမျိုးတို့က ကြိုက်နှစ်သက်ကြပါသည်။ နောင်မွန်း၊ ပန်နန်းဒင်မှထွက် သော ကြိမ်ထည်များကို ပူတာအိုမြို့သို့ ပို့ဆောင်ရောင်းချပါသည်။ ပူတာအိုမြို့တွင် ရိုးရာပစ္စည်းအရောင်းဆိုင်များရှိပါသည်။ ကမ္ဘာလှည့် ခရီးသည်များ လာရောက်သည့်အခါ အမှတ်တရဝယ်ယူသွားကြသည် ကို တွေ့ရပါသည်။ လက်ရာသေသပ်ကောင်းမွန်ပြီး အသွင်ဆန်းနေ သော ကြိမ်ထည်ပစ္စည်းများဖြစ်ကြပါသည်။

## ကြိမ်ကြိုးတံတားများ

သံမဏိကြိုးတံတားမဆောက်နိုင်သေးသည့် ဒေသများတွင် ကြိမ်ကြိုးတံတားများ ဆောက်ကြပါသည်။ အဆိုပါကြိုးတံတားများမှာ ကြိမ်၊ ဝါး၊ နွယ်များဖြင့်ပြုလုပ်၍ ဝန်တင်လားများဖြတ်သန်းသွားနိုင် သော ငါးပေအကျယ်ခန့်ရှိသည့် တံတားကြီးများ၊ ကြိမ်၊ ဝါး၊ နွယ် များဖြင့်ပြုလုပ်၍ တစ်ကြိမ်လျှင် တစ်ယောက်စီ ဖြတ်ကူးရသော လူသွားတံတားများ၊ တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်းကြိမ်ကြိုးများ သာဆွဲချည်ထားသော မျောက်တံတား (Monkey Pritge) ဖြစ်ကြ ပါသည်။ ကြိမ်တံတားများကို ဆောင်းဦးပေါက်တွင်တစ်ကြိမ်၊ မိုးဦး တွင်တစ်ကြိမ်နှင့် မိုးလယ်တွင်တစ်ကြိမ် တစ်နှစ်လျှင်သုံးကြိမ်ကျစီ ပြန်လည်ပြုပြင်ပေးရပါသည်။

မျောက်တံတားများမှာ ချောက်တစ်ဖက်တစ်ချက်ရှိ သစ်ပင်မြင့်ကြီးတစ်ပင်စီမှ ကြိမ်ကြိုးများကို ဆွဲချည်ထားခြင်းဖြစ်၏။ အချို့မျောက်တံတားများတွင် ကူးဖြတ်သူသည် ကြိမ်ကြိုးတွင် မိမိကိုယ်ကို ပတ်ချည်ထားသော ကြိမ်ကွင်းကိုစွပ်၍ မျောက်များပမာ ခြေလက်များဖြင့် ယက်ကန်ကာ တစ်ဖက်မှ တစ်ဖက်သို့ နိမ့်လျောကလေး လုပ်ထားသဖြင့် ဖြတ်ကူးသူသည် ကြိုးတွင် သစ်တုံးတစ်ခုစွပ်ကာ အမြင့်မှအနိမ့်သို့ လျှောချလိုက်ရသည်။ တစ်ခါမျှမကူးဘူးသူများအဖို့ ရင်ဖိုစရာပင်ဖြစ်ပါသည်။ ခေါင်လန်ဖူးနှင့် ပန်နန်းဒင်မြို့နယ်များတွင် ဤသို့သောတံတားများရှိပါသည်။ ရဝမ်လူမျိုးတို့၏ ရွာအချို့၌ တောင်ပေါ်မှတောင်အောက်သို့ ကြိမ်ကြိုးများဆွဲပေးထားပြီး ကလေးသူငယ်များအား လျှောကျစေခြင်းအားဖြင့် တကယ့်မျောက်တံတားကူးနိုင်ရန် လေ့ကျင့်ပေးသကဲ့သို့ ဖြစ်နေပါသည်။

ယခုအခါ မြန်မာနိုင်ငံ၏ သစ်တောသယံဇာတပစ္စည်းတစ်မျိုးဖြစ်သော မြန်မာ့ကြိမ်များသည် ခေတ်မီနည်းစနစ်များနှင့်အညီ ပရိဘောဂအသုံးအဆောင်ပစ္စည်းများကို အဆင့်မီမီထုတ်လုပ်၍ ပြည်ပဝင်ငွေရရှိအောင် ဆောင်ရွက်နေကြပါသည်။ ကြိမ်သည် မြန်မာတိုင်းရင်းသားတို့အတွက် ဘက်စုံအသုံးဝင်သည်။ ဟင်းလျာမှသည်ချည်တုပ်စရာ၊ နွားနှင်တံမှအစ အားကစားပစ္စည်း ခြင်းလုံး၊ ကလေးပုခက်၊ ပရိဘောဂပစ္စည်းများ၊ လူ့အသုံးအဆောင်ပစ္စည်းများအဖြစ် ပေါ့ပေါ့ပါးပါး ထုတ်လုပ်သုံးစွဲနိုင်သော သစ်တောရတနာပစ္စည်း တစ်မျိုးဖြစ်၍ ရေရှည်အသုံးပြုနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်းသွားရမည် ဖြစ်ပါသည်။

❖ ❖ ❖ ❖ ❖

# အခန်း (၉)

## ကြိမ်ခုတ်ခြင်း

ကြိမ်ကို တစ်နှစ်ပတ်လုံး ရာသီမရွေးခုတ်ယူနိုင်ပါသည်။ သို့သော်လည်း မိုးရာသီတွင် သယ်ယူရန်ခက်ခဲသဖြင့် နွေရာသီနှင့် ဆောင်းရာသီတွင်သာ ကြိမ်ခုတ်ရန်သင့်တော်ပါသည်။ ကြိမ်တွင် ရေပါဝင်မှုနှုန်းများသဖြင့် ကြိမ်အစိမ်းမှာ လေးပြီး ခြောက်သွေ့ပါက ပေါ့ပါးသွားပါသည်။ ကြိမ်ခုတ်ရာတွင် အရေးကြီးသည့်အချက်များ ရှိပါသည်။ စံချိန်စံညွှန်းပြည့်မီစေရန် လိုပါသည်။ စံချိန်စံညွှန်း မကိုက်ညီလျှင် မခုတ်ရပေ။ ကပေါင်းကြိမ်တွင် စံချိန်စံညွှန်းပြည့်မီစေရန် ညွှန်ကြားထားပါသည်။ စံချိန်စံညွှန်းမပြည့်မီသောကြိမ်များမှာ အရှည် လေးမီတာ (၁၃) ပေမပြည့်မီသော ကြိမ်များ၊ လုံးပတ်အချင်း (၂၅) မီလီမီတာ မပြည့်သောကြိမ်များ၊ ကြိမ်နုများ၊ အခွံအုပ်၊ အခွံခွာထားသဖြင့် ဝါနေသောကြိမ်ဝါများ၊ ကြိမ်အကွဲများ၊ ဖားဥတက်ကြိမ်များ၊ အောက်ဆွေးနေသော ကြိမ်များ၊ ပိုး၊ ပိုးကြီးပေါက် ကြိမ်များ၊ အဆစ်များအကွာအဝေးမညီသော ကြိမ်များ၊ အရင်းနှင့်အဖျား လုံးပတ် (ကြီး/သေး) ကွာလွန်းသောကြိမ်များ၊ တက်တူကောက်ကြိမ်များ၊ တံတောင်ဆစ်ကွေး ကြိမ်လိမ်များ၊ ပင်ခြောက်ပင်သေကြိမ်များ၊ နုသောအဖျားပိုင်း ကြိမ်များ၊ ဓားခုတ်ရာပါသောကြိမ်များ၊ ကြပ်၊

မီးလောင်ရာ၊ အမာရွတ်များ ပတ်ပတ်လည်ပါသောကြိမ်များ၊ တစ်မီလီမီတာထက်အနက်ရှိသော အနာများ၊ ၁၃ ပေအထိ တစ်ချောင်းလုံး အနာရှိသော ကြိမ်များဖြစ်ကြပါသည်။ စံချိန်စံညွှန်းမကိုက်ညီပါက ပြည်ပရောင်းတန်းမဝင်၊ ပြည်တွင်းတွင်လည်း အဆင်မပြေသဖြင့် ဝယ်လိုအားကျဆင်းလေသည်။ ထို့ကြောင့် ထိုကြိမ်များကိုခုတ်ရန် မသင့်ပေ။

ကြိမ်ခုတ်ပြီးပါက ကြိမ်များမပျက်စီးစေရန် ပြုပြင်ထိန်းသိမ်းရန် များစွာအရေးကြီးပါသည်။ ပြည်တွင်းပြည်ပရောင်းတန်းဝင်ဖြစ်စေရန် ခုတ်ထားပြီးသော ကြိမ်အစိမ်းများကို လွယ်ကူစွာ ရေများထွက်စေရန် ထောင်ထားပြီး လေဝင်လေထွက်ကောင်းရမည်။ ကြိမ်များပျက်စီးရခြင်း၏ အဓိကအကြောင်းရင်းမှာ ဖားဥတက်တတ်ခြင်းပင်ဖြစ်သည်။ ဖားဥတက်ခြင်းမှာ ကြိမ်ပင်ပေါ်တွင် မှိုစွဲကာ အနက်အစက်အပြောက်ကလေးများ ကြိမ်ပင်ပေါ်တွင် စွဲကပ်ခြင်းဖြစ်ပါသည်။ ထိုသို့ဖားဥစွဲပါက ကြိမ်၏ လှပမှုပျက်စီးခြင်း၊ ခိုင်ခံ့မှုလျော့နည်းလာခြင်း၊ ဆွေးမြည့်ခြင်းများ ဖြစ်စေပါသည်။ ထို့ကြောင့် ၄င်းမှိုစွဲခြင်းမှ ကာကွယ်ရန် ကန့်ငွေ့ပေးခြင်း၊ ကန့်မှုန့်လိမ်းပေးခြင်း၊ သင့်တော်သော မှိုသတ်ဆေးနှင့် ဖျန်းခြင်း၊ လေဝင်လေထွက်ကောင်းစွာရရှိပြီး ခြောက်သွေ့စေခြင်း တို့ကို ပြုလုပ်ပေးရပါသည်။

ကြိမ်ကို ဆောင်းတွင်းအချိန်တွင် အများဆုံးခုတ်၍ စုဆောင်းရပါသည်။ ကြိမ်သည် မှိုတက်လွယ်ခြင်းကြောင့် ခုတ်ယူပြီး ကြိမ်များကို အခြောက်လှန်းပြီး ချက်ချင်းပြုပြင်မှသာလျှင် အရောင်ပြောင်းခြင်း၊ မှိုတက်ခြင်းတို့မှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ကြိမ်များကို အခွံခြစ်နေလှန်းခြင်း၊ ရေနွေးဖြင့် ပေါင်းတင်ခြင်း၊ မီးမြိုက်ခြင်း၊ မီးဖြင့်အခြောက်ခံခြင်းစသည်ဖြင့် ပြုပြင်ပေးပါသည်။ ကြိမ်အဆစ်ခွံများနှင့် ကြိမ်ပေါ်တွင် ကပ်နေသော အမြွေးများကို ဓားသွားသို့မဟုတ် ဝါးခြမ်းဖြင့် ခြစ်၍လည်း ခွာနိုင်ပါသည်။ ရေနံဆီဆွတ်ထားသော အဝတ်ဖြင့် သို့မဟုတ် ၀.၅ ရာခိုင်နှုန်းကော့စတစ်ဆိုဒါပါသောအရည်ဖြင့် ပွတ်တိုက်၍ အညစ်အကြေးကင်းစင်အောင် ပြုလုပ်ရသည်။ ထို့နောက် အခြောက်ခံရသည်။ လေဝင်လေထွက်ကောင်းသောနေရာတွင် ကြိမ်များကို ထောင်ထားခြင်းဖြင့်လည်း လျင်မြန်စွာ ခြောက်သွေ့လွယ်ပါသည်။



အခြောက်ခံပြီးသောအခါ ကန့်မှိုင်းတိုက်၍ အရောင်ချွတ်ခြင်းတို့ကို ပြုလုပ်ပါသည်။ ကန့်မှိုင်းတိုက်ခြင်းဖြင့် ဖျက်ဆီးသော မှိုများနှင့် ပိုးများကို သေစေ၍ ပို၍ ကြာရှည်ခံသည်။ ကန့်တစ်ပေါင်လျှင် ကြိမ်ပေါင်ချိန် ၅၀၀ ခန့် အသုံးပြုနိုင်ပါသည်။ ကန့်မှိုင်းတိုက်ပြီးသောအခါ သဲက္ကလစဖြင့် ပွတ်တိုက်ပေးခြင်းဖြင့် အရောင်တင်နိုင်သည်။ ကြပ်ခိုးတိုက်၍ အုန်းဆီနှင့်လည်း အရောင်တင်နိုင်ပါသည်။ ခုတ်ပြီးသော ကြိမ်များကို စနစ်တကျ အခြောက်ခံခြင်း၊ အရောင်တင်ခြင်းများ ပြုလုပ်မှသာလျှင် ဈေးကွက်ဝင်ကြိမ်များ ရရှိလေသည်။

## ကြိမ်ခုတ်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ

ကြိမ်ထုတ်လုပ်ခွင့်ရရှိသော ကြိမ်လုပ်ငန်းရှင်များကို ကြိမ်ခုတ်ယူထုတ်လုပ်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို သက်ဆိုင်ရာက သတ်မှတ်ထားပါသည်။

(၁) ကြိမ်ထုတ်လုပ်သူတို့သည် မိမိ ခုတ်ယူမည့်ကြိမ်များအတွက် သက်ဆိုင်ရာ သစ်တောဦးစီးဌာနမှ သတ်မှတ်ပေးသော ကြိမ်အတွက် သတ်မှတ်သည့် တောကွက် (ကြိုးဝိုင်း) များမှသာ ထုတ်ယူကြရမည် ဖြစ်သည်။

(၂) မိမိတို့အတွက် သစ်တောဦးစီးဌာနမှ ကြိမ်ထုတ်လုပ်ခွင့်၊ သစ်တောခွင့်ပြုမိန့် (လိုင်စင်) သစ်တောအခွန်ငွေများ ပေးဆောင်ပြီးမှသာ ထုတ်ယူကြရမည်။

(၃) မိမိအား ခွင့်ပြုသတ်မှတ်ပေးထားသော ကြိမ်လုံးအရေအတွက်၊ ကြိမ်အမျိုးအစားများကိုသာ ခုတ်ယူ ထုတ်လုပ်ကြရမည်။

(၄) ပြည်ပရောင်းတန်းမဝင်သော ကြိမ်များကို ခုတ်ယူခြင်း မပြုရပါ။

(၅) မခုတ်သင့်သော သက်နုကြိမ်ပင်ငယ်များကို ခုတ်ယူခြင်းသည် ရောင်းတန်းဝင်ကြိမ်လည်းမရ၊ ကြိမ်ပင်မျိုးများလည်း သုဉ်းသွားစေသဖြင့် အပင်ငယ်များကို မခုတ်ရပါ။

(၆) မြိုင်ကြိမ်ပင်များ၊ ကြိမ်နုများကို ဂရုပြုစောင့်ရှောက်ကြရမည်။ (မြိုင်ကြိမ်ဆိုသည်မှာ ရေစုပ်အားများသောကြောင့် ခြောက်သွေ့သောအခါ ရှုံ့သွားမည့်ကြိမ်)

(၇) လက်မဲကြိမ်ရွက်များကို အိမ်အမိုးပြုလုပ်ရန်အတွက် ကြိမ်လက်မဲပင်ငယ်များကို ခုတ်ယူခြင်း မပြုရပါ။

(၈) ပုရစ်ကိုက်၊ ကြပ်၊ ခြကိုက်၊ ပိုးကြီးပေါက်ပါကြိမ်များ၊ အပြစ်အနာအဆာရှိသောကြိမ်များကို မခုတ်ရပါ။

(၉) အဆစ်အကွာအဝေးတစ်ခုနှင့်တစ်ခု လွန်စွာခြားနားသော ကြိမ်ပင်များ၊ အဆစ်လိုက်လုံးပတ်အကြီး အသေး (အရင်းအဖျား) ကွာခြားလွန်းသောကြိမ်များကို မခုတ်ရပါ။



(၁၀) ကြိမ်လိမ်ကြိမ်ကောက်များ၊ တံတောင်ဆစ်ကွေးကြိမ်များ၊ တက်တူကောက်ကွေးကြိမ်များကို မခုတ်ရပါ။

(၁၁) တံပိုးဆိုင်းတန်းများပြုလုပ်ရန် "ကြိမ်ဖန်ပြား" အဖြစ် ကြိမ်နုများကို ခုတ်ယူအသုံးပြုခြင်းမပြုရန်ဟု ညွှန်ကြားထားပါသည်။

## တောတွင်း၌ပြုပြင်ခြင်း

ကြိမ်များပျက်စီးခြင်းမရှိစေရန် ခုတ်ပြီးလျှင်ပြီးချင်း ပြုပြင်ခြင်း၊ စနစ်တကျထားသိုခြင်းပြုလုပ်ရန် လိုအပ်ပါသည်။ တောတွင်း၌ ပစ္စည်းကိရိယာ နေရာအခက်အခဲရှိသောကြောင့် စနစ်တကျမထိန်းသိမ်းနိုင်မီ အောက်ပါအတိုင်း ပြုလုပ်ကြရပါသည်။

(က) ခုတ်ယူပြီးသောကြိမ်ပင်များမှ ဆူး၊ အရွက်စသည်တို့ကို ဖယ်ရှားပစ်ကြရသည်။

(ခ) ကြိမ်အတွင်း၌ပါဝင်နေသော ရေများ ဆောလျင်စွာ ထွက်သွားစေရန် ခုတ်ပြီးကြိမ်များကို သစ်ပင်ခွ၊ တောင်နံရံကပ်သို့နေရာများတွင် ထောင်ထားရမည်။ လေဝင်လေထွက်ကောင်းစေရန် ဂရုပြုကြရသည်။

(ဂ) မိုး၊ နှင်းစသည်တို့မထိစေရန် လိုအပ်ပါက မိုးကာဖျဉ်သုံး၍ ဖုံးအုပ်ကြရသည်။ အထူးသဖြင့် ညအခါတွင် ကာထားတတ်ကြသည်။

(ဃ) ကြိမ်သည် စိုစွတ်သောအခါ ဖြောင့်ရန်လွယ်ကူသည်။ ကြိမ်ခုတ်သူက ခုတ်၊ ဖြောင့်သူက ဖြောင့်၊ လူတစ်နိုင်စည်းသူကစည်းကြသည်။

ထိုသို့လူတစ်နိုင်အစည်းစည်းပြီး လှည်းလမ်းပေါက်သည့်နေရာအထိ လူအင်အားနှင့်သယ်ကြရသည်။

**ကဲ့ထောက်စခန်း၌ပြုပြင်ခြင်း**

ကဲ့သည်ဆိုသည်မှာ နည်းနည်းချင်းသယ်ယူရသည်ဟု အဓိပ္ပာယ်ရှိပါသည်။ ထောက်ဟူသည်မှာ စခန်းချရပ်နားသည်ဟု အဓိပ္ပာယ်ရှိပါသည်။ ကဲ့ထောက်စခန်းဆိုသည်မှာ မြို့ပေါ်ရှိ ဈေးကွက်သို့ မပို့မီတောတွင်းမှ ခုတ်ယူလာသော ပစ္စည်းများကို ယာယီထားသို၍ ဖြည်းဖြည်းချင်း သယ်ယူသည့်စခန်းကို ဆိုလိုပါသည်။

ကဲ့ထောက်စခန်းမှ ကြိမ်တို့ကို မော်တော်ကား၊ လှေ၊ မော်တော်တို့ဖြင့် သယ်ယူကြရပါသည်။ ထိုနေရာတွင် ရက်ပေါင်းများစွာကြာအောင် ပစ္စည်းစုရသောကြောင့် ကြိမ်တို့ အပျက်အစီး အများဆုံးဖြစ်တတ်သော နေရာဖြစ်သည်။ မြို့ပေါ်တွင် ကြိမ်တို့ကို ပြုပြင်သည်ထက် ကဲ့ထောက်တွင် ပြုပြင်သည်က ပိုမိုထိရောက်ပါသည်။

❖ ❖ ❖ ❖ ❖

# အခန်း (၁၀)

## ကြိမ်များ ပျက်စီးစေခြင်း၏ အဓိကအချက်များ

အမျိုးအစားကောင်းသော ပြည်တွင်းပြည်ပ ရောင်းတန်းဝင်ကြိမ်တို့၏ အဓိကအဖျက်ရန်သူမှာ ဖားဥတက်ခြင်း ဖြစ်ပါသည်။

ဖားဥတက်ခြင်းဆိုသည်မှာ စွတ်စိုသော အဝတ်၊ သစ်သီးဝလံ၊ သစ်ရွက်၊ ပေါင်မုန့်စသည်တို့တွင် စွဲကပ်တတ်သော အနက်ရောင်အစက်အပြောက်ငယ်များကို ဆိုလိုပါသည်။ အင်္ဂလိပ်ဘာသာဖြင့် MILDEWS ဟု ခေါ်ပါသည်။

ဖားဥတက်ခြင်းဆိုသည်မှာ အကယ်စင်စစ် မှိုရောဂါကျရောက်ခြင်းပင် ဖြစ်သည်။ အင်အားကောင်းသော အနုကြည့်ကိရိယာဖြင့် ကြည့်ပါက ပင့်ကူအိမ်သဖွယ်ဖြစ်နေသော မှိုမျှင်တို့ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

ထိုမှိုတို့သည် အပုပ်စား၊ အဆွေးစားအပင်များ (SAPROPHYTES) ဖြစ်ကြပါသည်။ ယင်းတို့၏ မျိုးစေ့မှာ ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ လေထဲတွင် အမြဲရှိသည်။ သက်ရှိသတ္တဝါသို့မဟုတ် အပင်တို့ သေသည်နှင့် ပဋိပစ္စည်း (ANTIBODY) ခေါ် ခုခံကာကွယ်ရေးအရည်များထုတ်လုပ်မှု ရပ်ဆိုင်းသွားသည်။ ထိုအခါ မှိုတို့၏ အဖျက်လုပ်ငန်းစသောအချိန် ဖြစ်လေသည်။

ထမင်းစားခန်းတွင် သိမ်းဆည်းထားသော ပေါင်မုန့်ပေါ်တွင် ဖြစ်ပေါ်လာသော အစိမ်းရောင်အမှုန်များမှာ မှိုများဖြစ်ပြီး စားပွဲကုလားထိုင်စသော ပရိဘောဂများတွင် ဖြစ်ပေါ်တတ်သော အဖြူရောင်အမှုန့်များမှာလည်း မှိုများဖြစ်ကြ၍ အဝတ်အထည်၊ ဝါးလုံး၊ ကြိမ်တို့တွင် ဖြစ်ပေါ်တတ်သော ဖားဥ (ခေါ်) အမည်းရောင်အပြောက်ငယ်များမှာလည်း မှိုများပင် ဖြစ်သည်။

ကြိမ်တွင် ဖားဥစွဲပါက ကြိမ်၏ လှပမှုကို ပျက်စီးစေခြင်း၊ ကြိမ်၏ ကြံ့ခိုင်မှု၊ တောင့်တင်းမှုကျဆင်းခြင်းနှင့် ဆွေးမြည့်ခြင်းစသည်တို့ ဖြစ်ပေါ်စေပါသည်။

အဆိုပါ မှိုရောဂါတို့မှ ကာကွယ်ရန် ကန့်ငွေ့ပေးခြင်း၊ ကန့်မှုန့်လိမ်းကျံခြင်း၊ သင့်တော်သော မှိုသတ်ဆေး (FNIRGICDE) ပက်ဖျန်းခြင်း၊ ကောင်းစွာ ခြောက်သွေ့စေခြင်း၊ လေဝင်လေထွက်ကောင်းစေခြင်းစသည့် နည်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကြိမ်များ ပျက်စီးခြင်း၏ အဓိကအကြောင်းရင်းမှာ ဖားဥတက်ခြင်းပင် ဖြစ်ပါသည်။ ထိုသို့ ဖားဥစွဲပါက ကြိမ်၏ လှပမှုပျက်စီးခြင်း၊ ခိုင်ခံ့မှုလျော့နည်းလာခြင်း၊ ဆွေးမြည့်ခြင်းများ ဖြစ်စေပါသည်။။ ထို့ကြောင့် ၎င်းမှိုစွဲခြင်းမှ ကာကွယ်ရန် ကန့်ငွေ့ပေးခြင်း၊ ကန့်မှုန့်လိမ်းကျံခြင်း၊ သင့်တော်သော မှိုသတ်ဆေးပက်ဖျန်းခြင်း၊ လေဝင်လေထွက် ကောင်းစွာရရှိပြီး ခြောက်သွေ့စေခြင်းတို့ ပြုလုပ်ပေးရပါသည်။

❖ ❖ ❖ ❖ ❖

## အခန်း (၁၁)

## ကြိမ်များကို နည်းစနစ်ကျစွာ ပြုပြင်ပေးခြင်း

ကြိမ်များကို မပျက်စီးစေရန် ခုတ်ပြီးလျှင်ပြီးချင်း စနစ်တကျပြုပြင်ပေးရန် လိုအပ်ပါသည်။ ကြိမ်အစိမ်းများတွင် ရေပါဝင်မှုများသဖြင့် ကြိမ်အတွင်းရှိ ရေများ အလျင်အမြန်ထွက်သွားကာ ကြိမ်အခြောက်ဖြစ်စေရန် အရေးကြီးပါသည်။ ထိုသို့ ပြုလုပ်ရာတွင် အခွံခြစ်နေလှန်းခြင်းနည်းကို အသုံးပြုကြသည်။ ကြိမ်များကို အခွံခြစ်ပြီးထောင်ထားရမည်။ ကြိမ်များကို အခွံခြစ်ရာတွင် အကျောကို ကုန်အောင်ခြစ်ခြင်းဖြင့် ကြိမ်ထဲမှာ ရေများလျင်မြန်စွာ ထွက်ပေမည်။ အခြားနည်းမှာ ရေနွေးနှင့်ပေါင်းခြင်း ဖြစ်ပါသည်။ အချို့သောဒေသများတွင် ကြိမ်ချောင်းများနှင့် ကောက်ရိုးများတစ်ထပ် စီပုံကာ မီးရှို့ပါသည်။ ထိုသို့ မီးမြိုက်သည့်နည်းသည် ဒိုက်ဦး၊ ညောင်လေးပင်၊ တောင်ငူမြို့နယ်များ၌ အသုံးများပါသည်။ ၎င်းပြင် ဒီဇယ်ဆီဖြင့် ပြုတ်ခြင်းနည်းကိုလည်း အသုံးပြုကြပါသည်။ ပွက်ပွက် ဆူနေသော ဒီဇယ်ဆီတွင် ကြိမ်အစိမ်းကို နှစ်ထားပြီး (၁၅) မိနစ်ခန့်မှ (၃၀) မိနစ်ခန့်ပြုတ်ရပါသည်။ ဤသို့ဖြင့် ရေများထွက်သွားကာ ဖားဥတက်ခြင်းမှ ကာကွယ်နိုင်ပါသည်။ ထို့အပြင် ဒီဇယ်ဆီများ ကြိမ်ကြောအတွင်းသို့ ဝင်သွားသဖြင့် ကွေးညွတ်ခံနိုင်စွမ်း ပိုကောင်းလာပါသည်။ ဤနည်း

သည် စီးပွားဖြစ်သုံးရန် အကောင်းဆုံးနည်း ဖြစ်ပါသည်။ အချို့သော သူများသည် ကန့်ငွေ့ပေးခြင်းကို အသုံးပြုကြပါသည်။ ကန့်ငွေ့ပေးခြင်း နည်းကို အသုံးပြုခြင်းဖြင့် ကန့်ကိုင်တွယ်ရာတွင် စနစ်မကျပါက ကန့်အဆိပ်ဖြစ်တတ်ခြင်း၊ ကန့်ငွေ့ပေးသော ကြိမ်သည် အခြားကြိမ် ထက် အနည်းငယ် ပို၍ ကြွပ်ဆတ်ခြင်းတို့ ဖြစ်စေနိုင်ပါသည်။ သို့သော်လည်း ကန့်ငွေ့ရိုက်ကြိမ်သည် အခြားကြိမ်ထက် အရောင် လှပသဖြင့် လူကြိုက်များပါသည်။

**အခွံခြစ်နေလှန်းခြင်း (SUN DRY SKIN OF METHOD)**

အခွံခြစ်နေလှန်းခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကြိမ်အတွင်းရှိ ရေများ အမြန်ထွက်သွားစေရန် ပြုလုပ်ခြင်း ဖြစ်ပါသည်။

အခွံခြစ်ပြီးသော ကြိမ်များကို ထောင်ထားရမည်။ လှဲ၍ မထား သင့်ပေ။ အခွံခြစ်ရာတွင် အကြောကိုသာ ကုန်အောင်ခြစ်ရန် ဖြစ်သည်။ အသားများစွာ ပါမသွားစေရ။ အခွံခြစ်ရာတွင် ဓားဖြင့် ခြစ်ခြင်းထက် ကျောက်ဖြင့် သွေးထားသော တံစဉ်ဖြင့် ခြစ်ခြင်းက ပိုမိုကောင်းမွန် ပါသည်။ အသားများစွာ ပါမသွားစေရန် အကြောကို လှန်၍ မခြစ် ရ။ အကြောအတိုင်းသာ ခြစ်ရမည်။ ကြိမ်ချောင်းကို လူ၏ ခါးအမြင့် ခန့်မြင့်သော ခုံပေါ်တွင် တင်၍ ခြစ်ပါက အလုပ်လုပ်ရန် ပိုမိုအဆင် ပြေပါသည်။ ဖျော့သော ကြိမ်အား အခွံခြစ်ရန် လွယ်ကူသည်။ ကောက်သော ကြိမ်အား အခွံခြစ်ရန် မလွယ်ပေ။ အလုပ်ကြီးကြပ်သူ က အလုပ်သမားများအား ကြိမ်ကောက်၊ ကြိမ်ဖြောင့်မျှ၍ အလုပ်ချ ပေးရပါသည်။

အခွံခြစ်နေလှန်းခြင်းသည် စရိတ်သက်သာသောနည်း ဖြစ်ပါ သည်။ သို့သော် ကြိမ်တို့သည် အလျားလိုက်ခွဲခြင်း၊ ကြွပ်ဆတ်ခြင်း



တို့ ဖြစ်ပေါ်လာတတ်သည်။ ပရိဘောဂလုပ်ရာတွင် ကွဲလွယ်သဖြင့် အလေအလွင့်များလေသည်။

**ရေနွေးဖြင့် ပေါင်းနည်း (STEAMING METHOD)**




ဤနည်း၏ ရည်ရွယ်ချက်မှာ ကြိမ်အတွင်းရှိ ရေများအား ရေနွေးငွေ့ဖြင့် အပူပေး၍ ထုတ်ပစ်ခြင်း ဖြစ်သည်။ (က) သည် ဘွိုင်လာငယ်ဖြစ်သည်။ (ခ) သည် ကြိမ်ချောင်းများထည့်သော အိုးဖြစ်သည်။ (ဂ) သည် ဘွိုင်လာနှင့် ပေါင်းအိုးဆက်ထားသော ပိုက်ဖြစ်သည်။ (ဃ) သည် ရေနွေးငွေ့ထွက်ပေါက်ဖြစ်သည်။ (င) သည် ပြွတ်အိုးအတွင်းရှိ ရေများ၏ ထွက်ပေါက်ဖြစ်ပါသည်။

သာမန်ဖိအားတွင် ပွက်ပွက်ဆူနေသောရေမှာ ၁၀၀ ဒီဂရီစင်တီ ဂရိတ်ဖြစ်သကဲ့သို့ ရေနွေးငွေ့သည်လည်း ၁၀၀ ဒီဂရီစင်တီဂရိတ်ပင် ဖြစ်သည်။ ၁၀၀ ဒီဂရီစင်တီဂရိတ်သာရှိသော ရေနွေးငွေ့ဖြင့် ကြိမ် အတွင်းရှိ ရေတို့အား အငွေ့ပြန်စေခြင်းမှာ မလွယ်ကူပေ။ ရေစင်မည် မဟုတ်ပေ။ ရေနွေးငွေ့သည် အပူချိန် ၁၀၀ ဒီဂရီစင်တီဂရိတ်ကျော် သော အထူးအပူရေနွေးငွေ့ (SUPER HEATED STEAM) ဖြစ်ရန် လိုပါသည်။ ထိုသို့ဖြစ်ရန် ကိရိယာသည် လေကောင်းစွာ လုံရ မည်ဖြစ်သောကြောင့် ဤနည်းတွင် အတတ်ပညာပိုင်းဆိုင်ရာ လိုအပ် ချက်များစွာ ရှိလေသည်။

**မီးမြှိုက်ခြင်း (SMOKING METHOD)**

ကြိမ်ချောင်းများနှင့် ကောက်ရိုးများကို တစ်လွှာစီထပ်၍ ပုံရသည်။ အပုံကြီးအား ရွံ့ငုံရပါသည်။ လေဝင်ပေါက်အနည်းငယ်သာထားပြီး ကောက်ရိုးများကို မီးရှို့ရသည်။ ကောက်ရိုးတို့သည် အောက်ဆီဂျင်အရနည်းသောကြောင့် ဖြည်းညင်းစွာ မီးလောင်သည်။ မီးအပူရှိန်ကြောင့် ကြိမ်အတွင်းရှိ ရေငွေ့တို့ အငွေ့ပြန်သည်။ ကြိမ်တို့၏ အရောင်မှာ နီမြန်းလာသည်။ ဤနည်းသည် ကြိမ်ငယ်များအတွက် သင့်တော်သောနည်းဖြစ်သည်။ ဒိုက်ဦး၊ ညောင်လေးပင်၊ တောင်ငူနယ်တစ်ဝိုက်တွင် အသုံးများသော နည်းဖြစ်ပါသည်။

**ဒီဇယ်ဆီဖြင့် ပြုတ်နည်း**




က - ထင်းထည့်ရန် ခ - မီးတောက် ဂ - ပြုတ်အိုး ဃ - ရွံ့ကာ

ကြိမ်ပြုပြင်နည်းများတွင် ဤနည်းသည် အကောင်းဆုံးဖြစ်သည်။ သံစည်ပိုင်းပြတ်များဖြင့် ပြုလုပ်ထားသော ပြုတ်ကန်တွင် ဒီဇယ်ဆီကို ထည့်သည်။ အပေါက်ဝ (က) မှ ထင်းချောင်းများထည့်၍ အပူပေးသည်။ မီးတောက်သည် အပေါက်ဝ (ခ) မှ ထွက်သည်။ မီးတောက်နှင့် ပူနေသော ဒီဇယ်ဆီ မထိတွေ့စေရန် အပေါက်ဝ (က) နှင့် (ခ) တို့ကို ပြုတ်အိုးမှ ဝေးဝေးထားရသည်။ ပြုတ်အိုးအား ပုံတွင်ပြထားသည့်အတိုင်း ရွံ့ဖြင့် မံထားသောကြောင့် မီးတောက်သည့် ဒီဇယ်ဆီအား မကူးနိုင်။



ပွက်ပွက်ဆူနေသော ဒီဇယ်ဆီတွင် ကြိမ်အစိမ်းအားနှစ်၍ ထားရသည်။ ကြိမ်အနုအရင့်ကိုလိုက်၍ (၁၅) မိနစ်မှ မိနစ် (၃၀) အထိ ပြုတ်ကြရသည်။

ကြိမ်တွင်းရှိ ရေတို့ အပူရှိန်ကြောင့် အငွေ့ပြန်ထွက်သွားသည်။ အကြောတွင်းသို့ ဆီများ စီးဝင်သွားသဖြင့် ကြိမ်၏ ကွေးညွှတ်ခံနိုင်စွမ်း ပိုကောင်းလာပါသည်။

ဒီဇယ်ပြုတ်ပြီး ကြိမ်အား လွှစာမှုန့်ဖြင့် ပွတ်တိုက်ပေးရသည်။ လွှစာမှုန့်ဖြင့် ပွတ်တိုက်ပေးခြင်းအားဖြင့် ကြိမ်ပေါ်တွင် ပေကျံနေသော ဒီဇယ်ဆီများ လျင်မြန်စွာ ခြောက်သွေ့စေပါသည်။ ထိုလွှစာမှုန့်များကိုလည်း လောင်စာအဖြစ် ပြန်လည်အသုံးပြုနိုင်သည်။ ကြိမ်အလုံး (၁၀၀၀) လျှင် ဒီဇယ်ဆီဂါလံ (၅၀) အနည်းဆုံး သုံးရပါသည်။ ဤနည်းသည် လက်တွေ့ကျကျ အကောင်းဆုံးနည်းဖြစ်သည်။

**ကန့်ငွေ့ပေးခြင်း (SULPHYARISHTION METHOD)**

ကန့်ငွေ့ပေးခြင်းရည်ရွယ်ချက်မှာ ကြိမ်တွင် တွယ်ကပ်လာသော ကပ်ပါးမှိုများသေစေရန်နှင့် နောက်ထပ်မတွယ်ကပ်စေရန် ဖြစ်ပါသည်။ အလျား ၂၈ ပေ၊ အနံ ငါးပေ၊ အမြင့် လေးပေ သို့မဟုတ် ခြောက်ပေရှိသောအုတ်၊ အင်္ဂတေဖြင့်သော်လည်းကောင်း၊ ဝါးထရံကို ရွှံ့စေးမံ၍သော်လည်းကောင်း၊ တည်ဆောက်ထားသောကန့်ပေးခန်း နှစ်ခုသို့မဟုတ် သုံးခုကို ကြိမ်၏ပမာဏကိုလိုက်၍ ဆောက်ရမည်။ ကန့်ငွေ့ပေးခန်း၏အတွင်းအောက်ခြေတွင် ဇလီဖားတုံးများကို နှစ်ပေ

ခန့်စီအကွာအဝေးခြား၍ ထောင်လျက်စီထားရမည်။ အဆိုပါ ကန့်ငွေ့ပေးခန်းအတွင်းတွင် တောတွင်းမှ အသင့်ပြုပြင်ပြီးရောက်ရှိလာသော ကြိမ်များကို စနစ်တကျစီထားရမည်။ စနစ်တကျစီထားရမည်ဟု ဆိုရာတွင် ကန့်ငွေ့များ ကြိမ်အစည်းအတိုင်းနှင့် ကောင်းစွာတွေ့နိုင်ရန် စီမံထားခြင်းဖြစ်လေသည်။ အဆိုပါကန့်ငွေ့ပေးခန်း၏ ထိပ်တစ်ဖက်တစ်ချက်တွင် မဆလာဒယ်အိုးပိုင်းတစ်ခုစီထား၍ အဆိုပါဒယ်ပိုင်းအတွင်း၌ ကန့်တုံးကလေးများ တစ်ပေခန့်ကိုထည့်ကာ မီးရှို့ပေးရမည်။ ကန့်ငွေ့များ ကောင်းစွာမီးစွဲသောအခါ ကန့်ငွေ့ပေးခံထားရသောကြိမ်သည် အခြားကြိမ်ထက်အနည်းငယ်ပို၍ ကြွပ်ဆတ်သည်ဟု ဆိုကြသည်။ ကန့်အား ကိုင်တွယ်ပုံစနစ်မကျပါက ကန့်အဆိပ်ဖြစ်တတ်သည်။ ကန့်ငွေ့ပေးထားသောကြိမ်သည် လှပသောကြောင့် လူကြိုက်များလေသည်။

## သဲဖြင့်ပွတ်နည်း (SANDING METHOD)

ဒီဇယ်ဖြင့်ပြုလုပ်ထားသော ကြိမ်ကိုဖြစ်စေ၊ ကြိမ်အစိမ်းကိုဖြစ်စေ သဲဖြင့်ပွတ်ပေးပါက ကြိမ်၏အရည်အသွေး ပိုမိုကောင်းမွန်ပါသည်။ ကြိမ်တွင် စေးကပ်သောအရည်များရှိသည်။ မြေပေါ်တွင် နှစ်ရှည်လများနေခဲ့ရသောကြောင့် ညစ်ပေနေသည်များလည်း ရှိသည်။ ထိုအညစ်အကြေးများကင်းစင်သွားစေရန် သဲဖြင့်ပွတ်ပေးရခြင်းဖြစ်ပါသည်။ သဲသည် ရွှံ့ကင်းစင်သောသဲဖြူဖြစ်ပါက ပို၍ကောင်းသည်။ ရွှံ့ပါသောသဲ သို့မဟုတ် အိုးတိုက်ဖွဲပြာကဲ့သို့သော မည်းညစ်သည့် ပစ္စည်းများဖြင့် ပွတ်တိုက်ပါက ကြိမ်တွင်ရှိသော ကွဲရာငယ်များ အကြားသို့ အညစ်အကြေးများဝင်၍ အရည်အသွေးညံ့စေပါသည်။



သဲဖြူဖြင့် သေချာစွာပွတ်တိုက်သန့်စင်သောကြိမ်ကို ပြည်ပဝယ်ယူသူများ ပိုမို ကြိုက်နှစ်သက်ကြပါသည်။

## မီးဖိုဖြင့်ခြောက်သွေ့စေခြင်း (DRYING BY OVEN)




မီးဖိုဖြင့် ခြောက်သွေ့စေခြင်း

မီးဖိုတံခါးမကြီးမှ ကြိမ်ချောင်းများကို ထောင်လျက်ဖြစ်စေ၊ ရေပြင်ညီအတိုင်းဖြစ်စေ ထည့်သည်။ မီးဖိုမှ ထင်းဖြင့်အပူပေးရသည်။ အရှိန်ရလာသောအခါ လေရှူပေါက်မှ မီးစဖြင့်အပူပေးချလိုက်သောအခါ မီးဖိုမှအပူငွေ့တို့သည် ကြိမ်ချောင်းများတင်ထားသော စင်များအောက်မှ မီးအနေအထား၊ ကြိမ်အနေအထားတို့ကို စစ်ဆေးသည်။ သာမိုမီတာဖြင့် အပူချိန်တိုင်းသည်။ အပူချိန်မြင့်တက်လာလျှင် အပူထိန်းတံခါးကို ပိတ်လိုက်သည်။ ဤနည်းဖြင့် အပူချိန်ကို ထိန်းသည်။ မိုးအခါ ကြိမ်ခြောက်သွေ့စေရန်ပြုလုပ်သော နည်းကောင်းတစ်ခု

ဖြစ်သည်။ ပဲခူးနယ်တစ်ဝိုက်မှ ပန်းကန်ထုတ်လုပ်သူအချို့သည် မိမိလုပ်ငန်းသုံးမီးဖိုအား မိုးအခါ ပြန်လည်ပြုပြင်၍ ကြိမ်လုပ်ငန်းတွင် သုံးလေ့ရှိပါသည်။

❖ ❖ ❖ ❖ ❖

## အခန်း (၁၂)

## ကြိမ်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်း

ကြိမ်ပင်သည် အလေ့ကျပေါက်သည့်အပင်ဖြစ်သော်လည်း အပင်များခုတ်ယူပြီး ကြိမ်ပြုန်းတီးမှုမဖြစ်စေရန် ပြန်လည်စိုက်ပျိုးရပါသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းနိုင်ခြင်း၊ သဘာဝအလျောက် အလေ့ကျပေါက်သောကြိမ်ထက် အမျိုးအစားကောင်းမွန်သောကြိမ်များ ရရှိစေခြင်း၊ နိုင်ငံခြားဝင်ငွေတိုးခြင်း အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။ ပျဉ်းမနား-ပင်လောင်း မော်တော်ကားလမ်း မိုင်တိုင်အမှတ်-၁၁ တွင်ရှိသော ကျောက်ဖျာဒေသတွင် ရေဆင်းစိုက်ပျိုးရေးသုတေသနအဖွဲ့မှ စတင်စမ်းသပ်စိုက်ပျိုးနေသည်ဟု သိရှိရပါသည်။ ထို့ပြင် ကြိမ်စမ်းသပ်စိုက်ပျိုးရေးဥယျာဉ်တစ်ခုကို ရှမ်းကုန်းပြင်မြင့်ရှိ တောင်စွယ်တစ်ခုပေါ်တွင် စိုက်ပျိုးလျက်ရှိပါသည်။ စိုက်ပျိုးသောကြိမ်များသည် အလေ့ကျပေါက်သောကြိမ်ထက် ကွေးညွှတ်ခံနိုင်စွမ်းပို၍ ပျော့ပျောင်းသဖြင့် ပရိဘောဂလုပ်ရန် ပိုမိုကောင်းမွန်ပါသည်။ စိုက်ပျိုးကြိမ်သည် ပင်စည်လုံးပတ်ညီညာပြီး နေရောင်ညီညာစွာရသဖြင့် ကြိမ်တစ်ပင်လုံး အရောင်တူညီသည့်အတွက် ဈေးကောင်းရပါသည်။ စိုက်ပျိုးသူတို့ စိုက်ပျိုးထားသဖြင့် ပိုးကောင်၊ ပုရစ်၊ ပုရွက်ဆိတ်များကိုက်ခြင်းကင်း၍ အနာကင်းခြင်း၊

မြေသြဇာ၊ ရေကောင်းစွာရရှိသဖြင့် ပင်လုံးကြီးကာ ရောင်းပန်းလှသော ကြိမ်ကောင်းကြိမ်သန့်များ ရရှိစေပါသည်။

မည်သည့်သစ်တောမဆို လူတို့အသုံးပြုရန် ခုတ်လှဲပြီးပါက နောင်လာနောက်သားအတွက် သစ်တောပြုန်းတီးမှုမရှိစေရန် ပြန်လည်စိုက်ပျိုးကြရစမြဲဖြစ်ပါသည်။ ကျွန်းပင်ကဲ့သို့သော တန်ဖိုးကြီးမားသည့်အပင်များ စိုက်ပျိုးသကဲ့သို့ ကြိမ်ပင်များကိုလည်း ပြန်လည်စိုက်ပျိုးရန်လိုအပ်ပါသည်။ ကြိမ်ပင်များစိုက်ပျိုးခြင်းဖြင့် (က) မြေဆီလွှာထိန်းသိမ်းနိုင်ခြင်း၊ (ခ) ရာသီဥတုကောင်းမွန်ခြင်း၊ (ဂ) ကြိမ်ပြုန်းတီးမှုမှ ကာကွယ်နိုင်ခြင်း၊ (ဃ) သဘာဝပေါက်အလေ့ကျကြိမ်များထက် အမျိုးအစားကောင်းမွန်သောကြိမ်များ ရရှိနိုင်ခြင်း၊ (င) နိုင်ငံခြားဝင်ငွေရရှိစေနိုင်ခြင်း (စ) ကျွဲနွားစားကျက် ကျယ်ပြန့်လာနိုင်ခြင်း စသော အကျိုးတရားများ ဖြစ်ပေါ်စေပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ဂျပန်နိုင်ငံ ကျွမ်းကျင်မှုပညာရှင်အကူအညီဖြင့် ကလီမန်တန်ကျွန်း (KALTMANTAN) ကြိမ်ပင်များကို စနစ်တကျစိုက်ပျိုးနေကြပြီဖြစ်ပါသည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံတွင်လည်း ပရိဘောဂလုပ်ငန်းရှင်များက ကြိမ်အရိုင်းများ လွယ်ကူစွာရရှိနိုင်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံပိုင် မင်ဒိုရိုကျွန်း (MIN DORO) တွင် ကြိမ်စိုက်ခင်းများပြုလုပ်နေကြပြီ ဖြစ်ပါသည်။

သုတေသနစာတမ်းတစ်စောင်၏အဆိုအရ စိုက်ပျိုးထားသော ခပေါင်းကြိမ်အား ခြောက်နှစ်သားအရွယ်မှစတင်၍ အသုံးပြုနိုင်သည်ဟု ဆိုပါသည်။ (၁၅) နှစ်သားအရွယ် ကြိမ်သည် ကောင်းစွာရင့်ကျက်သောကြိမ်ဖြစ်ပြီး အလျားပေတစ်ရာခန့်ရှိသည်ဟု ဆိုပါသည်။



မြန်မာနိုင်ငံတွင်မူ ၁၉၈၅ ခုနှစ်မှစ၍ ပျဉ်းမနား-ပင်လောင်း ကားလမ်း မိုင်တိုင်အမှတ် (၁၁) တွင်ရှိသော ကျောက်ဖျာဒေသတွင် ရေဆင်းစိုက်ပျိုးရေးသုတေသနအဖွဲ့မှ မြန်မာ့ကြိမ်များကို စတင်စိုက်ပျိုးနေပြီဖြစ်ပါသည်။

အဆိုပါဒေသသည် ပင်လယ်ရေမျက်နှာပြင် အထက်ပေ (၁၂၃၀) တွင်ရှိပါသည်။ ဒေသတွင် အမြဲစိမ်းသစ်တောများရှိသည်။ နှစ်စဉ်မိုးရေချိန်လက်မ (၆၀) ခန့်ရွာသွန်းလျက်ရှိသည်။ ကြိမ်စမ်းသပ်စိုက်ပျိုးဥယျာဉ်သည် ရှမ်းကုန်းမြေမြင့်လက်တက်ဖြစ်သော တောင်စွယ်တစ်ခုပေါ်တွင် တည်ရှိပါသည်။ သဘာဝသစ်တောထဲတွင် ကြိမ်ခါး၊ ရေကြိမ်နှင့် ကြိမ်တို့ပေါက်ရောက်လျက်ရှိသည်။

ကြိမ်ခါး၊ ရေကြိမ်၊ ကုန်းကြိမ်တို့ကို စမ်းသပ်ခန်းတွင် အပင်ပေါက်များအဖြစ်ပျိုးပြီး ဥယျာဉ်တွင် စိုက်ပျိုးခြင်းဖြစ်သည်။ မကြာသောကာလတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ သစ်တောများတွင် လူတို့ခုတ်ယူသွားသော ဝါးတော၊ ကြိမ်တော၊ သစ်တောများနေရာ၌ စိုက်ခင်းများ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်တော့မည် ဖြစ်ပါသည်။

## အလေ့ကျပေါက်ကြိမ်နှင့် စိုက်ပျိုးကြိမ်ကွာခြားချက်

အလေ့ကျပေါက်ရောက်သောကြိမ်ဆိုသည်မှာ တောတောင်လျှိုမြောင်များအတွင်း သဘာဝအတိုင်းပေါက်သော ကြိမ်ကိုဆိုလိုသည်။

စိုက်ပျိုးသောကြိမ်ဆိုသည်မှာ လူတို့သေချာစွာစိုက်ပျိုးထားသော ကြိမ်ကိုဆိုလိုပါသည်။

၁။ အလေ့ကျကြိမ်တို့သည် သဘာဝအနေအထားအတိုင်း ရောက်လေရာ လျှိုမြောင်သစ်ပင်တို့ကို နွယ်တက်တတ်

သောကြောင့် ကွေ့ကောက်သည်။ စိုက်ပျိုးသောကြိမ်သည် ဖြောင့်တန်းသည်။

၂။ အလေ့ကျကြိမ်တို့သည် အပင်ရိုင်းများဖြစ်သည်။ အဆစ်ကြီးသည်။ စိုက်ပျိုးရေးကြိမ်၏ အဆစ်သည် ငယ်သည်။ အဆစ်တစ်ခုနှင့် တစ်ခုအကြား အကွာအဝေးလည်း ရှည်လျားသည်။

၃။ စိုက်ပျိုးရေးကြိမ်တို့သည် အလေ့ကျကြိမ်တို့ထက် ကွေးညွတ်ခံနိုင်စွမ်း ပိုကောင်းပါသည်။ ပျော့ပျောင်းသည်။ ကြိမ်ပရိဘောဂလုပ်ရန် ပိုကောင်းသည်။

၄။ အလေ့ကျကြိမ်တို့၏ ပင်စည်လုံးပတ်သည် ညီညာခြင်းနည်းပါးသည်။ အရင်းကြီးအဖျားရှူးတတ်သည်။ စိုက်ပျိုးကြိမ်တို့မှာ ပင်စည်လုံးပတ်ညီညာသည်။

၅။ စိုက်ပျိုးကြိမ်တို့ရရှိသောနေရောင်မှာ ညီညာသောကြောင့် ကြိမ်၏အရောင်တူညီသည်။ အလေ့ကျပေါက်ကြိမ်တို့၏ အရောင်မှာ မတူညီပေ။

၆။ စိုက်ပျိုးသောကြိမ်တို့မှာ လူတို့ပြုစုထားသောကြောင့် ပိုး၊ ပုရစ်၊ ပုရွက်ဆိတ်တို့ကိုက်ခြင်းမှ ကင်းသည်။ ဒဏ်ရာနည်းသည်။ အလေ့ကျပေါက်ကြိမ်တို့မှာ ဒဏ်ရာများသည်။

၇။ စိုက်ပျိုးသောကြိမ်မှာ မြေဩဇာ၊ ရေ၊ နေကောင်းစွာရသောကြောင့် ကောင်းစွာဖွံ့ဖြိုး၍ ပင်လုံးကြီးခြင်း၊ အလေ့ကျကြိမ်တို့မှာ ပင်လုံးငယ်ခြင်းစသည်ဖြင့် ကွာခြားပါသည်။



**ဓမ္မတာမျိုးဆက်ခြင်း**

ကြိမ်မျိုးဆက်ခြားခြင်းမှာ ပုံမှန်အားဖြင့် အစေ့မှဖြစ်ပြီး အစေ့မှမျိုးဆက်ခြင်းသည် အများဆုံးဖြစ်သည်။ ကြိမ်ပင်သည် အဖိုအမရှိပြီး အမပင်များမှအသီးသီးပြီး မျိုးဆက်သည်။ ကြိမ်ပင်သည် အသက် (၁၀) နှစ်မှ (၁၄) နှစ်တွင် အသီးသီး၍ မျိုးဆက်သည်။ အစေ့မှမျိုးပွားခြင်းအပြင် ရိုင်ဇုမ်း (Rhizomes)မှ မျိုးပွားခြင်း၊ ငုတ်တက်မှမျိုးပွားခြင်းများလည်း တွေ့ရပါသည်။ ကြိမ်ခုတ်ယူပြီးကျန်ခဲ့သောငုတ်မှ အတက်ပြန်ထွက်ခြင်းအား သစ်တောသုတေသနဌာန သုတေသနပြုချက်အရ ၆၂ ရာခိုင်နှုန်းခန့် အတက်ပြန်ထွက်ကြောင်း တွေ့ရှိရပါသည်။ အချို့နေရာများတွင် ၇၀ ရာခိုင်နှုန်းအထိ ငုတ်တက်ပြန်ထွက်ကြောင်း သိရှိရပါသည်။ ကြိမ်မျိုးဆက်ခြင်းအတွက် အရေးပါသော ငုတ်တက်ထွက်ခြင်းအား အဓိကအနှောင့်အယှက်မှာ တောမီးဖြစ်ပါသည်။ တောမီးကြောင့် ကြိမ်ငုတ်များ မီးလောင်ပျက်စီး၍ မျိုးပွားခြင်းကို ထိခိုက်ပါသည်။

**ပဝတ္တိမျိုးဆက်ခြင်း**

သစ်တောသုတေသနဌာနမှ ဈေးကွက်အရ အရေးပါသည့် ကြိမ်မျိုးများအား ပဝတ္တိနည်းဖြင့်မျိုးပွားခြင်းအား စမ်းသပ်ခဲ့သည်ဟု သိရပါသည်။ စမ်းသပ်ခဲ့သည့်ကြိမ်မျိုးများမှာ လက်မဲကြိမ်၊ သိုင်းကြိမ်၊ ဒနုံးကြိမ်၊ ကြိမ်ခါးနှင့် ရေကြိမ်မျိုးများကို စမ်းသပ်ခဲ့သည်။ စမ်းသပ်ရာတွင် လွှစာမှုန့်ပျိုးပေါင်တွင် ပျိုးထောင်စမ်းသပ်နည်း၊ စပါးခွံဖွဲပြာတွင် ပျိုးထောင်စမ်းသပ်နည်းနှင့် သဲပျိုးပေါင်တွင် ပျိုးထောင် စမ်းသပ်နည်းတို့ဖြင့် စမ်းသပ်ခဲ့ပါသည်။ အဆိုပါစမ်းသပ်ချက်အရ လွှစာမှုန့်

ပျိုးပေါင်တွင် ပျိုးထောင်ခြင်းသည် ပေါက်ရောက်မှု အကောင်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကြိမ်အမျိုးအစားအလိုက် ပေါက်ရောက်မှုနှုန်းတွင်လည်း လက်မဲကြိမ်သည် အကောင်းဆုံးဖြစ်ပြီး ကြိမ်ခါးသည် ပေါက်ရောက်မှုအနည်းဆုံးနှင့် နောက်အကျဆုံးဖြစ်ပါသည်။

## အစေ့စုဆောင်းခြင်း

ကြိမ်စေ့အမြောက်အမြားရရှိရန် အခက်အခဲရှိသော်လည်း အစေ့ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ ကြိမ်များအပွင့်မပွင့်မီ ထုတ်ယူသုံးစွဲခြင်းနှင့် ကြိမ်၏ ရှင်သန်ပေါက်ရောက်ရာသဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခြင်းသည် ကြိမ်စေ့များ အများအပြား စုဆောင်းရရှိရေးကို ထိခိုက်စေပါသည်။ ကြိမ်စေ့တို့သည် မိုးရာသီတွင် မှည့်လေ့ရှိပြီး ဧပြီလနှင့် မေလတို့သည် ရင့်မှည့်သော အသီးများကို စုဆောင်းရန် အကောင်းဆုံးလများဖြစ်ကြပါသည်။ ကြိမ်စေ့စုဆောင်းရာတွင် အမြင့် ၁၂ မီတာကျော်သော အပင်ရင့်များမှသာ စုဆောင်းသင့်သည်။ ကြိမ်သီးများ အစိမ်းရောင်မှ အဝါရောင်သို့ ပြောင်းလဲချိန်တွင် ခူးယူစုဆောင်းနိုင်ပြီဖြစ်သည်။ အသီးခိုင်တို့သည် တောက်ပြောင်သော အဝါရောင်ရှိသည့်အတွက် ပုရွက်ဆိတ်စသည့် ပိုးမွှားများအား ဆွဲဆောင်မှုရှိစေပြီး ချိုချဉ်အရသာရှိသော အသီး၏ အသားမျှင်တို့ကို ငှက်တို့က အစာအဖြစ်စားသောက်ကြပါသည်။ အသီးရင့်မှည့်ချိန်တွင် အပင်အား အနည်းငယ်လှုပ်ယမ်းရုံဖြင့် အလွယ်တကူ ကြွေကျနိုင်ပါသည်။

အသီး၏ အပြင်ခွံနှင့် အသားလွှာတို့ကို ဖယ်ရှားပစ်ခြင်းသည် သစ်စေ့မှ အပင်ပေါက်ရန် လွယ်ကူသေချာစေပါသည်။ ရရှိလာသော



အစေ့များကို တစ်ပတ်ကြာသည်အထိ သိုလှောင်ထားနိုင်ပါသည်။ သို့ရာတွင် အစိုဓာတ်အား ထိန်းညှိပေးရန် လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ခြောက်သွားသော သစ်စေ့များမှ အပင်ပေါက်ရန် ခက်ခဲသောကြောင့် ဖြစ်သည်။ ပျမ်းမျှအားဖြင့် တစ်ကီလိုဂရမ်အလေးချိန်တွင် ကြိမ်စေ့ ၁၀၀၀ ပါဝင်ပါသည်။ ကြိမ်သီးတို့အား ရေစိမ်ကြည့်ပါက ရင့်သောအသီးသည် ရေအောက်တွင် မြုပ်ပြီး မရင့်သောအသီးသည် ရေတွင် ပေါ်ပါသည်။ အသီးအရင့်ကိုသာ စိုက်ပျိုးသင့်ပါသည်။

## ကြိမ်စေ့များကို သိုလှောင်ခြင်း

သန့်စင်ပြီး ရရှိလာသော ကြိမ်စေ့များကို နေရောင်ဖြင့် ခြောက်သွေ့စေပြီး နောက်မိုးမကျမီအထိ ဂုန်နီအိတ်အတွင်း ထည့်သွင်း၍ သိမ်းဆည်းထားရပါသည်။ ကြိမ်စေ့ပျက်စီးမှုမရှိစေရန်အတွက် မှိုသတ်ဆေးများ ပက်ဖျန်းရန် လိုအပ်ပါသည်။ လုံလောက်သောအချိန်မရနိုင်ပါက ကြိမ်စေ့များကို လွှစာမှုန့်အစိုများနှင့် ရောနှော၍ သင့်တင့်သည့်အရွယ်ရှိ ပလတ်စတစ်အိတ်များအတွင်း ထည့်သွင်း၍ အပင်ပေါက်သည်အထိ နှစ်ပတ်ကြာခန့် သိမ်းဆည်းထားနိုင်ပါသည်။ လွှစာမှုန့်အပေါ်ယံခြောက်သွေ့သည့်အခါတိုင်း ရေပက်ဖျန်းပေးခြင်းဖြင့် အစေ့မှ အပင်ပေါက် အားကောင်းစေပါသည်။

ယေဘုယျအားဖြင့် ကြိမ်သည် အစေ့မှအပင်ပေါက်စွမ်းအားကာလ Viability တိုတောင်းပြီး တစ်လမှ နှစ်လအထိသာ ဖြစ်ပါသည်။ အစိုဓာတ် ၆၀ ရာခိုင်နှုန်းရှိသော အပင်များသာ အပင်ပေါက်နိုင်ပြီး အစိုဓာတ် ၄၀ ရာခိုင်နှုန်းအောက်ရှိသော အစေ့များမှာ အပင်

မပေါက်နိုင်ပါ။ စနစ်တကျ သိုလှောင်သိမ်းဆည်းနိုင်ပါက အပင် ပေါက်နိုင်စွမ်း Viability မှာ ခြောက်လအထိ ကြာမြင့်နိုင်ပါသည်။

❖ ❖ ❖ ❖ ❖

## အခန်း (၁၃)

## ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်း

ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရန်အတွက် ကြိမ်ကို (A, B, C, D) ဟူ၍ လေးမျိုးလေးစားခွဲထားပါသည်။ A အဆင့်ရှိ ကြိမ်များသည် အကောင်းဆုံးဖြစ်၍ ပိုးကိုက်ခြင်း၊ ဖားဥတက်ခြင်းကင်းကာ လုံးပတ်ညီညာပြီး အဖျားရှုံးခြင်းမရှိဘဲ ဖြောင့်တန်းဖြူဖွေးတောက်ပသော ကြိမ်မျိုးဖြစ်ရပါမည်။ ထို့ပြင် ရောင်းတန်းဝင်အရွယ်အစားမှာလည်း ရမထာကြိမ် (၁၀) မှ (၂၅) မီလီမီတာ၊ ကြိမ်နီ လေးမှ (၂၀) မီလီမီတာ၊ ကြက်ဥကြိမ် လေးမှ ခြောက်မီလီမီတာ၊ ရေကြိမ်လေးမှ (၂၀) မီလီမီတာတို့ဖြစ်ပြီး ကပေါင်းကြိမ်မှာ (၂၅) မီလီမီတာထက်ကြီးမှ ပြည်ပဈေးကွက်တွင် မျက်နှာပန်းလှပြီး ရောင်းပန်းပွင့်မည်ဖြစ်ပါသည်။ ၎င်းပြင် ကမ္ဘာ့ရောင်းတန်းဝင်ကြိမ်များ၏ အလျားမှာ (၁၃) ပေရှိရပါမည်။ နိုင်ငံခြားပို့ကုန်အဖြစ် ရောင်းချမည်ဆိုပါက ကြိမ်များ ဖြောင့်တန်းစေရန် ကြိမ်အဖြောင့်စက်ဖြင့် ဖြောင့်တန်းပေးရမည်။ အကယ်၍ ကြိမ်ဖြောင့်စက်မရှိပါက လူလုပ်စက်ဖြင့် ကြိမ်အစိများကို အလွယ်တကူ ဖြောင့်နိုင်ပါသည်။ ၎င်းပြင် ရှန်းပြန်သတ္တိစမ်းသပ်ခြင်း၊ အလေးချိန်မှတ်သားခြင်းများကိုလည်း စနစ်တကျ ပြုလုပ်ရပေသည်။ ၎င်းသည် ကြိမ်ကုန်ကြမ်းအဖြစ် ကမ္ဘာ့ဈေးကွက်သို့

တင်ပို့ရောင်းချခြင်းဖြစ်ပြီး ကြိမ်များကို ပရိဘောဂပြုလုပ်၍လည်း နိုင်ငံတကာသို့ တင်ပို့ရောင်းချပါသည်။ မြန်မာ့လက်မှုပညာဖြင့် မွမ်းမံပြုလုပ်ထားသော ကြိမ်ထည်ပစ္စည်းများ၊ ပရိဘောဂအမျိုးမျိုးကို အနောက်ဂျာမနီ၊ ဟောင်ကောင်၊ အိန္ဒိယ၊ မောရိရှပ်၊ ထိုင်း၊ စင်ကာပူ နိုင်ငံများသို့ တင်ပို့ရောင်းချကြပါသည်။

ကမ္ဘာပေါ်တွင် အဓိကတင်ပို့သော ဈေးကွက်ကြီးမှာ သုံးခုရှိပါသည်။ ဂျပန်သည် အကြီးဆုံးဈေးကွက်ဖြစ်ပြီး ထို့နောက် ဥရောပဈေးကွက်၊ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျဈေးကွက်တို့ဖြစ်ကြပါသည်။

## ပြည်ပဈေးကွက်တိုးချဲ့တက်လှမ်းနေသည့် မြန်မာ့ကြိမ်ထည်လုပ်ငန်း

မြန်မာ့ရိုးရာအနုပညာပစ္စည်းများအနက် ကြိမ်ထည်ပစ္စည်းများသည် ပြည်တွင်းသာမက ပြည်ပနိုင်ငံများပါ နှစ်ခြိုက်သုံးစွဲလျက်ရှိနေကြပါသည်။ မြန်မာ့ကြိမ်ထည်ပစ္စည်းများကို တရားဝင် Website များတွင် တင်ထား၍ ပြည်ပနိုင်ငံများက ဝင်ရောက်ကြည့်ရှုကြပြီး ကြိုက်နှစ်သက်ကြသဖြင့် မှာယူသူများ များပြားနေကြောင်း သိရှိရပါသည်။ ကြိမ်ထည်ပစ္စည်းများကို ပြည်တွင်းထက် ပြည်ပနိုင်ငံများက ပိုမိုနှစ်သက်ကြသည်။ ဘယ်လ်ဂျီယံ၊ အီတလီနှင့် ပြင်သစ်နိုင်ငံတို့က အများဆုံးမှာကြားပြီး ယခုအခါ တူရကီနှင့် အင်္ဂလန်တို့ကလည်း မှာကြားကြကြောင်း ဈေးကွက်အခြေအနေအရ သိရှိရပါသည်။ Website တွင် တင်ထားသည့် ကြိမ်ထည်ပစ္စည်းများကို E-mail ဖြင့် အဆက်အသွယ်လုပ်မှာကြားကြောင်း သိရှိရပါသည်။

ပြည်တွင်းအသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများကို ပလတ်စတစ်ဖိုင်ဘာများ၊ သစ်ရောထည်များဖြင့် အသုံးပြုများပြားလာပြီး ကြိမ်ထည်ပစ္စည်းများ အသုံးပြုမှု နည်းပါးလာခဲ့ပါသည်။ သို့အတွက် ပြည်တွင်းတွင် ရောင်းအားတွင်ကျယ်လာစေရေးအတွက် ဒီဇိုင်းပုံစံအသစ်အဆန်းများဖြင့် ထုတ်လုပ်နေကြပါသည်။



ကြိမ်ထည်ပစ္စည်းများ၏ အဓိကအသက်သွေးကြောမှာ ကုန်ကြမ်းဖြစ်ပါသည်။ ကုန်ကြမ်းကြိမ်များကို ကချင်ပြည်နယ်မှ တနိုင်း၊ ဗန်းမော်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ရရှိပါသည်။ ကြိမ်နှင့် ကြိမ်နွယ်ပင်များက အမျိုးပေါင်းများစွာရှိသော်လည်း ကြိမ်ထည်လုပ်ငန်း၌ အမှန်တကယ် အသုံးပြုနိုင်သော အမျိုးအစား ငါးမျိုးခန့်သာ ရှိပါသည်။

ကြိမ်ထည်ပစ္စည်းများ၏ အဓိကအသက်သွေးကြောမှာ ကုန်ကြမ်းဖြစ်ပါသည်။ သို့သော်လည်း နည်းပညာလည်း အလွန်အရေးကြီးပါသည်။ နည်းပညာတိုးတက်နေသည့် ယနေ့အချိန်တွင် ဒီဇိုင်းအမြင်သစ်ဆန်းမှသာ ဈေးကွက်၌ ယှဉ်ပြိုင်နိုင်မည် ဖြစ်ပါသည်။ ဝယ်သူများကို ပိုမိုဆွဲဆောင်အားကောင်းပါမည်။ မြန်မာ့ကြိမ်ထည်များကို ပြည်ပနိုင်ငံများက အကြိုက်တွေ့ပြီး မှာကြားသည်မှာ အနုပညာပြောင်မြောက်မှုကို အသိအမှတ်ပြုသည့်သဘောဖြစ်ပါသည်။ ယင်းအခြေအနေများကို ဆက်လက်ထိန်းသိမ်းပြီး ပိုမိုကောင်းမွန်အောင်၊ အမြဲဆန်းသစ်နေအောင် တီထွင်ကြံဆနေကြရမည် ဖြစ်ပါသည်။

## ဂျပန်အကြိုက်မြန်မာ့ကြိမ်ထည်များ

မြန်မာ့လက်မှုပညာဖြင့် ပြုလုပ်ထားသော ကြိမ်ထည်ပစ္စည်းများကို ဂျပန်နိုင်ငံက ကြိုက်နှစ်သက်ပါသည်။ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းတွင် ထုတ်လုပ်သော ကြိမ်ထည်လက်မှုပစ္စည်းများနှင့်အတူ ဝါးထည်ပစ္စည်းများလည်းပါဝင်ကြောင်း သိရှိရ

ပါသည်။ ကျောက်စိမ်းဆင်သမဝါယမအသင်းမှ ဝယ်ယူစုဆောင်းတင်ပို့သည်ဟု သိရှိရပါသည်။ ကြိမ်များဖြင့် ပြုလုပ်သော အသုံးအဆောင်ပစ္စည်းများဖြစ်ကြသည့် ဦးထုပ်များ၊ အမျိုးသမီးလက်ကိုင်အိတ်များ၊ တစ်သျှူးထည့်သေတ္တာများ၊ အဝတ်ထည့်ခြင်းများ၊ အသီးထည့်ခြင်းများနှင့် ဝါးကြိမ်ရောနှောပြုလုပ်သော ဦးထုပ်၊ လက်ကိုင်အိတ်၊ အမျိုးသမီးဖိနပ်များ၊ မီးအုပ်ဆောင်းများ၊ ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ပြုလုပ်ထားသည့် အိမ်အသုံးအဆောင်ပစ္စည်းများသည် ပြည်တွင်းတွင်လည်း ဈေးကွက်ဝင်၍ အသုံးပြုလျက်ရှိကြပြီး အမျိုးသားလက်ကိုင်အိတ်များကိုလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသည့်အပြင် ပြည်ပဈေးကွက်တွင်လည်း ဈေးကွက်ရရှိနေပြီဖြစ်ကြောင်းနှင့် အထူးသဖြင့် ဂျပန်နိုင်ငံက ကြိုက်နှစ်သက်၍ မှာယူလျက်ရှိကြောင်း သိရှိရပါသည်။

**စင်ကာပူနိုင်ငံအကြိုက် မြန်မာ့ကြိမ်လက်ကိုင်အိတ်များ**

ပြည်တွင်းထုတ်ကြိမ်လက်ကိုင်အိတ်များကို စင်ကာပူနိုင်ငံက ကြိုက်နှစ်သက်သဖြင့် တင်ပို့ရကြောင်း၊ အဆိုပါလက်ကိုင်အိတ်များ ထုတ်လုပ်သော Three Stars Trading မှ သိရှိရပါသည်။ ပြည်တွင်းတွင် အဆိုပါလက်ကိုင်အိတ်များကို ဒီဇိုင်းထွင် ဈေးကွက်တင်ထားသည်မှာ ၂၀၀၈ ခုနှစ်ကဖြစ်ပြီး ပြည်ပဈေးကွက်ရှာခဲ့ရာ ယင်းကဲ့သို့ကမ်းလှမ်းခဲ့သဖြင့် တင်ပို့ရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ Trading တွင် ကြိမ်ထည်ပရိဘောဂများကို လုပ်သားအင်အား ၇၅ ဦးဖြင့် ပြုလုပ်နေပြီး ကုန်ကြမ်းပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီး ရေကြည်နှင့် အခြားနေရာများမှ ဝယ်ယူကြောင်း သိရှိရပါသည်။



ယခင်က Export ကို လစဉ်ကွန်တင်နာခြောက်လုံးလောက် တင်ပို့ခဲ့သည်ဟု သိရပါသည်။ ၂၀၀၅-၂၀၀၆ က အလွန်ဈေးကွက်ကောင်းခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဈေးကွက်နှေးကွေးခဲ့သည်ဟု သိရပါသည်။ ယခုအခါ ကမ်းလှမ်းမှုများ ရှိလာခဲ့သဖြင့် အလားအလာကောင်းလာပြီ ဖြစ်ပါသည်။

လက်ကိုင်အိတ်၏ ဒီဇိုင်းမှာ "ပ" စောက်ပုံ၊ လခြမ်းပုံများကို ဝယ်ယူသူများပြီး ထုတ်လုပ်ရာတွင်လည်း ခက်ခဲနက်နဲကြောင်း သိရပါသည်။ ဒီဇိုင်းပေါ်မူတည်၍ ဈေးကွာပါသည်။ အိတ်တစ်အိတ်ကို ၉၀၀၀ ကျပ်မှ ၁၈၀၀၀ ကျပ်အထိ ရောင်းရသည်ဟု ပြောပါသည်။

လက်ကိုင်အိတ်တစ်လုံးသည် လူတစ်ဦးက နှစ်ရက်ခွဲ၍ ပြုလုပ်ရကြောင်း၊ ဒီဇိုင်းများကို ကိုယ်ပိုင်တီထွင်ထားကြောင်း၊ ရန်ကုန်ဈေးကွက်တွင်လည်း ရောင်းချရကြောင်း သိရှိရပါသည်။

**ဈေးကွက်တိုးချဲ့ခြင်း**

မြန်မာ့ကြိမ်ထည်ပစ္စည်းများကို နယ်သာလန်၊ တရုတ်၊ ဒူဘိုင်း၊ အင်္ဂလန်၊ ဂျာမနီ၊ ဩစတြေးလျ၊ မလေးရှား၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့် ပြင်သစ်နိုင်ငံများသို့ အဓိကထားတင်ပို့ခဲ့သော်လည်း ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှစ၍ အိန္ဒိယ၊ ပနားမား၊ ဉရုဂွေးနှင့် တူရကီနိုင်ငံများသို့ပါ ဈေးကွက်သစ်များကို ရှာဖွေတင်ပို့ခဲ့သည်ဟု သိရှိရပါသည်။

နှစ်အလိုက် ကြိမ်ထည်ပစ္စည်းတင်ပို့မှုကို လေ့လာပါက ၂၀၀၆-၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃.၀ သန်းကျော်၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂.၉ သန်းကျော်၊ ၂၀၀၈-၂၀၀၉ (ဇန်နဝါရီလအထိ) ၅.၉ သန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

## မြန်မာ့ကြိမ်ထည်များ မျက်နှာပန်းလှလာ

မြန်မာ့ကြိမ်ထည်ပစ္စည်းများကို ယခုအခါ ဥရောပနိုင်ငံများမှ အများဆုံးမှာယူနေကြကြောင်း သိရှိရပါသည်။ ကြိမ်ဖြင့် ပြုလုပ်သော အိမ်သုံးပရိဘောဂပစ္စည်းများကို ဥရောပနိုင်ငံများသို့ တင်ပို့သည့်အပြင် ဂျပန်၊ ယူအေအီး၊ သြစတြေးလျနှင့် ဟောင်ကောင်နိုင်ငံများသို့ပါ ရောင်းချနေရကြောင်း သိရှိရပါသည်။

FOB နှင့် တင်ပို့ခြင်းဖြစ်ပြီး လက်ရှိကြိမ်ထည်ပစ္စည်းများသည် ပြည်ပဈေးကွက်တွင် ရောင်းအားကောင်းလျက် ရှိပါသည်။ ပြည်တွင်း ဈေးကွက်ဖြစ်သည့် ဟိုတယ်၊ စားသောက်ဆိုင်၊ အိမ်၊ ရုံးများတွင် လည်း ဈေးကွက်အသီးသီး ရရှိထားပါသည်။ ပြည်ပသို့ တစ်နှစ်လျှင် ကွန်တိန်နာအလုံး ၂၀ ကျော်ခန့် တင်ပို့ရသည်ဟု ဆိုပါသည်။ ပြည်ပ နိုင်ငံများအနေဖြင့် မြန်မာ့ကြိမ်ထည်နှင့် ပြုလုပ်ထားသည့် လက်မှု ပစ္စည်းများကို အလွန်သဘောကျပါသည်။ အရည်အသွေးကြည့်ပြီး ဈေးနှုန်းအမျိုးမျိုးပေးကြပါသည်။

ယခုအခါ အာရှနိုင်ငံတော်တော်များများတွင်လည်း အခြား အိမ်သုံးပရိဘောဂများထက် မြန်မာ့ကြိမ်ထည်နှင့် ပြုလုပ်ထားသည့် ပရိဘောဂများကိုသာ အသုံးပြုလာကြသည်ဟု သိရှိရပါသည်။

ပြည်ပဈေးကွက်တွင် မြန်မာ့အနုပညာလက်ရာပစ္စည်းများဖြစ် သည့် ကြိမ်ကုန်ချောထည်များ၏ အနုပညာပစ္စည်းများကို တန်ဖိုး ထားဝယ်ယူကြသဖြင့် ကြိမ်ကုန်ချောထည်ပစ္စည်းများ ပြည်ပ ဈေးကွက် တွင် လူသုံးများလာသောကြောင့် ဈေးကွက်များရယူနိုင်ခြင်း ဖြစ်ပါ သည်။

ကြိမ်ကုန်ကြမ်းများကို ရခိုင်၊ ပဲခူးရိုးမ၊ ဧရာဝတီတိုင်းဒေသကြီး နှင့် တနင်္သာရီတိုင်းဒေသကြီးများမှ အများဆုံးရရှိသည်ဟု သိရပါ



သည်။ လက်ရှိကြိမ်ကုန်ကြမ်းများကို ကြိမ်ခြင်း၊ ကြိမ်ခုံ၊ ကြိမ်ပရိဘောဂ စသည်ဖြင့် အမျိုးပေါင်း ၅၀၀ ခန့် ထုတ်လုပ်နေပြီး ပြည်ပ ဈေးကွက် တွင် ဈေးကောင်းရရှိနိုင်ရန်အတွက် အရည်အသွေးမကျအောင် ထိန်းသိမ်းနေကြောင်း သိရှိရပါသည်။

## နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကြိမ်နှင့်ကြိမ်အချောထည်တင်ပို့မှု

မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေး မြို့နယ်ရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ ကြိမ်ဖြင့် ပြုလုပ်သော ပရိဘောဂအချောထည်များကို မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေး စခန်းဖြစ်သော တမူးစခန်းမှနေ၍ မဏိပူရပြည်နယ်ဘက်သို့ အများဆုံး တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

ကုန်ချောအတွက် ကြိမ်များကို ချင်းတွင်းမြစ်အထက်ပိုင်း ဟုမ္မလင်း၊ ခန္တီးနယ်များမှ ကြိမ်များကို အသုံးပြု၍ ရက်လုပ်ကြပြီး ယင်းကြိမ်များမှာ နူးညံ့ပျော့ပျောင်းသည့်အတွက် အိမ်တွင်းမှုလုပ်ငန်း များအကြိုက်တွေ့ကြသည်။

ဈေးကွက်အတွင်းရှိ ကြိမ်အချောထည်ပစ္စည်းများမှာ ကြိမ် ပက်လက်ကုလားထိုင်တစ်လုံး ၇၀၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်၊ ကြိမ် ဆွဲခြင်းတစ်ခြင်း ကျပ် ၂၀၀၀ မှ ၄၀၀၀ ကျပ်၊ ကြိမ်ဦးထုပ်တစ်လုံး လျှင် ၁၅၀၀ ကျပ်မှ ၇၀၀၀ ကျပ်အတွင်းရှိပြီး အရွယ်အစားအလိုက် ဈေးနှုန်းအပြောင်းအလဲရှိပါသည်။ မဏိပူရပြည်နယ်သားများ အကြိုက် တွေ့သည့် မြန်မာ့ကြိမ်ထည်ပစ္စည်းများ ဖြစ်ကြပါသည်။

ပြည်တွင်းမှ ထွက်ရှိသည့် ကြိမ်များကို လွယ်ဂျယ်နယ်စပ်စခန်း မှ တစ်ဆင့် တရုတ်နိုင်ငံဘက်သို့ တင်ပို့နေပါသည်။ သို့အတွက်

အရည်အသွေးကိုလိုက်၍ ပြည်တွင်းထွက်ပရိဘောဂများအဖြစ် ဆက်တီခုံ၊ ကုလားထိုင်၊ လက်ဆွဲခြင်းများအဖြစ် ဈေးကွက်ဝင်နေကြောင်း တင်ပို့သူများက ပြောကြပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ၊ ကချင်ပြည်နယ် တနိုင်း၊ ဗန်းမော်မြို့နယ်များနှင့် ချင်းတွင်းမြစ်ရိုးမှ ကြိမ်များဖြစ်ကြပါသည်။ မြန်မာ့ကြိမ်များသည် အလုံးအဖန်ကောင်းခြင်း၊ ရှည်လျားကျယ်ပြန့်ခြင်းတို့ကြောင့် ကုန်ချောထုတ်လုပ်ရာတွင် လူကြိုက်များကြောင်း သိရှိရပါသည်။

တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသော ကြိမ်များကို မြိတ်မြို့ ရွှေပင်လယ်ကုမ္ပဏီက တရုတ်ပြည်သို့ တင်ပို့လျက်ရှိပါသည်။ ရွှေပင်လယ်ကုမ္ပဏီသည် တနင်္သာရီမြို့နှင့် ကျေးရွာများ၊ ထားဝယ်၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ကျေးရွာများကထွက်ရှိသော ၁၃ ပေမှ ၁၅ ပေအထိအရှည်ရှိသည့် ကြိမ်များကို အရည်အသွေးအလိုက် ဈေးပေးဝယ်ယူလျက်ရှိပါသည်။ ကြိမ်နှာမောင်းအကြီးကို ၆၅ ကျပ်မှ ၆၅ ကျပ်၊ ကြိမ်နှာမောင်းအလတ်ကို ၅၀၀ ကျပ်၊ ကြိမ်နှာမောင်းအငယ်ကို ၃၅ ကျပ်မှ ၄၀၀ ကျပ်၊ တောတန်းလန်းကြိမ်နှင့် ကုလားကြိမ်တို့ကိုမူ ၁၃၀ ကျပ်ဈေးဖြင့် ဝယ်ယူပါသည်။ ကြိမ်အနုအရင့်အလိုက်နှင့် အစိမ်းရောင်၊ အဝါရောင်ဟူ၍ ခွဲခြားဝယ်ယူသည်ဟု သိရှိရပါသည်။ ကြိမ်နုခဲ့လျှင် ၂၀ ရာခိုင်နှုန်းဈေးလျှော့ဝယ်ယူသည်ဟု သိရပါသည်။ ဝယ်ယူရရှိသည့် ကြိမ်များကို ရေဖြင့်ဆေးကြောပြီး တစ်နာရီခန့် ပေါင်းခံရပါသည်။ ပေါင်းခံရာတွင် ကြိမ်လုံးရေ ၂၀၀၀ ကို ရေချိူ လေးပီပါ၊ ဒီဇယ်ဆီ နှစ်ပီပါ၊ ချွတ်ဆေး တစ်လီတာဝင်ဆေးဘူး၊ ကန့် ၅၀ ကျပ်သားတို့ကို အချိုးအစားအလိုက် ရောစပ်၍ ပေါင်းခံပြီး ရရှိသော ကြိမ်များကို ဂုန်နီအိတ်ပိုင်းများနှင့်သုတ်၍ နေ



ခုနစ်ရက်လှန်းရပါသည်။ ရန်ကုန်သို့တင်ပို့ရန်အတွက် ကြိမ်အရွယ်အစားအလိုက် အစည်းစည်းရပါသည်။ ကြိမ်ကြီးလျှင် ၅၀ လုံး၊ ကြိမ်သေးလျှင် အလုံး ၇၀ စသည်ဖြင့် စည်းရပါသည်။ တောတန်းလန်းကြိမ်အသေးဆိုလျှင် ၁၅၀ လုံးပါတစ်စည်းနှင့် ကုလားကြိမ်အသေးဆိုလျှင် ၂၀၀ ပါတစ်စည်းစသည်ဖြင့် ကြိုးဖြင့် စည်းပြီး ရန်ကုန်သို့ စက်လှေသင်္ဘောဖြင့် ပို့ပါသည်။

ရန်ကုန်သို့ရောက်ပြီး ကြိမ်များကိုလည်း ပြည်ပသို့တင်ပို့နိုင်ရန်အတွက် အရောင်တင်ဆီသုတ်လိမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်းများ ထပ်မံပြုလုပ်၍ ရန်ကုန်မှတစ်ဆင့် မန္တလေး-မူဆယ်သို့တင်၍ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်ပြည်သို့ အဆင့်ဆင့်ရောင်းချပါသည်။ မြိတ်မှတရုတ်ပြည်အရောက် ကြိမ်တစ်ချောင်းလျှင် ပျမ်းမျှကုန်ကျစရိတ် ၁၀၀၀ ကျပ်နှုန်းခန့်ရှိပြီး တရုတ်မှကြိမ်တစ်တန်လျှင် ၆၅၀၀-၇၀၀၀ ယွမ် (ကျပ် ၁၀ သိန်းမှ ကျပ် ၁၁ သိန်း) ထိ ရရှိကြောင်း သိရှိရပါသည်။ ၂၀၀၈ ခုနှစ်တွင် ရွှေပင်လယ်ကုမ္ပဏီမှ ကြိမ် တန် ၅၅၀ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

ကြိမ်များကို တရုတ်နိုင်ငံမှ ပရိဘောဂအသုံးအဆောင်ပစ္စည်းများ၊ လက်ဆွဲခြင်းအမျိုးမျိုးတို့အဖြစ် ကုန်ချောများပြုလုပ်၍ ပြည်တွင်းပြည်ပသို့ ပြန်လည်ရောင်းချကြောင်း သိရှိရပါသည်။

ဗန်းမော်ခရိုင်သစ်တောများမှထွက်ရှိသော ကြိမ်ပင်များ၊ ရှမ်းပြည်နယ်မြောက်ပိုင်း မဘိန်းနယ်တစ်ဝိုက်၊ မိုးကောင်းချောင်းတစ်ဝိုက်ရှိဒေသများ၊ ပူတာအိုဒေသ၊ မိုးလဲချောင်းဒေသအစရှိသည်တို့မှ ထွက်ရှိသော ကြိမ်ပင်များကို ဗန်းမော်မြို့ရှိ ကြိမ်ကုန်သည်များက ဝယ်ယူကာ နယ်စပ်မြို့ဖြစ်သော လွယ်ဂျယ်မြို့မှတစ်ဆင့် တရုတ်ပြည်သို့ အမြောက်အမြားတင်ပို့ကြောင်း သိရှိရပါသည်။

အထက်ပါနယ်များမှထွက်ရှိသည့်ကြိမ်များကို တရုတ်ပြည်သို့ တင်ပို့ရာတွင် ၁၂ ဘီးကားကြီးများဖြင့် တင်ပို့လေ့ရှိပြီး ရေကြိမ်နှင့် ကြိမ်နီတစ်တန်လျှင် တရုတ်ယွမ်ငွေ ၃၀၀၀ ကျော်ခန့်ရရှိပြီး ခုတင်ကြိမ် တစ်တန်လျှင် တရုတ်ယွမ်ငွေ ၆၀၀၀ ကျော်ရရှိကြောင်း သိရှိရ ပါသည်။

လက်ရှိကာလတွင် ဗန်းမော်မြို့ကြိမ်ကုန်သည်များ ဝယ်ယူ လျက်ရှိသော ကြိမ်ပေါက်ဈေးမှာ ခုတင်ကြိမ်တစ်လုံး ၅၀၀ ကျပ်၊ ရမထာကြိမ်တစ်လုံးကျပ် ၄၀၀၊ ဆင်ကြိမ်တစ်လုံးကျပ် ၃၅၀၊ တောင်ကြိမ်တစ်လုံးကျပ် ၈၀၊ ကြိမ်နီတစ်လုံးကျပ် ၇၀၊ ရေကြိမ် တစ်လုံးကျပ် ၄၀ ဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရှိရပါသည်။

တနိုင်း၊ ရှင်ဘွေယန်၊ နန်းယွန်းသွားလီဒိုလမ်းမကြီးပေါ်ရှိ နန်းယွန်းမြို့နယ်စခန်းများဖြစ်ကြသည့် ၁၅ မိုင်စခန်း၊ ၁၈ မိုင်စခန်းနှင့် ၂၂ မိုင်စခန်းများရှိ ကြိမ်စခန်းကြီးများမှ ရောင်းတန်းဝင်ကြိမ်များကို တန်ဆောင်မုန်းလမှစတင်ခုတ်ယူကြောင်း သိရှိရပါသည်။

ကြိမ်များမှာ တောနက်အတွင်း ပေါက်ရောက်သဖြင့် အလွယ် တကူသယ်ယူနိုင်ရန် ဖြတ်တောက်ရပါသည်။ ကြိမ်တစ်ပင်လျှင် ၁၂ ပေနှင့် ၁၅ ပေဖြတ်နှစ်ဖြတ်ချသည်။ ၇ ဖြတ်လောက်အထိ ဖြတ်ရ သည်လည်းရှိပါသည်။ ကြိမ်တစ်စည်းအတုတ်ဆိုလျှင် ၁၅ ပေ အရှည်အချောင်း ၂၀၊ လုံးသေးဆိုလျှင် ၁၅ ပေ အရှည်အချောင်း ၃၀ စည်းရပါသည်။ ကြိမ်ခုတ်ပြီးသည်နှင့် ကြိမ်စခန်းအရောက်သယ် ရပါသည်။ တောင်ပေါ်တောလမ်းလည်းဖြစ်၊ ခရီးကလည်းဝေးသဖြင့် လမ်းတွင် သုံးလေးထောင့်နားပြီးမှ ရောက်သည်။ ကြိမ်တစ်ပင်လျှင် အရှည် ၁၀ ပေ၊ ၃၅ ပေမှသည် ပေ ၂၀၀ အထိရှိပါသည်။ ကြိမ်လုံးကြီးလျှင် ကျပ် ၃၂၀၊ သေးလျှင်ကျပ် ၁၇၀ ရသည်ဟု ဆိုပါသည်။ မိုးမကျမီ စခန်းသိမ်းရပါသည်။ မိုးတွင်းတွင်နေ၍မရပါ။ အစားအသောက်ခက်ခဲခြင်း၊ ကျွတ်တွယ်ခြင်းတို့ကြောင့် လုပ်ငန်း အပြတ် လုပ်ရသည်ဟု သိရှိရပါသည်။



နန်းယွန်းနယ်ထွက်ကြိမ်များကို တနိုင်းမြို့ရှိကုန်သည်များက လာရောက်လုပ်ကိုင်ပြီး ပြည်တွင်းပြည်ပဈေးကွက်များသို့ မြစ်ကြီးနား မြို့မှတစ်ဆင့် ရောင်းချကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံရှိ သစ်တောများမှထွက်ရှိသော ကြိမ်များအနက် တရုတ်ကုန်သည်များ ဝယ်ယူလေ့ရှိသောကြိမ်များမှာ ရမထာကြိမ်၊ ခုတင်ကြိမ်၊ ဆင်ကြိမ်၊ တောင်ကြိမ်၊ ရေကြိမ်၊ ကြိမ်နီ၊ ကြက်ဥကြိမ်၊ ကြိမ်ခါးနှင့် မျောက်ချေးခါးကြိမ်များဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း မှတစ်ဆင့် တစ်ဘက်တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသော ပို့ကုန်များ အနက် ကြိမ်သည်လည်း ပါဝင်ပါသည်။ ကြိမ်တင်ပို့မှုအနေအထား ကိုကြည့်လျှင် (ကောက်နုတ်တင်ပြရသော်) ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ တွင် နိုဝင်ဘာလထက် ပိုမိုတင်ပို့နိုင်သည်ကို တွေ့ရပါသည်။ နိုဝင်ဘာလတွင် ကြိမ်တန်ချိန် ၉၀ ခန့်သာ တင်ပို့နိုင်ခဲ့ပြီး ဒီဇင်ဘာလ တွင် တန်ချိန် ၂၉၀ တင်ပို့နိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၀.၁၈၆ သန်းတန်ဖိုးရှိ ကြိမ်များ ပိုမိုတင်ပို့နိုင်ခဲ့သည်။ ကြိမ်ကို စက်တင်ဘာလ တွင် စတင်ခုတ်ယူပြီး ဒီဇင်ဘာလတွင် ခုတ်ယူနေလှန်းထားသော ကြိမ်ဟောင်းများကို တင်ပို့ပါသည်။ ကြိမ်သည် ပုပ်သိုးပျက်စီးလွယ် သည့် ပစ္စည်းမဟုတ်သဖြင့် တစ်ဘက်နိုင်ငံတွင် ကြိမ်များကို ဂိုဒေါင်

များတွင် သိုလှောင်ထားကြပြီး ဈေးအတက်ကိုစောင့်ကာ ထုတ်ရောင်းသည်။ မိမိဘက်မှသွင်းလာသမျှကို လက်ခံဝယ်ယူသိုလှောင်ပြီး တရုတ်ကြိမ်ထည်ပစ္စည်းများကို ဥရောပနှင့်အာရှဈေးကွက် ဝေစုအထိ ပို့နေသဖြင့် ကြိမ်ဝယ်လိုအားကောင်းခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံဘက်သို့လည်း မြဝတီ၊ တာချီလိတ်နယ်စပ်စခန်းများမှ ကြိမ်များတင်ပို့လျက်ရှိကြောင်း တွေ့ရပါသည်။ တစ်တန်လျှင် ကျပ် ခုနစ်သိန်းနှုန်းဖြင့် တင်ပို့သည်ဟု သိရှိရပါသည်။ သာဓကအားဖြင့် တာချီလိတ်စခန်းမှ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလနောက်ဆုံးပတ်တွင် ကြိမ် ငါးတန်တင်ပို့ခဲ့ရာ တန်ဖိုး (၃၅) သိန်းရရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံမှ သစ်တောထွက်ပစ္စည်းများဖြစ်ကြသည့် ဝါး၊ ကြိမ်များ ဝယ်လိုအားရှိပြီး မောင်တောမြို့နယ်ရှိ မြောက်ပိုင်းဒေသနှင့် မြို့နယ်ပြင်ပမှကြိမ်များကို မောင်တောအခြေစိုက်ကုမ္ပဏီအချို့က နယ်စပ်ကုန်သွယ်ရေးအနေဖြင့် တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။ ကြိမ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ ရရှိသည်ဟုသိရပါသည်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ကြိမ် ၂၉.၉၇၂ တန်ရောင်းချခဲ့ကြောင်း သိရှိရပါသည်။ ကြိမ်များကို မေယုတောင်တန်းသစ်တောကြိုးဝိုင်း၊ ကုလားတန်သစ်တောနှင့် ရခိုင်ရိုးမသစ်တောများမှ ခုတ်ယူရရှိပြီး နဘက်ကြိမ်၊ ဂျက်ကြိမ်နှင့် မိုးဖောင်ကြိမ်များကို အများဆုံးတွေ့ရှိရပါသည်။ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ကြိမ်တန်ချိန် ၇၂၄.၆၆ တန်တင်ပို့ခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင်မူ ၃၂.၈၆၄ တန်တင်ပို့ခဲ့သည်ဟု လေ့လာသိရှိရပါသည်။

❖ ❖ ❖ ❖ ❖

# အခန်း (၁၄)

## ကြိမ်ဈေးကွက်တင်ရန်စီစဉ်ခြင်းနှင့် ဈေးကွက်သို့တင်ပို့ခြင်း

ကြိမ်ခုတ်လုပ်သားများ ထုတ်လုပ်သည့်ကြိမ်များကို ပြည်တွင်း ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချကြပါသည်။

**ကုန်ကြမ်းအဖြစ် ပြည်တွင်းဈေးကွက်သို့ရောင်းချခြင်း**

ပြည်တွင်းဈေးကွက်တွင် ကြိမ်ခါး၊ ကြက်ဥကြိမ်၊ ကြိမ်နီ၊ ရေကြိမ်၊ ရမထာကြိမ်စသည်တို့ကို အလုံး ငါးလုံး သို့မဟုတ် အလုံး (၁၀၀) လျှင် တစ်စည်းပြုလုပ်ကြပါသည်။ မြန်မာနိုင်ငံအတွင်း ကုန်ကြမ်းရောင်းဝယ်ရေးမှာ အစည်းလိုက် သို့မဟုတ် အချောင်းလိုက် ရောင်းဝယ်လေ့ရှိကြပါသည်။ သစ်ရောင်းဝယ်ရာတွင် အချိန်နှင့် ရောင်းဝယ်သော်လည်း ပြည်တွင်းကြိမ်ရောင်းဝယ်ရာတွင် အလေးချိန်ဖြင့် ချိန်တွယ်ရောင်းချမှုပြုလုပ်လေ့မရှိပါ။

ရန်ကုန်မြို့ ရွှေတောင်တန်းမှစ၍ မြို့အနောက်ပိုင်း ဘုရင့်နောင်ဈေးတွင် ကြိမ်ဒိုင်များ၊ လက်လီလက်ကားရောင်းဝယ်ရေးဒိုင်များရှိပါသည်။ လှည်းကူး၊ ပဲခူး၊ ဝမ်းဘဲအင်း၊ ဒိုက်ဦး၊ ငပုတော၊ ပုသိမ်၊ မန္တလေး၊ ဇန်းမော်၊ မြစ်ကြီးနား၊ ပြည်စသော မြို့များတွင်လည်း ကြိမ်ဆိုင်ကြီးများ၊ ဒိုင်ကြီးများရှိပါသည်။

## ကုန်ကြမ်းအဖြစ် ပြည်ပဈေးကွက်သို့ရောင်းချခြင်း

မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးမူဝါဒအရ ကြိမ်ကို နိုင်ငံတော် အစိုးရသာမက ပုဂ္ဂလိကကုမ္ပဏီများကလည်း နိုင်ငံခြားသို့ တိုက်ရိုက် ရောင်းချနိုင်ပါသည်။ နိုင်ငံခြားသို့ရောင်းချရန် ကြော်ငြာခြင်း၊ နမူနာ ပို့ခြင်းစသည်တို့ကို ပြုလုပ်ရန်လိုပါသည်။

နမူနာပို့ရာတွင် ကြိမ်တစ်ချောင်းလုံးကို ပေးပို့ရန်မလိုပါ။ အဆစ် နှစ်ဆစ်ပါသော ဖြတ်ပိုင်းငယ်များကိုသာ ပို့ရန်လိုပါသည်။ အဆစ် နှစ်ဆစ်ကြားအကွာအဝေး အရည်အသွေးကိုကြည့်၍ ဝယ်ယူသူသည် ကြိမ်၏အရည်အသွေးကို ဆုံးဖြတ်နိုင်ပါသည်။

## ပြည်ပဈေးကွက်အတွက် ရွေးချယ်ခြင်း

ပြည်ပဈေးကွက်သည် အပြည်ပြည်ဆိုင်ရာ အပြိုင်အဆိုင် ရောင်းဝယ်ရေးဈေးကွက်ဖြစ်သည်။ ပစ္စည်းအရည်အသွေး၊ ထုတ်ပိုးပုံ၊ ပြည်ပအသွင်အပြင်မှစ၍ တိကျသေသပ်လှပစွာပြုပြင်ထားရန်လို ပါသည်။ ပြည်ပဈေးကွက်အတွက် ရွေးချယ်ခြင်းအဆင့်ဆင့်ကို ဆောင်ရွက်ကြပါသည်။

## အဆင့်အတန်းခွဲခြားခြင်း (GRADING)

အပြည်ပြည်ဆိုင်ရာ ရောင်းဝယ်ရေးတွင် ကြိမ်ကို A, B, C, D ဟူ၍ အတန်းအစားလေးမျိုးခွဲထားပါသည်။ A အဆင့်ရှိသော ကြိမ်သည် အကောင်းဆုံးဖြစ်ပါသည်။ ပိုးကိုက်ပေါက်အနက်ပြောက် များကင်းသည့်အပြင် လုံးပတ်ညီညာ၍ အဖျားရှူးခြင်းမရှိ၊ ခဲတံကဲ့သို့ ဖြောင့်တန်းဖြူဖွေးတောက်ပသည့်အဆင့်ကို ဆိုလိုပါသည်။ အရောင်



ဖြူသော်လည်း အပြစ်အနည်းငယ်ပါသောအဆင့်ကို B ဟုသတ်မှတ် ပါသည်။ C အဆင့်သည် ဝါညက်သောအရောင်ရှိ ကြိမ်ကိုဆိုလိုပါ သည်။ D အဆင့်ဆိုသည်မှာ ဝါညက်ညက်အရောင်တွင် အနက်ပြောက် များပါသော ကြိမ်ကို ခေါ်ပါသည်။ တစ်ခါတရံတွင် ကြိမ်သည် အတန်းအစားနှစ်ခုအကြားတွင် ကျရောက်သည်ဟု ဆုံးဖြတ်ပါက AB, BC, CD အမျိုးအစားဟူ၍ ပျမ်းမျှသတ်မှတ်ပါသည်။

## အရွယ်အစားသတ်မှတ်ခြင်း (SIZING)

မြန်မာနိုင်ငံမှ ကမ္ဘာ့ရောင်းတန်းဝင်ကြိမ်များအနက် ခပေါင်း ကြိမ် (ဝါ) လက်မဲကြိမ်တစ်မျိုးသာ အရွယ်အစားနှင့်ပတ်သက်၍ ဈေးနှုန်းကွာခြားလေ့ရှိပါသည်။ အခြားကြိမ်များမှာ အရွယ်အစားခွဲခြား၍ ဈေးနှုန်းကွာခြားမှုမရှိ။ ရောင်းတန်းဝင်သောအရွယ်မှာ ရမထာကြိမ် (၁၀) မှ (၂၅) မီလီမီတာ၊ ကြက်ဥကြိမ် (လေး မှ ၁၆ မီလီမီတာ)၊ ရေကြိမ် (လေး မှ ၂၀ မီလီမီတာ) နှင့် ကြိမ်နီ (လေး မှ ၂၀ မီလီ မီတာ) တို့ဖြစ်ကြပါသည်။

(၂၅) မီလီမီတာထက်ကြီးသော ခပေါင်းကြိမ် (ဝါ) လက်မဲ ကြိမ်ကို ပြည်ပဈေးကွက်တွင် ရောင်းချနိုင်သည်။ အရွယ်အစား ခွဲခြားပုံမှာ-

(၁) ၂၅ မီလီမီတာမှ ၃၅ မီလီမီတာ

(၂) ၃၉ မီလီမီတာမှ ၄၅ မီလီမီတာ

(၃) ၄၆ မီလီမီတာမှ အထက်ဟူ၍ များသောအားဖြင့် သုံးမျိုး ခွဲခြားနိုင်ပါသည်။ ခွဲခြားလေ့လည်းရှိပါသည်။ ဤသို့ခွဲခြားရခြင်း အကြောင်းမှာ အရွယ်ကြီးသည်နှင့်အမျှ တန်ဖိုးကြီးမားလာသောကြောင့် ဖြစ်ပါသည်။

**တိုင်းတာခြင်း (MEASURING)**

ကမ္ဘာ့ရောင်းတန်းဝင်ကြိမ်မှာ အလျား ၁၃ ပေရှိပါမည်။ အကြောင်းမှာ ကုန်ပစ္စည်းသေတ္တာ (CON TAINER) ၏အလျားမှာ ပေ (၄၀) ရှိသည်။ သေတ္တာတွင် ကြိမ်သုံးပြန်ထည့်ပါက ၃၉ ပေ နေရာယူမည်။ ကျန် တစ်ပေမှာ လိုလိုမယ်မယ်ချန်လုပ်ထားရန် ဖြစ်ပါသည်။ အလွန်ရှည်သောကြိမ်များကိုလည်း ပြည်တွင်းတွင် ကားဖြင့် သယ်ယူရန်ခက်ခဲပါသည်။ ကြိမ်၏အချင်းကိုတိုင်းတာရာတွင် လျှာခွ (SLIDECL IPPEK) ကိုသုံးနိုင်ပါသည်။ တိုင်းရာတွင် ကြိမ်သည် အရင်းကြီးအဖျားရှူးတတ်သောကြောင့် တတိယအဆစ်၏ အလက်ကိုတိုင်းတာလေ့ရှိပါသည်။ သို့ရာတွင် အရင်းအဖျား၏ လုံးပတ်အလွန်ကွာခြားသောကြိမ်ကိုမူ ဝယ်သူမကြိုက်ပေ။ အရင်း အဖျား၊ အချင်း (ဝါ) အားလုံးကွာခြားမှုနည်းပါးရမည်။

**ရှန်းပြန်သတ္တိစမ်းသပ်ခြင်း (RESILIENCE TEST)**

အလျားရှည်သောကြိမ်တစ်ချောင်းအား ခါးလယ်မှလက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပါ။ ထို့နောက် ကြိမ်ကို လှုပ်ခါပေးပါ။ ကြိမ်၏အဖျားနှစ်ဖက်သည် ငှက်ပျံသကဲ့သို့ ခါနေပေမည်။ တုန်ခါနေသော အနေအထားသည် အဖျားတစ်ဖက်နှင့်တစ်ဖက် တူညီရမည်။ မတူညီခြင်းသည် ရှန်းပြန်သတ္တိမတူသောကြောင့်ဖြစ်သည်။ ရှန်းပြန်သတ္တိမတူခြင်းသည် ကြိမ်၏အနုအရင့်မတူသောကြောင့်ဖြစ်သည်။ အတွင်းသားအနေအထား ကွာခြားနေသည့်လက္ခဏာဖြစ်သည်။ ဤလက္ခဏာသည် ကြိမ်၏ချို့ယွင်းချက်တစ်ရပ်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမှ ဝယ်ယူသူအချို့သည် ဤနည်းကိုသုံး၍ ကြိမ်ရွေးလေ့ရှိသည်ဟုဆိုသည်။



**အလေးချိန်မှတ်သားခြင်း (WEIGHTING)**

ပြည်ပကြိမ်ရောင်းဝယ်ရေးတွင် အလေးချိန်စနစ်အားဖြင့်လည်းကောင်း၊ အချောင်းစနစ်အားဖြင့်လည်းကောင်း ရောင်းဝယ်လေ့ရှိပါသည်။ မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတွင် အချောင်းလိုက်ရောင်းဝယ်လေ့ရှိပြီး ဟောင်ကောင်နှင့် ထိုင်ဝမ်ကျွန်းတို့တွင် အလေးချိန်ဖြင့် ရောင်းဝယ်လေ့ရှိကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံတွင်မူ စနစ်နှစ်ခုစလုံးကို လက်ခံကြပါသည်။

နိုင်ငံခြားသို့ တင်ပို့ရာတွင် သင်္ဘောတင်ခကို အလေးချိန်အလိုက်ပေးရသည်။ ထုထည်အလိုက် ပေးရန်မလိုပါ။ ကြိမ်စည်းပေါ်တွင် အလေးချိန်ကို ကီလိုဖြင့် ဖော်ပြထားပါက ဝယ်ယူသူ ပိုမိုနှစ်သက်ပါသည်။

လက်တွေ့လေ့လာမှုအရ တစ်မက်ထရစ်တန်တွင် ဒီဖယ်ပြုတ်ထားသော ခြောက်သွေ့သည့်အရွယ်စုံ ခပေါင်းကြိမ်အချောင်း (၄၅၀) ခန့်ပါဝင်ပြီး အခွံခြစ်နေလုန်းကြိမ် ၅၀၀ ခန့်ပါဝင်ပါသည်။ အလျား ၁၃ ပေရှိ ရေကြိမ်အချောင်း ၁၀၀၀၀ ခန့်သည် တစ်မက်ထရစ်တန်ရှိသည်ဟု သိရပါသည်။

**ပြည်ပဈေးကွက်တင်ရန် ထုပ်ပိုးသိုလှောင်ခြင်း**

ပထမဦးစွာ ကောက်ကွေးနေသော ကြိမ်များကို ဖြောင့်ရပါသည်။ HYDRALIC STRAIGHTENER ဟုခေါ်သော ကြိမ်ဖြောင့်စက် များသုံး၍ ဖြောင့်နိုင်ပါသည်။ ထိုစက်များ မသုံးနိုင်သေးသော အခါ တွင် အောက်တွင် ဖော်ပြထားသည့်အတိုင်း လူအားသုံး၍လည်း လွယ်ကူစွာ ဖြောင့်နိုင်ပါသည်။ စိုသော ကြိမ်အား ဖြောင့်ရန် လွယ်ကူသည်။ ခြောက်သွေ့နေသော ကြိမ်အားဖြောင့်ရန် ခက်ပါသည်။




**(က) စားပွဲခုံ (ခ) ၈" သစ်သားခုံ (ဂ) ကောက်ကွေးနေသောကြိမ်**

ထိုသို့ ဖြောင့်ပြီးသော ကြိမ်များကို (၁၃) ပေအထိ အတိအကျဖြစ်စေရန် တိုင်းရပါသည်။ ပိုနေသောအပိုင်းကို သံဖြတ်လွှဖြင့် ဖြတ်ရပါသည်။ အခြားလွှကို သုံးပါက အနားဖွာ၍ မသေမသပ်ကြည့်မကောင်းဖြစ်တတ်ပါသည်။

ဖြောင့်ပြီးဖြတ်ပြီးအမျိုးအစား ခွဲခြားထားသော ကြိမ်များကို အလုံး ၂၀ သို့မဟုတ် ၂၅ လုံးလျှင် တစ်စည်းစည်းရပါသည်။

၃ ပေခန့်အမြင့်ရှိသော ကြိမ်များကို ခုတင်ကဲ့သို့သော ခုံပေါ်တွင် တင်၍စည်းပါက ပိုမိုအဆင်ပြေပါသည်။ စည်းသော ကြိုးမှာ သင်အူကြိုးသို့မဟုတ် လျှော်ကြိုးကို သုံးနိုင်ပါသည်။ နိုင်ငံခြားတိုင်းပြည်များကလည်း လက်ခံသည်ကို တွေ့ရပါသည်။ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ပလတ်စတစ်ကြိုးများကို သုံးသည်ဟု သိရှိရပါသည်။ ကြိမ်စည်းခြင်းသည် အရေးကြီးပါသည်။ သာမန်ကောက်နေသော ကြိမ်များ ဖြောင့်သွားအောင် ပြုပြင်ပေးရသည်။ ကြိမ်စည်းသူ သေသပ်ပါက ကြိမ်စည်းလည်းလှ၍ ရောင်းပန်းလှပါသည်။

စည်းပြီးသော ကြိမ်များကို ဂုန်နီအိတ်ဖြင့် ပတ်ရသည်။ အချို့ဝယ်သူများက ကြိမ်တစ်စည်းလုံးကို လုံအောင် ပတ်ပေးရန်မှာကြားတတ်သည်။ အချို့ဝယ်သူများကို မြွေခွံအိတ်ခေါ် ပလတ်စတစ်အိတ်တစ်မျိုးဖြင့် ပတ်ပေးရပါသည်။ သာမန်အားဖြင့် တစ်ပေခန့်ရှိသော ဂုန်နီအိတ်စကို ပတ်၍ သင်္ဘောတင်အမှတ်အသား ရေးမှတ်ရလေသည်။



ကြိမ်လုံး၏ အရွယ်အစားကို သိသာထင်ရှားစေရန် ဆေးရောင်များခွဲခြား၍ ရေးမှတ်တတ်ကြပါသည်။

ထားသိုရာတွင် ဖြစ်နိုင်ပါက ကြိမ်စည်းများကို ထောင်ထားသင့်ပါသည်။ သို့မှသာ ကြွင်းကျန်သော ရေများနှင့် အသစ်ထပ်မံဝင်လာသော ရေများ လွယ်ကူစွာ လျှောကျနိုင်ပါသည်။

ထောင်လျက်အနေအထားဖြင့် မထားနိုင်ပါက ခြောက်သွေ့သောနေရာတွင် လှဲ၍ထားနိုင်ပါသည်။ လှဲထားပါက ကြိမ်အစည်းနှစ်ဆယ်လျှင်တစ်လွှာနှုန်းဖြင့် အလွှာတစ်ခုနှင့်တစ်ခု ကန့်လန့်အနေအထားပုံခြင်းအားဖြင့် လွယ်ကူစွာ ရေတွက်စာရင်းစစ်နိုင်ခြင်း၊ ခိုးယူရန်ခက်ခဲခြင်းစသော အကျိုးများရရှိစေပါသည်။

**ကုန်ချောအဖြစ် ဈေးကွက်တင်ခြင်း**

ကြိမ်ကို အဓိကအားဖြင့် ပရိဘောဂပစ္စည်းပြုလုပ်ရန် အသုံးပြုကြပါသည်။ ကြိမ်ပရိဘောဂမှာ အနောက်နိုင်ငံများတွင် ငွေကြေးကြွယ်ဝသောသူတို့၏ အထက်တန်းသုံး အသုံးအဆောင်များ ဖြစ်ကြပါသည်။ ရှေးအခါက အီဂျစ်ပြည်တွင် ကလမစ် CALAMAS ဟုခေါ်သော စာရေးကိရိယာတစ်မျိုး ရှိခဲ့ပါသည်။ ထိုစာရေးကိရိယာမှာ ဖော့ကဲ့သို့ ပွနေသော ကြိမ်ပင်ငယ်ကို ဆိုလိုပါသည်။ စာရေးရာတွင် မင်တို့၍ ရေးသော ကြိမ်ပင်နှင့်ပြုလုပ်ထားသော ကညစ်ကို အစွဲပြု၍ ယနေ့တိုင် ကြိမ်ပင်ကို မူရင်းလက်တင်ဘာသာစကားဖြစ်

သော ကလမစ်ဟု သိပ္ပံနည်းကျကျခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ ငါးဖမ်းကိရိယာများဖြစ်ကြသော မြှုံး၊ စန္ဒားကြီး၊ စန္ဒားငယ်စသော ကိရိယာများတည်ဆောက်ရာတွင် ကြိမ်များကို အဓိကထား၍တည်ဆောက်ကြပါသည်။ မြန်မာနိုင်ငံရှိ အချို့ဒေသများတွင် ကြိမ်နှင့်ဝါးကိုသုံး၍ တဲအိမ်များတည်ဆောက်ကြပါသည်။ သစ်ဖောင်များဆွဲရာတွင် ကြိုးကို မသုံးဘဲ အလွန်တောင့်တင်းခိုင်မာသော ရမထာကြိမ်ကိုသာ သုံးသည်ကို တွေ့ရပါသည်။

ကြိမ်ဖြင့်ပြုလုပ်ထားသော လုပ်ငန်းခွင်သုံးဦးထုပ် (SAFETY HELMET) များကိုလည်း အချို့လုပ်ငန်းခွင်တွင် အသုံးပြုနေပြီဖြစ်သည်။ ကြိမ်ခြင်းတောင်း၊ လက်ဆွဲခြင်း၊ အမှိုက်ခြင်း၊ မုန်ဘောင် စသည်တို့ကိုလည်း အများသုံးပစ္စည်းအဖြစ် ရောင်းချကြပါသည်။ မြန်မာနိုင်ငံ၌ အမြင့်တိုင်းတာရာတွင် ခန့်မှန်းခြေသဘောပေါက်ရန် ဝါးတစ်ရပ်ခန့်မြင့်ပါသည်ဟု ပြောတတ်ပါသည်။ ဆိုလိုရင်းမှာ (၁၅) ပေခန့်မြင့်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ အရှေ့အလယ်ပိုင်း ဆီးရီးယားနှင့် အီရန်တို့တွင်လည်း အမြင့်ကို ဖော်ပြရာတွင် ကြိမ်တစ်ပြန်ကြိမ်နှစ်ပြန်စသည်ဖြင့် ကြိမ်၏အမြင့်၊ ကြိမ်ကို အလျားယူနစ်တစ်ခုအဖြစ်ဖြင့် ဖော်ပြလေ့ရှိပါသည်။ ထိုဒေသတွင် ကြိမ်တစ်ပြန်သို့မဟုတ် ကြိမ်ချောင်းတစ်ချောင်း၏ အလျားဆိုသည်မှာ (၁၂) ပေ (၆) လက်မရှိသော အလျားတစ်ယူနစ်ကို ဆိုလိုသည်ဟု သိရပါသည်။

## ကြိမ်ဝယ်ဒိုင်များ စတင်ဖွင့်လှစ်ခြင်း၊ ဈေးကွက်များသို့တင်ပို့ခြင်း

တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၉-၁၉၇၀ ခုနှစ်တွင် မြစ်ကြီးနားမြို့နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် သစ်လုပ်ငန်းကော်ပိုရေးရှင်းက ကြိမ်အဝယ်ဒိုင်များ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ကြိမ်များကို ဝယ်ယူခဲ့သည်။ မြန်မာနိုင်ငံမှ ကြိမ်ပညာတော်သင်



လေးဦးကိုလည်း စင်ကာပူနိုင်ငံသို့ နှစ်လကြာ လေ့လာရေးစေလွှတ်ခဲ့ပါသည်။ ၁၉၇၀ ပြည့်နှစ်၊ ဇူလိုင်လတွင် အလေးချိန် (၁၅) တန်ရှိသော အမျိုးအစားကိုးမျိုးပါရှိသော ကြိမ်များကို ကလေးမြို့အမည်ရှိ သင်္ဘောဖြင့် စင်ကာပူရှိ ဘုံဘေရောင်းဝယ်ရေးကုမ္ပဏီသို့ တင်ပို့ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတစ်ရပ် စနစ်တကျပေါ်ပေါက်ခဲ့ပါသည်။ မြန်မာ့လက်မှုပညာဖြင့် မွမ်းမံထားသော ကြိမ်ထည်ပစ္စည်းများ၊ ပရိဘောဂများကို အနောက်ဂျာမနီနိုင်ငံ ဟမ်းဘတ်၊ ဟောင်ကောင်၊ ကရာချိ၊ မောရိရှပ်နှင့် စင်ကာပူနိုင်ငံများသို့ စတင်စမ်းသပ်တင်ပို့နိုင်ခဲ့ပါသည်။

၁၉၇၁-၁၉၇၂ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဈေးအနောက်ဘက်တန်းတွင် ကြိမ်ပရိဘောဂပစ္စည်းအရောင်းဆိုင်တစ်ဆိုင် စတင်ဖွင့်လှစ်ခဲ့ပါသည်။

## ပရိဘောဂပြုလုပ်ရန်လိုအပ်သောပစ္စည်းများ

ပစ္စည်းအမြောက်အမြား သေသပ်စွာထုတ်လုပ်နိုင်ရန်အတွက် ခေတ်မီစက်များလိုအပ်ပါသည်။ ကြိမ်ပရိဘောဂစက်များမှာ ထုတ်လုပ်သော ကုမ္ပဏီနှင့် ထုတ်လုပ်သောပစ္စည်းအလိုက် ကွာခြားချက်များရှိပါသည်။ ကြိမ်ပရိဘောဂထုတ်လုပ်ရေးတွင် ထိုင်ဝမ်နှင့် အနောက်ဂျာမနီတို့မှ စက်များသည် များစွာနာမည်ကြီးပါသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးတည်ဆောက်ခဲ့သော ကြိမ်ပရိဘောဂစက်ရုံမှာ သုဝဏ္ဏမြို့တွင်တည်ရှိပါသည်။ ခေတ်မီကြိမ်ပရိဘောဂစက်ရုံတွင် ကြိမ်ဖြောင့်စက် (HYDRALIC STRAIGHTENER) ကြိမ်နန်းဆွဲစက် (SPLITING MACHINE) နှင့် အခွံချွတ်စက် (CORING MACHINE) စသောစက်များ အသုံးပြုကြပါသည်။

လက်မှုပညာဖြင့် ပရိဘောဂပြုလုပ်ရာတွင် လိုအပ်သောပစ္စည်းများမှာ ဓားကြီး၊ ဓားငယ်၊ ပေတံ၊ တူကြီးတူငယ်၊ လွန်ဖောက်စက်၊ သံဖြတ်လွှ၊ မှုတ်ကြီး (BLOW LAMP)၊ ကိုက် (SPASH LAMP) ခေါ် လက်သမားသုံးပြုတ်တူ စသည့်လက်သမားကိရိယာများ ဖြစ်ကြပါသည်။ ကြိမ်ကိုလိုရာကွေးပြီး မှုတ်မီးသုံး၍ အပူပေးခြင်းဖြင့် အသားသေစေသောကြောင့် လိုရာပုံသွင်းနိုင်ပါသည်။

ရက်လုပ်ရာတွင် ကြိမ်နန်းကိုသုံးရပါသည်။ ကြိမ်နန်းကို ရေကြိမ်၊ ကြက်ဥကြိမ်စသော ကြိမ်တို့အား အစိတ်စိတ်ခွဲခြင်းအားဖြင့် ရရှိနိုင်ပါသည်။ တိုင်ငယ်ပေါ်တွင် အသွားထက်သောဓားငယ်များ စိုက်ထားပြီး ထိုဓားများအတွင်းသို့ ကြိမ်ချောင်းကို ထိုးသွင်းခြင်းဖြင့် ကြိမ်ချောင်းအားလွှာရသည်။ သေးငယ်ကြိမ်နန်းကို အမှတ်သုညနန်း ဟုခေါ်ပါသည်။ ကြိမ်နန်း၏နှုတ်ခမ်းအား ဓောင်းသပ်ပေးရသည်။ ထိုသို့မလုပ်ပါက ကြိမ်ထိုးသူ၏လက်ကို ရှစေတတ်သည်။

ကြိမ်နန်းကြိုး၏ ကန့်လန့်ဖြတ်ပိုင်းပုံ (CROSS SECTION) ကိုလိုက်၍ ကုလားထိုင်ထိုးကြိမ် (CHAIR CANE) ချည်နှောင်ကြိမ် (LAPPING CANE) အပြားနှင့် ဘဲဥပုံ (FLAT OVAL)၊ နန်းလုံး (ROUND)၊ တစ်ခြမ်းလုံးနန်း (HALFROUND) ဟူ၍ ခွဲခြားတတ်သေးသည်။

**ကမ္ဘာ့ပရိဘောဂဈေးကွက်ဝင်ရန်အခက်အခဲများ**

မြန်မာ့ကြိမ်ပရိဘောဂများ ကမ္ဘာ့ဈေးကွက်ဝင်နိုင်ရန်မှာ အမျိုးအစားကောင်းရမည်။ ဈေးသက်သာရမည်။ ပစ္စည်းအမြောက်အမြား ရရှိနိုင်ရမည်။ လွယ်ကူစွာ တင်ပို့နိုင်ရမည်ဟူသော အခြေခံအချက်



လေးချက်ရှိပါသည်။ အဓိကအခက်အခဲမှာ လိုအပ်သောပစ္စည်းများ၊ အမှာစာရရှိသောပစ္စည်းများကို အချိန်မီပေးပို့နိုင်ရေးအတွက် ထုတ်လုပ်မှုမြန်ဆန်ရန် လိုအပ်ပါသည်။ လိုအပ်သောပစ္စည်းများကို လိုအပ်သည့်အချိန်တွင် လုံလုံလောက်လောက် ရရှိရန်လိုအပ်ပါသည်။ မြန်မာ့ကြိမ်ပရိဘောဂမှာ အများအားဖြင့် လက်ဖြင့်ပြုလုပ်သောကြောင့် ထုတ်လုပ်မှု နှေးကွေးပါသည်။ ကြိမ်ပရိဘောဂတင်ပို့ရာတွင် ကုန်ပစ္စည်းသေတ္တာ (CONTAINER) များဖြင့်သာတင်ပို့ကြပါသည်။ သာမန်သင်္ဘောဖြင့်တင်ပို့ပါက ပျက်စီးတတ်ပါသည်။ ဤအခက်အခဲများ လောက်သာရှိပါသည်။

မြန်မာ့ကြိမ်ကို နိုင်ငံတကာလက်ခံပါသည်။ မှန်ကန်သော ပြုပြင်မှု၊ သိုလှောင်မှု၊ ရွေးချယ်မှုတို့ကိုပြုရန်သာလိုပါသည်။ ယနေ့ ကြိမ်နှင့် ကြိမ်ထည်ပစ္စည်းတင်ပို့မှု အလားအလာအကောင်းဆုံးနိုင်ငံမှာ မြန်မာနိုင်ငံသာ ဖြစ်ပါသည်။ ကြိမ်တင်ပို့ရောင်းချမှုအနက်ဘာတန်း (BATANG) ဟု ကမ္ဘာ့ဈေးကွက်တွင် လူသိများသော ခပေါင်းကြိမ် တင်ပို့မှုမှာ ယနေ့မြန်မာ့ကြိမ်လောကတွင် အအောင်မြင်ဆုံးဖြစ်ပါသည်။ အမှန်စင်စစ် တိုင်စွန်း (TYSOON) ဟု ကမ္ဘာကသိသော ရေကြိမ်၊ မာနှောင်း (MANAN) ဟု ကမ္ဘာကသိသော ရမထာကြိမ်နှင့် ဆီဂါး (SEGA) ဟုကမ္ဘာကသိသော ကြက်ဥကြိမ်များကိုလည်း စနစ်တကျ ပြုပြင်၍ တင်ပို့နိုင်ပါသေးသည်။

❖ ❖ ❖ ❖ ❖

# အခန်း (၁၅)

## ကြိမ်ထည်ပရိဘောဂလက်မှုပစ္စည်း ထုပ်လုပ်မှုအဆင့်ဆင့်

ကြိမ်၏ ချစ်စရာကောင်းသော ပင်ကိုအရည်အသွေးမှာ သုံးစွဲရာတွင် ပေါ့ပါးခြင်း၊ အနုပညာလက်ရာမြောက်၍ အလွယ်တကူ ပုံသွင်း၍ရခြင်း၊ အပူအအေးမျှတ၍ လူတို့ကျန်းမာရေးနှင့် ညီညွတ်ခြင်း စသည်တို့ဖြစ်သည်။ ယင်းအရည်အသွေးများကြောင့်ပင် နွားနှင်တံ၊ ဆန်ကော၊ ဆန်ခါ၊ ခြင်း၊ တောင်းမှသည် နေအိမ်သုံးပရိဘောဂများ အထိ မြန်မာ့လက်မှုနယ်ပယ်တွင် နေရာယူတွင်ကျယ်လျက် ရှိသည်။

မြန်မာ့ကျေးလက်လူနေမှုအသုံးအဆောင်များဖြစ်ကြသည့် ဆန်ကော၊ ဆန်ခါ၊ ခြင်းတောင်းစသည်တို့ကို ရက်လုပ်ကြရာတွင် အဓိကအားဖြင့် မြန်မာ့သစ်တောထွက်ဝါးကို အားကိုးကြရသည်။ သို့သော် လူမှာ အဝတ် တောင်းမှာ အကွပ်ဆိုသကဲ့သို့ ယင်းအသုံးအဆောင်များ လှပခိုင်ခံ့အောင် အနားကွပ်မွမ်းမံကြရာတွင် ကြိမ်သည် ပစ်ပယ်၍ မရသော အခြေခံသစ်တောထွက်ပစ္စည်းတစ်မျိုးဖြစ်သည်။ ထို့ပြင် ‘‘ရမထာရွှေကြိမ်လုံးရယ်နဲ့၊ ထွန်တုံးကိုတဲ့ ခြေတော်တင်၊ နွားကြန်စုံနှင်’’ ဆိုသည့် လက်ထွန်မင်္ဂလာဗုံကြီးသံအရလည်း ရှေးမြန်မာမင်းများလက်ထက်ကပင် မြန်မာ့စိုက်ပျိုးရေးနယ်ပယ်တွင် မြန်မာ့ကြိမ်နွယ်တို့၏ အစဉ်အလာသည် မည်မျှကြီးမားခဲ့ကြောင်း ထင်ရှားနေပါသည်။





ရှေးက မြန်မာ့ကြိမ်နွယ်တို့၏ အခန်းကဏ္ဍသည် အများအားဖြင့် ကျေးလက်တွင်သာ တွင်ကျယ်ခဲ့သည်။ သို့ရာတွင် လူတို့၏ လူနေမှုဘဝမြင့်မားလာသည်နှင့်အမျှ နည်းပညာ၊ အတတ်ပညာများ တိုးတက်လာသည်နှင့်အမျှ ကျေးလက်သာမက မြို့ပြတွင်ပါ တွင်ကျယ်လာပေသည်။ ယခင်က ကျွန်းသစ်ကဲ့သို့သော အဖိုးတန်အမျိုးမှန်သစ်များဖြင့် ပြုလုပ်ထားသည့် ပရိဘောဂပစ္စည်းများကိုသာ အမြတ်တနိုးတန်ဖိုးထားသုံးစွဲခဲ့ကြရာမှ ကြိမ်နွယ်ဖြင့် ပြုလုပ်သော ပရိဘောဂအသုံးအဆောင်များ၏ ခိုင်ခံ့လှပသည့် အရည်အသွေးများကို သုံးစွဲသူတို့ သိရှိလာကြသည်နှင့်အမျှ ကြိမ်ထည်အသုံးပြုမှုသည် မြန်မာ့လူမှုနယ်ပယ်တွင်သာမက ကမ္ဘာ့လူမှုနယ်ပယ်တိုင်အောင် ဝင်ဆံ့တွင်ကျယ်လာခဲ့ပေသည်။

ကြိမ်ထည်ပရိဘောဂလုပ်ငန်းများတွင် အသုံးပြုသည့် ကြိမ်အမျိုးအစားများမှာ ကြိမ်ပေါင်းခေါ် ကြိမ်နွာမောင်း၊ ရမထာကြိမ်၊ ကြက်ဥကြိမ်နှင့် ရေကြိမ်တို့ဖြစ်ပြီး ကြိမ်ပရိဘောဂကိုယ်ထည်၊ လက်တင်နှင့် အမာခံနေရာများတွင် ကြိမ်ပေါင်းခေါ် ကြိမ်နွာမောင်းကိုလည်းကောင်း၊ ထောက် (ဒေါက်) နေရာများတွင် ရမထာကြိမ်ကိုလည်းကောင်း၊ ကြိမ်ထည် အခင်းနှင့် နောက်မှီလုပ်ငန်းများ၌ ကြိမ်တုပ်၊ ကြိမ်ထိုးများအတွက် ကြက်ဥကြိမ်နှင့် ရေကြိမ်ကိုလည်းကောင်း သုံးစွဲလျက်ရှိပါသည်။ ကြိမ်တုပ်ကြိမ်ထိုးလုပ်ငန်းများတွင် ကြက်ဥကြိမ်နှင့် ရေကြိမ်တို့အနက် ကြက်ဥကြိမ်သည် အရည်အသွေးကောင်းမွန်မှု၊ ခိုင်ခံ့မှုပိုမိုကောင်းမွန်သဖြင့် ကြက်ဥကြိမ်ကိုသာ အဓိကထားသုံးစွဲကြသည်ကို တွေ့ရပါသည်။

ကြိမ်ထည်ပရိဘောဂလုပ်ငန်းများတွင် အသုံးပြုသည့် ကြိမ်အမျိုးအစားများမှာ ကြိမ်ပေါင်း (ခေါ်) ကြိမ်နွာမောင်း၊ ရမထာကြိမ်

နှင့် ရေကြိမ်တို့ဖြစ်ကြောင်း အထက်တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ကြိမ်ထည် ပရိဘောဂထုတ်လုပ်ရာတွင် ပုံခွေ၊ ပုံရိုက်၊ ကြိမ်တုပ်၊ နန်းဆွဲ၊ ကြိမ်ထိုး၊ အရောင်တင်စသည့်လုပ်ငန်းအဆင့်ဆင့်ရှိရာ ပုံခွေလုပ်ငန်းတွင် ပရိဘောဂကြိမ်ထည်အဖြစ် အသုံးပြုရမည့် ကြိမ်လုံးကြီးများကို သစ်သားခုံတွင် ပုံဖော်ထားသည့် ပုံစံခွက်အတွင်းတင်ကာ ဘရိုးလင်းမီးဖိုဖြင့် အပူပေးပြီး လိုချင်သည့်ပုံစံဒီဇိုင်းရအောင် ကွေးညွတ်ပုံဖော်ရပါသည်။ ဤလုပ်ငန်းတွင် လုံးပတ်လေးလက်မငါးလက်မအရွယ် ကြိမ်လုံးကြီးများကို ကိုင်တွယ်ကွေးညွတ်ပုံသွင်းရာတွင် ခေတ်မီစက်ကိရိယာများ၏ အကူအညီမပါဘဲ ရိုးရာလက်မှုပညာနည်းအတိုင်း လိုအပ်သည့်ပုံစံရအောင် ပုံဖော်ရခြင်းဖြစ်ပေရာ ပညာရှင်လုပ်သားများ၏ လုပ်ငန်းကျွမ်းကျင်မှုသည် များစွာအရေးပါလှပေသည်။ ထို့ပြင် ကြိမ်ပရိဘောဂထုတ်လုပ်သူလုပ်သားတို့၏ လုပ်ငန်းခွင်စိတ်ဝင်စားမှုသည်လည်း အထူးပင်လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကြိမ်ထည်ပရိဘောဂနှင့် ကြိမ်ထည်ခန်းဆီးများတွင် တပ်ဆင်မည့် ပန်းခက်၊ ပန်းနွယ်လေးများကို စိတ်ရှည်ရှည်ပုံဖော်ပြုလုပ်နေသည့် လုပ်သားတစ်ဦး၏ လုပ်ငန်းခွင်ကို စိမ်ပြေနပြေထိုင်ကြည့်နေမည်ဆိုပါက ကြိမ်လုံးကလေးများ ကိုင်တွယ်ပုံသူ့အကွက်နှင့်သူနေသားတကျဖြစ်အောင် ပန်းကွက်ကလေးများဖော်ယူပုံတို့မှာ ပရိဘောဂပစ္စည်းတစ်ခုကို ထုတ်လုပ်နေသည်နှင့် မတူဘဲ စွဲလမ်းနှစ်သက်ဖွယ်အနုပညာလက်ရာတစ်ရပ်ကို ဖန်တီးနေသည့် ပညာရှင်တစ်ဦးပမာ ဘေးလူတို့ပါ ညို့ယူတိမ်းညွတ်စေနိုင်သောကြောင့်ပင် ဖြစ်ပါသည်။

ကြိမ်ထည်ပုံခွေသည့်အဆင့်ပြီးလျှင် ပုံရိုက်သည့်အဆင့်ဖြစ်သည်။ ယင်းအဆင့်တွင် ပုံဖော်အဆင့်က ပုံဖော်ထုတ်လုပ်ထားသည့်



ပရိဘောဂအစိတ်အပိုင်းများကို ကုလားထိုင်ဆိုလျှင် ကုလားထိုင်၊ ခုတင်ဆိုလျှင်ခုတင် စသည်ဖြင့် ပရိဘောဂတစ်ခုအဖြစ် ပုံပေါ်လာအောင် တွေ့ဆက်တပ်ဆင်ရသည့်လုပ်ငန်းဖြစ်ပါသည်။ ယင်းမှာ ပရိဘောဂတစ်ခုအဖြစ် ပုံဖော်တပ်ဆင်ထားသည့်အစိတ်အပိုင်းများ တပ်ဆင်တွေ့ဆက်ရာနေရာများကို ကြံ့ကြံ့ခိုင်ခံ့စေရန် ကြက်ဥကြိမ်ကို စိတ်ဖြာနန်းဆွဲ၍ ရစ်ပတ်တုပ်နှောင်ရသည့်လုပ်ငန်းဖြစ်ပေသည်။

ကြိမ်ထည်ပရိဘောဂလုပ်ငန်းသည် လက်မှုပညာပိုင်းနှင့် စိတ်ရှည်လက်ရှည် ဆောင်ရွက်ရသောလုပ်ငန်းဖြစ်သည့်အတွက် လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ကြရသူလုပ်သားများအနေဖြင့် မိမိလုပ်ငန်းကို စိတ်ဝင်စားမှု၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်သံယောဇဉ်ရှိမှုတို့မှာ အလွန်အရေးကြီးပါသည်။

ပုံခွေ၊ ပုံရိုက်၊ ကြိမ်တုပ်၊ ကြိမ်ထိုးလုပ်ငန်းများကဲ့သို့ပင် အရေးပါသည့်လုပ်ငန်းတစ်ရပ်မှာ ကြိမ်နန်းဆွဲသည့်လုပ်ငန်းဖြစ်ပါသည်။ ကြိမ်နန်းဆွဲခြင်းလုပ်ငန်းသည် အထက်တွင်တင်ပြခဲ့သည့်လုပ်ငန်းများ၊ အထူးသဖြင့် ကြိမ်တုပ်ကြိမ်ထိုးလုပ်ငန်းများကို အဓိကအထောက်အပံ့ပြုသည့်လုပ်ငန်းဟုဆိုလျှင် မမှားပေ။ အဘယ့်ကြောင့်ဟူမူ စိတ်ဖြာနန်းဆွဲထားသည့် ကြိမ်နန်းကလေးများ အမျိုးအစားကောင်းမွန်မှု၊ ခိုင်ခံ့သေသပ်ချောမွေ့မှုတို့သည် ပရိဘောဂအစိတ်အပိုင်းများကို တွေ့ဆက်တုပ်နှောင်ခြင်းနှင့် ပရိဘောဂအခင်းအကာ၊ နောက်မှီတို့ကို ကြိမ်ထိုးပုံဖော်ရာတွင် အဓိကအပိုင်းမှ ပါဝင်နေသည်သာမက လုပ်သားများကုန်ထုတ်လုပ်မှုအပိုင်းတွင် အချိန်ကုန်သက်သာမှု၊ လုပ်ငန်းတွင်ကျယ်မှုတို့ကိုလည်း ယင်းအချက်က အဓိကအထောက်အကူပြုနေပါသည်။

ထုတ်လုပ်မှုအပိုင်းတွင် အပြီးသတ်အဆင့်ဖြစ်သည့် ကြိမ်ခြင်းနှင့် အရောင်တင်ခြင်းလုပ်ငန်းများအနက် ကြိမ်ထိုးလုပ်ငန်းကို လုပ်ငန်းသဘာဝအရ အမျိုးသမီးလုပ်သားများက အဓိကထုတ်လုပ်ပေးကြပါသည်။ မိန်းမသားတို့၏ ပင်ကိုသဘာဝကပင် အလှအပကို မြတ်နိုးတွယ်တာကြသည့်အလျောက် အလှအပကိုလည်း စိတ်ရှည် လက်ရှည်ဖန်တီးတတ်ကြပေရာ ယင်းလုပ်ငန်းနှင့် အမျိုးသမီးများ အံဝင်ခွင်ကျရှိလှသည်ဟုဆိုရပေမည်။ ကြိမ်ထည်ပရိဘောဂများ အရောင်တင်ခြင်းလုပ်ငန်းကိုမူ အမျိုးသားများက တာဝန်ယူဆောင်ရွက်ကြရပါသည်။

ကြိမ်ကုလားထိုင်အရွယ်အစားအမျိုးမျိုး၊ အနုပညာလက်ရာမြောက် ပန်းကွက်ပန်းနွယ်များဖြင့် ပုံဖော်ထားသည့် ကြိမ်လိုက်ကာအမျိုးမျိုး၊ ကြိမ်ဆက်တီအရွယ်မျိုးစုံ၊ စားပွဲကြီးငယ်များ၊ ဥယျာဉ်သုံးကြိမ်ထည်များ၊ စာအုပ်စင်၊ စာထည့်ခွက်၊ ဖိုင်စင်များနှင့် အိပ်ခန်းသုံးခုတင်များစသည်ဖြင့် အမျိုးမျိုးထုတ်လုပ်နိုင်သည်ဟု သိရှိရပါသည်။

❖ ❖ ❖ ❖ ❖





**မြန်မာ့ကြိမ်ထည် အနုလက်ရာများ**



**ကြိမ်ဖြင့် ပြုလုပ်သော ပရိဘောဂပစ္စည်းများ**





မြန်မာ့လက်မှုအနုပညာ ကြိမ်ထည်ပစ္စည်းများ





မြန်မာ့လက်မှုအနုပညာလက်ရာ ကြိမ်ထည်ပစ္စည်းများ





ကြိမ်ထည်ဖြင့် ရက်လုပ်
ထုတ်လုပ်ထားသည့်
အိမ်သုံးပစ္စည်းများအား
အစီအရီ တွေ့ရစဉ်။



ကြိမ်ယက်လုပ်နေပုံ





မြန်မာ့လက်မှုအနုပညာလက်ရာ ကြိမ်ထည်ပစ္စည်းများ



















ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရန် အသင့်ဖြစ်နေသည့်
မြန်မာ့ကြိမ်ထည်ကုလားထိုင်များ



ကျွမ်းကျင်အလုပ်သမများ ကြိမ်ကုလားထိုင်ထိုးကြသည့်
လုပ်ငန်းခွင်တစ်နေရာ

# အခန်း (၁၆)

## သစ်အစားထိုးပရိဘောဂများအဖြစ်ကြိမ်၊ ဖေဒါများဖြင့် ပြုလုပ်ထားသည့် လက်မှုပစ္စည်းများ ပိုမိုအသုံးပြုလာခြင်း

သစ်သည် ရှားပါးကုန်ဖြစ်နေပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအပြင် သဘာဝပတ်ဝန်းကျင် မပျက်သုဉ်းရေး ကြိုးပမ်းဆောင်ရွက်မှုအနေဖြင့် ကြိမ်နှင့်ဖေဒါများကို အသုံးပြုကာ ခေတ်မီလှပသော လူ့အသုံးအဆောင်ပရိဘောဂများ တီထွင်ဖန်တီး၍ ဟိုတယ်၊ မိုတယ်၊ ရုံးခန်း၊ စားသောက်ဆိုင်များ၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိပါသည်။

ထုနှင့်ထည်နှင့် ထုတ်လုပ်ရသည့် သစ်နေရာတွင် ကြိမ်၊ ဖေဒါတို့ကို အစားထိုး တီထွင်ထုတ်လုပ်ထားသည့်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတွင် အလွန်ထိရောက်သည့် ကြိုးပမ်းဆောင်ရွက်မှုဖြစ်ပြီး ကြာရှည်ခိုင်ခံ့မှုနှင့် သဘာဝအရသာ ထိတွေ့ခံစားနိုင်အောင် ဂရုတစိုက် Treotment လုပ်ထားသည့်အတွက် ကျန်းမာရေးနှင့်ကိုက်ညီမှုရှိကြောင်း သိရှိရပါသည်။

ကြိမ်နှင့် ဖေဒါကို အခြေခံ၍ ခြေသုပ်ဖိနပ်၊ မီးဆိုင်း၊ ဂေါက်သီးအိတ်၊ ခန်းဆီးဆက်တီခုံ၊ ပန်းခြံထိုင်ခုံနှင့် အလှပြင် မော်တော်ဆိုင်ကယ် စသည့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိပြီး ကြိမ်





နှင့် သစ်၊ ကြိမ်နှင့် ဖေဒါ၊ ဖေဒါနှင့် သစ်စသည်ဖြင့် တွဲစပ်ပြီး ပရိဘောဂများလည်း ထုတ်လုပ်လျက်ရှိကြောင်း သိရှိရပါသည်။

❖ ❖ ❖ ❖ ❖

## အခန်း (၁၇)

## ထူးထူးခြားခြား ဥရောပက ကြိမ်ထည်လုပ်ငန်း

ပိုလန်နိုင်ငံသည် ဥရောပသမဂ္ဂသို့ ဝင်ရောက်လာသော အဖွဲ့ဝင်နိုင်ငံသစ် တစ်နိုင်ငံဖြစ်သည်။ မျက်မှောက်ကာလအထိ ထိုနိုင်ငံ၏ အချို့သော ဒေသများတွင် မြင်းလှည်းများကို အသုံးပြုနေဆဲဖြစ်၍ ခေတ်နောက်ကျနေသော ကျေးလက်လယ်ယာမြေစနစ်ကို အသုံးပြုနေဆဲ ဖြစ်သည်ဟု ဥရောပမီဒီယာများက ဖော်ပြလေ့ရှိပါသည်။

ဥရောပသမဂ္ဂသို့ ပိုလန်နိုင်ငံဝင်ရောက်ခဲ့သဖြင့် ထိုနိုင်ငံ၏ ကြိမ်လုပ်ငန်းမှာ စီးပွားရေးအဆင်ပြေလာခဲ့ပါသည်။ ပိုလန်နိုင်ငံသည် ဥရောပသမဂ္ဂဝင်နိုင်ငံများအနက် ကြိမ်ထည်ပစ္စည်းများကို အများဆုံး တင်ပို့ရောင်းချသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကမ္ဘာ့အနေအထားနှင့်ကြည့်လျှင် ကမ္ဘာပေါ်တွင် စတုတ္ထအကြီးဆုံး ကြိမ်ထည်လုပ်ငန်း လုပ်ကိုင်သောနိုင်ငံဖြစ်သည်ဟု ဆိုပါသည်။

ပိုလန်နိုင်ငံ၏တောင်ပိုင်းရှိ ရှုဒနန်မြို့ကလေးသည် ကြိမ်လုပ်ငန်း အချက်အချာဒေသဖြစ်ပါသည်။ မြို့သူမြို့သားတစ်ထောင်ခန့်သည် မိရိုးဖလာကြိမ်လုပ်ငန်းကို အစဉ်အဆက်လုပ်ကိုင်ခဲ့သူများ ဖြစ်ကြသည်။ ထိုမြို့ကလေး၏နံဘေးမှ ဖြတ်စီးသွားသော ''စန်'' အမည်ရှိသည့် မြစ်ကမ်းပေါ်တွင် ကြိမ်တောများသည် ထူထပ်စွာပေါက်





ရောက်လျက်ရှိပါသည်။ ထိုကြိမ်များကို အသုံးပြု၍ ကြိမ်ထည်လက်မှုပစ္စည်းများ ထုတ်လုပ်သောလုပ်ငန်းကို ၁၈၇၀ ပြည့်နှစ်တွင်မှ စတင်လုပ်ကိုင်ခဲ့ပါသည်။ ထိုကြိမ်ထည်လုပ်ငန်းသည် ထိုနောက်ပိုင်းကာလများတွင် ပိုလန်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုလုပ်ငန်းများအဖြစ် ဆက်လက်တည်ရှိလာခဲ့လေသည်။

မကြာသေးမီနှစ်များအတွင်းက အနောက်ဥရောပနိုင်ငံများရှိ ကြိမ်ထည်လုပ်ငန်းများ ကွယ်ပျောက်သွားချိန်တွင် သုံးစွဲသူများက ကြိမ်ထည်ပစ္စည်းများကို တောင့်တောင့်တတအဝယ်လိုက်လာသဖြင့် ပိုလန်ကြိမ်ထည်လုပ်ငန်းများ တစ်ခေတ်ကောင်းလာခဲ့သည်။ ယခုအခါ ရှုဒနန်မြို့ကလေးသည် ကြိမ်ထည်လုပ်ငန်းကြီး ၁၀ ခုနှင့် လုပ်ငန်းငယ် ၁၀၀ ခန့်ရှိပြီး ယင်းတို့အနက် အကြီးဆုံးလုပ်ငန်းမှာ ရှိဒယ်လ်တာ အမည်ရှိ ကြိမ်ထည်လုပ်ငန်းဖြစ်ပါသည်။ ပိုလန်နိုင်ငံ၏ ကြိမ်ထည်လက်ရာများကို ဂျပန်နိုင်ငံတွင်ကျင်းပသော အိပ်စပို ၂၀၀၅ ခုနှစ်ကုန်စည်ပြပွဲတွင် သွားရောက်ပြသခဲ့ပါသည်။

ဒယ်လ်တာကြိမ်ထည်လုပ်ငန်းမှထွက်ရှိသော ကြိမ်ထည်များကို အဓိကအားဖြင့် ယူနိုက်တက်ကင်းဒမ်း၊ ဂျာမနီ၊ ပြင်သစ်နှင့်စကင်ဒီးနေးဗီးယားနိုင်ငံများသို့ တင်ပို့ရောင်းချသည်။ ပို့ကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာရှစ်သိန်းခုနှစ်သောင်းကျော်ခန့်ရှိသည်ဟု သိရှိရပါသည်။

❖ ❖ ❖ ❖ ❖



**ဥရောပတွင် ကြိမ်ထည်လုပ်ငန်းများ ထွန်းကားလာသည့်နိုင်ငံမှာ ပိုလန်နိုင်ငံဖြစ်သည်။**

## အခန်း (၁၈)

## ကြိမ်လုပ်ငန်းဆိုင်ရာအချက်အလက်ဌာန အာဆီယံ ထူထောင်ရန် အဆိုပြုခြင်း

ကြိမ်နှင့်ပတ်သက်၍ သုတေသနပြုတွေ့ရှိမှုများကို မျှဝေသုံးစွဲနိုင်ရန် အချက်အလက်ဌာန (database) တစ်ခုတည်ထောင်ရန် ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ၂၀၀၆ ခုနှစ်၊ ဇွန်လနောက်ဆုံးပတ်တွင် ပြုလုပ်သော အာဆီယံနိုင်ငံများ၏ ကြိမ်လုပ်ငန်းဆိုင်ရာ စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက အဆိုပြုခဲ့ကြောင်း သိရှိရပါသည်။

ထိုအာဆီယံနိုင်ငံများ၏ ကြိမ်လက်မှုအနုပညာပစ္စည်းများ ထုတ်လုပ်မှုတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲသို့ ဘရူနိုင်းနှင့် စင်ကာပူနိုင်ငံတို့မှအပ ကျန်အာဆီယံနိုင်ငံများ တက်ရောက်ခဲ့ပြီး အာဆီယံဒေသအတွင်း၌ ကြိမ်နှင့်ပတ်သက်၍ ယဉ်ကျေးမှု၊ ကြိမ်၏ သဘာဝနှင့် အသုံးဝင်ပုံ၊ လက်ရှိအသုံးပြုမှုအခြေအနေ၊ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့မှုအခြေအနေစသည်တို့ကို စာတမ်းများ ဖတ်ကြားခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံအသီးသီးတွင် ကြိမ်ထုတ်လုပ်မှု အရေးပါလာပြီး သဘာဝကြိမ်တောများကို ထိခိုက်လာနိုင်၍ ကြိမ်ထုတ်လုပ်မှုကိုလည်း

မထိခိုက်စေဘဲ သဘာဝကြိမ်တောများကို မည်သို့ထိန်းသိမ်းရမည်ကို ဆွေးနွေးခဲ့သည်ဟု သိရှိရပါသည်။

နည်းပညာပိုင်းအရ တောထဲတွင် ကြိမ်ကို စခုတ်ကတည်းက ကြိမ်၏ ရေရှည်အနာဂတ်တည်တံ့မှုကို မထိခိုက်စေရန် မည်သည့်အချိန်တွင် မည်ကဲ့သို့ခုတ်ရမည်ဟူသော ရိတ်သိမ်းနည်းပညာ (harvesting) ကိုလည်း ဆွေးနွေးခဲ့သည်ဟု သိရှိရပါသည်။

အာဆီယံဒေသအတွင်း ကြိမ်မျိုးစိတ် များစွာရှိပြီး အမည်ပေးထားသည်များရှိသကဲ့သို့ အမည်မပေးရသည်များလည်း ရှိနေသဖြင့် ၎င်းတို့နှင့်ပတ်သက်ပြီး အာဆီယံနိုင်ငံများအကြားတွင် ရှုပ်ထွေးစရာဖြစ်နိုင်ကြောင်း သိရပါသည်။ ထို့ကြောင့် ကြိမ်အမျိုးမျိုး၏ ဂုဏ်သတ္တိများနှင့်ပတ်သက်၍ တစ်နိုင်ငံချင်းစီမှ သုတေသနပြုတွေ့ရှိချက်များကို ကျန်နိုင်ငံများမှ မျှဝေသုံးစွဲနိုင်စေရန် အချက်အလက်ဌာနတစ်ခု ထူထောင်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အဆိုပြုခဲ့ခြင်းဖြစ်ပါသည်။

အာဆီယံနိုင်ငံများအတွင်း အင်ဒိုနီးရှားနိုင်ငံက ကြိမ်ထုတ်လုပ်မှုလုပ်ငန်းတွင် ထိပ်ဆုံးကရှိနေပြီး မြန်မာနိုင်ငံ၏ ကြိမ်လုပ်ငန်းသည် ယင်းနိုင်ငံနှင့် နှိုင်းယှဉ်လျှင် နည်းနေသေးကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံအတွင်း ကြိမ်မျိုးရင်းငါးမျိုးနှင့် မျိုးစိတ်ပေါင်း ၃၅ မျိုးခန့်ရှိပြီး ၎င်းတို့အထဲမှ ရှစ်မျိုးခန့်ကိုသာ စီးပွားဖြစ်အဓိကထုတ်လုပ်ပြီး ၂၀၀၄-၂၀၀၅ ခုနှစ်များတွင် ကြိမ်လုပ်ငန်းမှ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာနှစ်သန်းမှ သုံးသန်းအကြား ရရှိခဲ့သည်ဟုဆိုပါသည်။

❖ ❖ ❖ ❖ ❖





**မြန်မာ့ကြိမ်ထည်များနှင့်နီးစပ်သော ဗီယက်နမ် ကြိမ်ထည်ပစ္စည်းများ**





# အခန်း (၁၉)

## အထွေထွေ

### ပလတ်စတစ်ကြိမ် (ကြိမ်တု) ပရိဘောဂလုပ်ငန်း

ပလတ်စတစ်ကြိမ်ကို ပထမဆုံး ဂျာမနီနိုင်ငံတွင် စတင်တီထွင်ထုတ်လုပ်ခဲ့သည်ဟု သိရှိရပါသည်။ ယခုအခါ မြန်မာနိုင်ငံ ကြိမ်ပရိဘောဂဈေးကွက်တွင် ကြိမ်အပြင် ဖေဒါဖြင့်ပြုလုပ်သော ပရိဘောဂနှင့် ယခုနောက်ပိုင်း ကြိမ်တုဈေးကွက်ပါ တိုးချဲ့လာပါသည်။ ၂၀၁၀ ပြည့်နှစ်၊ မေလတွင်ကျင်းပခဲ့သော မြန်မာသစ်ပရိဘောဂပြပွဲ ၂၀၁၀ တွင် ကြိမ်အတုဖြင့်ပြုလုပ်ထားသော ပရိဘောဂများကို ပထမဆုံးပြသခဲ့ပါသည်။ ကြိမ်တုပရိဘောဂများသည် ကြိမ်ပရိဘောဂများထက် ဈေးနှုန်းပိုများခြင်း၊ ကြာရှည်ခံခြင်း၊ ခေတ်သစ်ဒီဇိုင်းအဆန်းများပြုလုပ်နိုင်ခြင်းနှင့် Out Door တွင်ကျယ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။ သို့သော်လည်း ကြိမ်အတုပရိဘောဂများသည် လှပင်လှသော်လည်း ကြိမ်အစစ်ပရိဘောဂများလောက် လူကြိုက်မများပါ။

ပလတ်စတစ်ကြိမ်ပြုလုပ်ရာတွင် ကော်စေ့ ၉၀ ရာခိုင်နှုန်းခန့်နှင့် ဓာတုပစ္စည်းများပါဝင်ကြောင်း၊ ကြိမ်အတုအား ခရမ်းလွန်ရောင်ခြည်ကာကွယ်ရန်၊ ရေမစိမ့်စေရန်နှင့် ရာသီဥတုအားလုံးအတွက်





အသုံးပြုနိုင်ရန် ပြုလုပ်ထားပါသည်။ အင်ဒိုနီးရှားနည်းပညာဖြင့် စမ်းသပ်ထုတ်လုပ်ပြီး ပလတ်စတစ်ကြိမ်ပရိဘောဂများကို ပြည်တွင်းဈေးကွက်နှင့် ဩစတြေးလျနိုင်ငံသို့ တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

### တန်ဖိုးကြီးမားသောကြိမ်ချောဖျာနု

ယနေ့ကာလတွင် ကြိမ်အများဆုံးထွက်ရှိသော ကချင်တောင်တန်းတွင် ကြိမ်နှင့်ဆက်စပ်ပစ္စည်းများကို အမျိုးမျိုးရရှိနိုင်ပါသည်။ လက်ကိုင်ခြင်းအမျိုးမျိုးနှင့် ကြိမ်ထိုင်ခုံများသည် လက်ရာအမြင်တစ်မျိုးဖြင့် ရက်လုပ်ကြပါသည်။ ထို့ပြင် မြန်မာနိုင်ငံရှိ ဒေသအသီးသီးတွင် တွေ့ရများသော သင်ဖြူးဖျာချောကဲ့သို့ ကြိမ်ဖျာကြီးများအရွယ်မျိုးစုံကို ဟုမ္မလင်းမြို့နယ် နန့်တောဒေသတွင် တွေ့ရှိရပါသည်။ ကြိမ်များကို အချောစား အလှ္ဘာကလေးများဖြစ်အောင် စိတ်ရှည်ရှည်နှင့် လက်ရာမြောက်အောင် ရက်လုပ်ထားသဖြင့် လူကြိုက်များသည့်အပြင် နှစ်ပေါင်း ၃၀ မှ ၅၀ အထိပင် သုံးစွဲနိုင်သည်ဟု သိရှိရပါသည်။ နာဂတောင်တန်းဒေသက ရက်လုပ်သော ကြိမ်ချောဖျာနုများသည် ဧည့်ခန်းဆောင်၊ ဧည့်ရိပ်သာ၊ ဓမ္မာရုံစသည့် လူအများအပြားလာရောက်သော နေရာများတွင် အရှည်လိုက် တစ်ပြန့်တစ်ပြောကြီး၊ တစ်ညီတစ်ညာတည်းခင်းနိုင်အောင် စီစဉ်ရက်လုပ်ထားသည့်အတွက် ဖျာကြီးတစ်ချပ်သည် နှစ်ခန်းပတ်လည် ခင်းကျင်းနိုင်သဖြင့် ဧည့်ခံမင်္ဂလာ၊ အလှူအတန်းများပါ အသုံးတည့်နေသည်ကို တွေ့ရှိရပါသည်။ တစ်ချပ်လျှင် ကျပ်တစ်သိန်းပေါက်ဈေးရှိ၍ ဖျာနုများကို ရက်လုပ်၍ ရနိုင်မည့်ကြိမ်အမျိုးအစား ရှာဖွေရ၊ အချိန်ကြာကြာ

စိတ်တိုင်းကျရက်လုပ်ရသည်ဖြစ်၍ ဈေးကြီးသော်လည်း တာရှည်ခံပြီး ရာသီဥတုမရွေးသုံးစွဲနိုင်သည်။ ထို့ပြင် ကျန်းမာရေးနှင့်လည်း ပြည့်စုံမှုတစေနိုင်သည်ဟု သိရှိရပါသည်။ ချင်းပြည်နယ်တွင်လည်း ချင်းဖျာဟူ၍ ကြိမ်ချောဖျာနုများကို ရက်လုပ်ရောင်းချပါသည်။ ဟုမ္မလင်းမြို့နယ် ဥရုမြစ်ဝှမ်းဒေသတွင် တွင်ကျယ်စွာအသုံးပြုကြပါသည်။

ခန္တီးခရိုင် လေရှီးမြို့နယ်၊ လဟယ်မြို့နယ်များ (ယခုနာဂအထူးဒေသ) ကျေးလက်တောင်တန်းများတွင်လည်း ထွက်ရှိ ပါသည်။ ဖျာတစ်ချပ်ကို နှစ်ပေါင်းများစွာ သုံးစွဲနိုင်သဖြင့် ငွေတစ်သိန်းဈေးရှိသော်လည်း ဖျာတစ်ချပ်ရရန် အချိန်တော်တော် ယူကြရပါသည်။ ကြိမ်ချောဖျာနုများသည် ပိတ်ပိတ်သည်းသည်း ရှိသဖြင့် နှစ်ပေါင်းမည်မျှကြာကြာ မစုတ်မပြဲ မဖွာလန်ဘဲ ကြမ်းပိုးပင် ခိုအောင်း၍ မရအောင် ရက်လုပ်ထား၍ လက်ရာကလည်း အလွန်အံ့ဩစရာကောင်းလှပါသည်။

## ရေကြည်မြို့နယ်ကြိမ်ချောထည်လုပ်ငန်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် ရေကြည်မြို့နယ်ရှိ ကြိမ်ချောထည်ထုတ်လုပ်သည့် မြန်မာ့လက်မှုပညာလုပ်ငန်းသည် လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ကျော်ကပင် လက်ဆွဲခြင်းအမျိုးမျိုး စတင်ရက်လုပ်လာခဲ့ကြရာမှ နောက်ပိုင်းတွင် အိမ်တွင်းမှုလုပ်ငန်းအနေဖြင့် လူသုံးကုန်ပစ္စည်းများစွာ ထုတ်လုပ်လာခဲ့ကြပါသည်။

အဓိကကုန်ကြမ်းဖြစ်သော ကြိမ်ကို ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ၊ ရေဦး၊ ခန္တီး၊ ကချင်ပြည်နယ် ဗန်းမော်၊



မြစ်ကြီးနားနှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တို့မှ ရရှိပါသည်။ ထိုဒေသမှထွက်ရှိသော ကြိမ်များကို မန္တလေး၊ ရန်ကုန် မြို့ရှိ ကြိမ်စက်ရုံများသို့ သယ်ယူပို့ဆောင်ကြပါသည်။ ရေကြည် မြို့နယ်တွင် အသုံးပြုထုတ်လုပ်သော ကြိမ်အမျိုးအစားမှာ ရေကြိမ် ဖြစ်ပါသည်။

ကြိမ်စက်ရုံများသို့ သယ်ယူထားသောကြိမ်များကို ခေတ်မီစက်ကိရိယာများဖြင့် ကြိမ်ချောထည်ပစ္စည်းများပြုလုပ်ရန်အတွက် ရေးဦးစွာ ကြိမ်အူချောင်းနှင့်ကြိမ်နန်းမျှင်များ ပြုလုပ်ကြရပါသည်။

အချောထည်ပြုလုပ်ရန်အတွက် အလျား ၁၀ ပေ၊ လုံးပတ် ၄၊ မီလီမီတာမှ ၁၃ မီလီမီတာအရွယ်ထိ အရွယ်အစားအမျိုးမျိုး ကို ထုတ်ယူကြရပါသည်။

ကြိမ်လုံးအပေါ်ယံအကြောကို နန်းမျှင်အဖြစ် အသုံးပြုရန် အတွက် အရွယ်မျိုးစုံထုတ်လုပ်ပြီး ကြိမ်ထည်ပစ္စည်းများတွင် ကြိမ်ထိုးနန်းအဖြစ် အသုံးပြုကြပါသည်။

ယခင်က ကြိမ်ချောထည်ပစ္စည်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ လှည့်လည်ရောင်းချကြသော်လည်း ယခုအခါ ရန်ကုန်မြို့ရှိ ဈေးကွက်များသို့ တင်ပို့ပြီး ပြည်ပခရီးသည် များ တွေ့ရှိကာ စိတ်ဝင်စားမှုများ ရှိလာကြသည်။ ကုမ္ပဏီ ၁၂ ခုတို့က ပြည်ပဧည့်သည်များအကြိုက် ကြိမ်ချောပစ္စည်းအမျိုးမျိုးကို မှာကြားခဲ့ကြသဖြင့် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ပြီး နှစ်စဉ် နိုင်ငံခြားငွေများ ရရှိလျက်ရှိပါသည်။

ရေကြည်မြို့နယ်တွင် ကြိမ်လုပ်ငန်းရှင် ၅၀၊ အခြေစိုက် ကုမ္ပဏီနှစ်ခု၊ ကြိမ်လုပ်ငန်းလုပ်ကိုင်သူ ၆၀၀ ကျော်တို့ဖြင့် ကြိမ်ချောထည်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြသည်။ ထို့ကြောင့်

ရေကြည်မြို့နယ်မှ ကြိမ်လုပ်သားများ၏လုပ်အားဖြင့် လစဉ်၊ နှစ်စဉ် နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာပေးနိုင်သလို ၎င်းတို့၏ စီးပွားရေး ဘဝလည်း တိုးတက်မြင့်မားလျက်ရှိပါသည်။

## စစ်ကိုင်းမြို့မှ နာမည်ကျော်ကြား ကြိမ်လက်ရာများ

မုံရွာမြို့မှလာလျှင် စစ်ကိုင်းမြို့အဝင် ကောင်းမှုတော်စေတီ တော်ကြီးလွန်လျှင် မော်တော်ကားလမ်းဘေးတစ်ဘက်တစ်ချက်တွင် ဝယ်ချင့်စဖွယ်လက်ရာမျိုးစုံစွာ ကြိမ်ထည်ပစ္စည်းများကို ချိတ်ဆွဲ၊ ခင်းကျင်းထားသည်များကို တွေ့ရပါသည်။ အနုပညာလက်ရာ မြောက်လှသော ကြိမ်ချောထည်ပစ္စည်းများ ရောင်းချနေသောဆိုင်ကြီး များက ဝယ်သူများကို ဆွဲဆောင်လျက်ရှိနေပါသည်။ မန္တလေးမြို့က လာမည်ဆိုလျှင် ငွေထည်လက်မှုအနုပညာလုပ်ငန်းနှင့် နာမည်ကြီးသော ရွာထောင်ရပ်ကွက် ငွေထည်အနုလက်ရာ ပစ္စည်းအရောင်းဆိုင်ကြီး များကို ဖြတ်ကျော်ပြီးနောက် ကောင်းမှုတော်စေတီတော်ကြီး မရောက်မီ တွင် အဆိုပါ ကြိမ်ထည်ပစ္စည်းအရောင်းဆိုင်များကို တွေ့ကြရမည် ဖြစ်ပါသည်။ စစ်ကိုင်းမြို့သည် မြန်မာ့အနုပညာလက်ရာ ကြိမ်ထည် ပစ္စည်းအမျိုးမျိုးဖြင့် နာမည်ကျော်ကြားပါသည်။

ကြိမ်ထည်ပစ္စည်းမပြုလုပ်မီ အသုံးပြုမည့် ကြိမ်ချောင်း၊ ကြိမ်လုံး များမှာ ချေးညှော်အညစ်အကြေးများ ကင်းစင်ရန်အတွက် ဓားနှင့် ဦးစွာခြစ်ပစ်ရသည်။ ထို့နောက် ကြိမ်လုံးပတ်အကြီးအသေးကို မူတည်၍ ဓားခုံတွင်လေး၊ ငါးခြောက်ပင်ရအောင် စိတ်ယူရသည်။ ကြိမ်လုံးများကို အစိတ်သေးသေးလေးများရအောင် ခွဲစိတ် ပြီးနောက် နန်းခံနှင့် သုံးကြိမ်ခန့် ထပ်မံနန်းဆွဲရသည်။ သို့မှသာ ကြိမ်အစိတ်



ကလေးများ အရွယ်အစားညီသွားမည် ဖြစ်ပါသည်။ နန်းဆွဲထားသည့် ကြိမ်များအရွယ်ချင်းတူအောင် နန်းတိုက်သည်ဟု ခေါ်ပါသည်။

ထို့နောက် ခွဲစိတ်ပြီး ကြိမ်များ၏ အလယ်အူကို ဆွဲထုတ်၍ အကြောသာကျန်အောင် ထပ်မံပြုလုပ်ရပါသည်။ ထိုသို့ပြုလုပ်ခြင်း ဖြင့် ကြိမ်ပင်များ ပျော့ပျောင်းပြီး ကွေးညွတ်၍ရကာ လိုအပ်သလို ပုံဖော်ပုံသွင်းယူနိုင်မည် ဖြစ်ပါသည်။ ကြိမ်ထည်များပြုလုပ်ရာတွင် လက်ရာသေသပ်ကောင်းမွန်စေရန် ဂရုတစိုက်ပြုလုပ်ရပါသည်။ ကြိမ်ထည်လုပ်ငန်းအဆင့်ဆင့်တွင် ခွဲမြဲစေရန် သေးငယ်သည့် ဖိုသံချောင်း များဖြင့် တွယ်ဆက်ရပါသည်။ ထောင့်ချိုးနေရာများတွင် အနားများ ညီညာစေရန် ဆောက်ကြဲ့ကို ထက်မြက်သည့် သံချွန်နှင့် ပုံစံကျသွင်း ယူရပါသည်။ သေချာစွာ နန်းဆွဲပွတ်တိုက်ထားသော ကြိမ်များမှာ ခေါက်ဆွဲမျှင်ကဲ့သို့ သေးသွယ်ပျော့ပျောင်းသဖြင့် ခွေသွင်းရစ်ပတ်ရ လွယ်ကူပါသည်။ ကြိမ်ထည်အသုံးအဆောင်များ ပြုလုပ်ရသည်မှာ လက်ဝင်ပြီး အချိန်ယူ လုပ်ကိုင်ရသည့်လုပ်ငန်းဖြစ်ပါသည်။

ကြိမ်ကို အသုံးပြု၍ မြန်မာ့ရိုးရာလက်မှုအနုပညာများအဖြစ် လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ အိမ်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး နှင့် ဟိုတယ်အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကို ပြုလုပ်ရောင်းချလျက် ရှိပါသည်။

ကြိမ်ထည်လုပ်ငန်းကို ကျေးလက်ဒေသများတွင် မိမိတို့ အိမ်ရှေ့ ခြံဝင်းအရိပ်ကောင်းသည့် နေရာများတွင် လုပ်ကိုင်လျက်ရှိကြသည်။ မိန်းကလေးက အစ လူကြီး၊ လူငယ်၊ အမျိုးသား၊ အမျိုးသမီးများအထိ လုပ်ကိုင်ကြသည်။ မိသားစုစီးပွားရေးလုပ်ငန်းအဖြစ် နေရာမရွေး၊

အချိန်မရွေးလုပ်ကိုင်နိုင်သည့် မြန်မာ့ရိုးရာလက်မှုအနုပညာတစ်ရပ်လည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ကြိမ်ထည်လက်မှုအနုပညာလက်ရာများသည် သေသပ်လှပသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးက ဝယ်ယူအားပေးရသည့် လက်ရာမွန်ပစ္စည်းများအဖြစ် ထင်ရှားကျော်ကြားနေပါသည်။ နေအိမ်၊ တိုက်ခန်းများသာမက ဟိုတယ်များတွင် အလှဆင်ပစ္စည်းအဖြစ် အသုံးပြုနိုင်သည့် အသုံးအဆောင်ပစ္စည်းများအဖြစ် စိတ်ကြိုက်ရွေးချယ်သုံးစွဲနေကြပါသည်။

ကြိမ်ထည်များ၏ အခန်းကဏ္ဍမှာ အရေးပါနေရာရလျက်ရှိသဖြင့် စစ်ကိုင်းမှ ကြိမ်ထည်ပစ္စည်းများသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာအရပ်ရပ်အထိ နာမည်ကျော်ကြားလျက်ရှိသည့် လက်မှုအနုပညာတစ်ရပ်အဖြစ် ထင်ရှားနေပါသည်။

## ကျိုင်းတုံမြို့က ကြိမ်ဆွမ်းအုပ်ကလေးများ

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် ဥပုသ်သီတင်းအပတ်စဉ်များတွင် ပို့ဆွမ်းအုပ် (ကြိမ်နီးဆွမ်းအုပ်) ကလေးများကို ကိုင်ဆောင်ကာ ဆွမ်း၊ ဆွမ်းဆန်စိမ်းများ လောင်းလှူလှူရှိသည်ကို တွေ့ရပါသည်။

ကြိမ်ဝါးပေါများသည့်အရပ်ဒေသဖြစ်သည်နှင့်အညီ လက်မှုလုပ်ငန်းများကို ဈေးကွက်ဝင်ပစ္စည်းအဖြစ် ပြုလုပ်နေကြသည်ကို တွေ့ရပါသည်။ ကျိုင်းတုံမြို့မှ ခုနစ်မိုင်ခန့်ဝေးသည့် စမ်ဝယ်ယမ်းရိုးရွာကလေးများက ကြိမ်နီးလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သည်ကို တွေ့ရပါသည်။ မိုင်းလားသွားလမ်းမ၏ ဘေးက ဖရွာကြီးလည်း ပါဝင်ပါသည်။



ဆွမ်းအုပ်တစ်လုံး ၅၀၀၀ ကျပ်၊ ဆွမ်းဟင်းထည့်ဆွမ်းအုပ်တစ်လုံး ၂၀၀၀ ကျပ်ဖြင့် ကျိုင်းတုံမြို့တွင် ချိတ်ဆွဲရောင်းချနေသည်ကို တွေ့ရပါသည်။



ကျိုင်းတုံမြို့က ကြိမ်ဆွမ်းအုပ်များ



## ရခိုင်တောင်တန်းမှ ကြိမ်ပင်

ရှေးနှစ်ပေါင်းများစွာကပင် ရခိုင်တိုင်းရင်းသားတို့အဖို့ ကြိမ်သည် ဝါးနှင့်တန်းတူအရေးပါ အသုံးဝင်သော ကုန်ပစ္စည်းတစ်ရပ် ဖြစ်လေသည်။

ကျေးလက်နှင့် မြို့ပေါ်ရှိ နေအိမ်ဆောက်လုပ်ရာတွင်သော်လည်းကောင်း၊ လောင်း (လှေ) အသုံးပြုရာတွင်လည်းကောင်း၊ ဝါးဖောင် သစ်ဖောင်ဖွဲ့ရာတွင်လည်းကောင်း အသုံးပြုခဲ့ကြသည့်အပြင် ကြိမ်ဖြင့် လက်ဆွဲတောင်းအမျိုးမျိုး၊ ခေတ်မီအဝတ်အထည်ထည့်သည့် ကြိမ်သေတ္တာအမျိုးမျိုး တို့ကို လှပတင့်တယ်စွာ ရက်လုပ်၍ ရောင်းဝယ်ဖောက်ကားခြင်းပြု ကြသည်မှာ ရောင်းမလောက်အောင် ရှိခဲ့လေသည်။

ရခိုင်ပြည်နယ်တွင် နိုင်ငံတကာသုံး ကြက်ဥကြိမ်၊ ရမထာကြိမ်စသော ကြိမ်အမြောက်အမြား သဘာဝအလျောက် ထူထပ်စွာ ပေါက်ရောက်လျက် ရှိပါသည်။

ရခိုင်ပြည်နယ်တွင် အဖိုးတန်ကြိမ်များနှင့်တကွ ကြိမ်မျိုးစုံဒေသအနှံ့အပြား ပေါက်ရောက်လျက်ရှိသည်။ ထိုကြိမ်များကို များသောအားဖြင့် ကျေးရွာများတွင် အိမ်ဆောက်ရာ၌ အနည်းငယ်အသုံးပြုပြီး အိမ်ထောင်ပရိဘောဂလုပ်ငန်းတို့တွင် ကုလားထိုင်၊ ကြိမ်ပုခက်၊ ကြိမ်ဆွဲခြင်း၊ ကြိမ်တောင်းစသည်ဖြင့် အသုံးပြုကြပါသည်။

ရခိုင်မြန်မာ ဆေးကျမ်းအရ ကုန်းကြိမ်၊ ရေကြိမ်ဟူ၍ နှစ်မျိုး ရှိလေသည်။

ကုန်းကြိမ်တွင် ကြိမ်နီ၊ ကြိမ်ခါး၊ ကြိမ်ပုတ်စသည်ဖြင့် များစွာ ရှိကြပြီး ကုန်းကြိမ်၊ ရေကြိမ်၊ ကုန်းကြိမ်ကြီး၊ ရေကြိမ်ကြီးဟူ၍ ခွဲပြန်သည်။ ကုန်းကြိမ်၏ စွမ်းရည်မှာ အပူကြောင့် ဖောရောင်ခြင်း၊



မြင်းသရိုက်၊ ကျောက်တည်၊ ဆီးအောင့်၊ ရေယုန်၊ ဝမ်းသင့်သွေးအန် သွေးကျရောဂါတို့တွင် အသုံးပြုလေ့ရှိပါသည်။

ကုန်းကြိမ်၏ အစေ့သည် ဖန်ချဉ်သည်။

ရေကြိမ်မှာ အပင်ငယ်၍ ချုံသဘောရှိသည်။ ကြီးရင့်သောအခါ နွယ်ပင်မျိုးဖြစ်တတ်သည်။ ရေစပ်တွင် ပေါက်လေ့ရှိသည်။ ဖန်ခြင်း၊ ခါးခြင်းရှိသည်။ ဂုဏ်သတ္တိနှင့်စွမ်းရည်မှာ လေချုပ်တတ်သည်။ သည်းခြေနှင့် သွေးဖောက်ပြန်ခြင်းကိုလည်းကောင်း၊ သလိပ်ကိုသော်လည်းကောင်း နိုင်စေတတ်သည်။

ရခိုင်ပြည်နယ်တွင် ကြက်ဥကြိမ်၊ ရမထာကြိမ်၊ ရေကြိမ်၊ ကြိမ်ခါး (ခရင်)၊ ကြိမ်နီ၊ ကြိမ်ပုတ်နှင့် ကြိမ်ဖြူကလေးတို့ အများဆုံး ပေါက်ရောက်သည်။

ရခိုင်ပြည်နယ်ရှိကြိမ်များသည် ပြည်တွင်းသုံးအဖြစ် အဖိုးတန်သည့်ကြိမ်များဖြစ်သည့်အပြင် နိုင်ငံခြားသို့တင်ပို့ရောင်းချနိုင်လေသည်။ ကြက်ဥကြိမ်၊ ရမထာကြိမ်၊ ကြိမ်ခါးတို့မှာ အဖိုးတန်လှသည်။ ကြက်ဥကြိမ်သည် နိုင်ငံတကာကကြိုက်သော ကြိမ်အမျိုးအစား ဖြစ်သည်။

## ကချင်ပြည်နယ်ထွက်ကြိမ်ဆွဲခြင်း

မြန်မာ့လက်မှုပညာ၏ အသီးအပွင့်အဖြစ် ကာလတာရှည်စွာ ပြည်တွင်း၌ နေရာယူထားခဲ့သော ကြိမ်ဆွဲခြင်းအရွယ်အစားမျိုးစုံတို့မှာ ကချင်ပြည်နယ်တွင် နေရာအသီးသီး၌ ရောင်းချပေးနေမှု တွင်ကျယ်ခဲ့ပြီး နေ့စဉ်လုပ်ကိုင်လျက်ရှိသော ကြိမ်ခြင်းလုပ်ငန်းသည် အရေအတွက် များစွာထုတ်လုပ်ပေးနေသည်ကို တွေ့ရပါသည်။ ကချင်ပြည်နယ်တွင် နေရာပေါင်းစုံနှင့် ဈေးအသီးသီးတို့၌ ရောင်းချလျက်ရှိသော ကြိမ်များမှာ

အကြမ်းထည်ရက်လုပ်ထားသော်လည်း တာရှည်အသုံးပြုခံသဖြင့် ဝယ်ယူသုံးစွဲသူတို့စိတ်တိုင်းကျဖြစ်ကြပါသည်။ ကြိမ်အချောင်းတစ်ရာပါသော အစည်းတစ်ခုတွင် ၅၀၀၀ ကျပ် ဈေးဝယ်ယူကြရပြီး အိမ်တွင်းမှုလုပ်ငန်းအဖြစ် အိုးမကွာအိမ်မကွာလုပ်ကိုင်နိုင်သော အကြမ်းထည်ကြိမ်ခြင်းများမှာ ဆိုဒ်အရွယ်စုံ စုံလင်စွာရောင်းချပေးနေရပြီး ကြိမ်ခေါင်းအုံး၊ ကြိမ်ထိုင်ခုံ၊ ဆရာမဆွဲခြင်းတို့ကို တွင်ကျယ်စွာ ထုတ်လုပ်ပေးနေရသည်။ ကချင်ပြည်နယ် မိုးညှင်း၊ နမ္မား၊ ဘီလူးမြို့၊ ပင်းဟဲစသော ဒေသတို့တွင် ကြိမ်လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပါသည်။ မော်လူးဒေသ၌မူ ဝါးဖြင့်ထုတ်လုပ်သော လွယ်ပလိုင်းများကို ကြိမ်ဖြင့် အနားကပ်ကြသည်။

မိုးညှင်းဈေးကြီးတွင် ကြိမ်ထိုင်ခုံအကြီးနှင့်အလတ်စား ၁၂၀၀ ကျပ်၊ ကြိမ်ထိုင်ခုံအသေး ၁၀၀၀ ကျပ်၊ ကြိမ်ခေါင်းအုံးကြီး ၁၂၀၀ ကျပ်၊ ခေါင်းအုံးအသေး ၁၀၀၀ ကျပ်၊ ဆရာမကိုင်ခြင်းကြီး ၁၆၀၀ ကျပ်၊ အလတ်ဆိုဒ် ၁၄၀၀ ကျပ်၊ အဖုံးပါခြင်း ၁၂၀၀ ကျပ်၊ လွယ်ပလိုင်းခြင်းအကြီး ၁၂၀၀ ကျပ်၊ အလတ်ဆိုဒ် ၁၀၀၀ ကျပ်၊ အသေးဆိုဒ် ၇၀၀ ကျပ်တို့ဖြင့် ရောင်းချပါသည်။

ကချင်ပြည်နယ်တွင် အမျိုးသမီးများ၏ ပုံမှန်ဝင်ငွေရရှိစေသည့် ကြိမ်ခြင်းလုပ်ငန်းများမှာ အစဉ်အလာလုပ်ကိုင်ခဲ့သော ဓလေ့တစ်ခုဟု ဆိုပါသည်။ ကချင်ပြည်နယ် မိုးညှင်းဒေသထွက် ကြိမ်ခြင်းများကို ကောလင်း၊ ကသာ၊ အင်းတော်၊ ရွှေကူ၊ ဗန်းမော်၊ မန်စီ၊ ဗန်းမောက်၊ ဝန်းသို၊ ရွှေဘိုနယ်များအပြင် မန္တလေးဈေးကွက်သို့ပါ ပို့ဆောင်ပေးနေရသည်ဟု သိရှိရပါသည်။



**ပြည်ပပို့ကုန်ရိုးရာကြိမ်ထည်များ ပြည်တွင်းတွင်ပါ အသုံးတွင်ကျယ်လာ**

မြန်မာ့ရိုးရာကြိမ်ထည်များကို အသုံးပြု၍ အလှဆင်ထားသည့် လက်မှုအထည်များအား ပြည်ပဧည့်သည်များသာမက ပြည်တွင်းရှိ ပြည်သူများကပါ စိတ်ဝင်စားမှုရာခိုင်နှုန်း မြင့်တက်လာသည်။

၂၀၀၉ ခုနှစ်တွင် ကြိမ်နှင့် ပြုလုပ်ထားသော လက်ပွေ့အိတ်များ ဈေးကွက်တွင် ခေတ်စားလာပြီး ပြည်ပခရီးသွားများသာမက ပြည်တွင်းရှိ အမျိုးသမီးများသည် ကြိမ်ထည်လက်ပွေ့အိတ်များကို နှစ်နှစ်ခြိုက်ခြိုက် အသုံးပြုလာသည်ကို တွေ့ရပါသည်။ ပြည်ပမှ မိတ်ဆွေများအတွက် လက်ဆောင်ပေးရာတွင်လည်း ကြိမ်ထည်များမှာယူကြောင်း သိရှိရပါသည်။ ကြိမ်ထည်ကို စိတ်ဝင်စားခြင်းသည် မြန်မာနိုင်ငံ ရာသီဥတုက ပူသည်။ ထို့ကြောင့် အပူပိုင်းဒေသနှင့်လည်း ကိုက်ညီသည်။ ကျန်းမာရေးနှင့်လည်း ညီညွတ်သည်။ ယခုဆိုလျှင် ကြိမ်ထည်ပစ္စည်းများနှင့် ပြုလုပ်ထားသည့် ဆုံလည်ကုလားထိုင်များ၊ အိမ်တွင်းပရိဘောဂပစ္စည်းများကိုပါ ကြိမ်ထည်ပစ္စည်းများ ထိုးဖောက်လာသည်ကို တွေ့ရသည်။ ဥရောပ၊ ဂျပန်၊ ယူအေအီး၊ သြစတြေးလျစသည့် ပြည်ပနိုင်ငံများ၏ ဈေးကွက်အတွင်းသို့ ရိုးရာလက်မှုပညာ ကြိမ်ထည်များ တင်ပို့နေရသည်။ ပြည်ပ၌ ကြိမ်ဖြင့်ပြုလုပ်ထားသည့် ပရိဘောဂများ၊ ရုံးသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများမှာ ဈေးကွက်ကောင်းခြင်းကြောင့် တစ်လလျှင် ကွန်တိန်နာနှစ်လုံးမှ ငါးလုံးအထိ တင်ပို့ရကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ကြိမ်ထည်များမှာ ရိုးရာလက်မှုပညာနှင့် ကိုယ်ပိုင်ဒီဇိုင်းများ၊ ကိုယ်ပိုင်ဟန်နှင့် အရည်အသွေးအကောင်းဆုံး

နှင့် ဒီဇိုင်းမျိုးစုံထုတ်လုပ်ပေးနိုင်သဖြင့် ပြည်ပဝင်ငွေရှာဖွေပေးနိုင်သော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

**အဆင့်မြင့်ကြိမ်ထည်ပရိဘောဂများ အရောင်းပြခန်း**

K.K.A Company Limited - ၏ အဆင့်မြင့် ကြိမ်ပရိဘောဂများ အရောင်းဆိုင်ပြခန်းကို မရမ်းကုန်းမြို့နယ်၊ ပြည်လမ်းတွင် ဖွင့်လှစ်ထားပါသည်။

ယင်းကုမ္ပဏီကို ၁၉၉၂ ခုနှစ်တွင် စတင်ထူထောင်၍ ကြိမ်ကုန်ကြမ်းများကို တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ကြိမ်ထည်ပစ္စည်းကုန်ချောများ ထုတ်လုပ်ရန်အတွက် သာကေတစက်မှုဇုန်တွင် အလုပ်ရုံစတင်ထူထောင်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် အရှေ့ဒဂုံစက်မှုမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။



**တန်ဖိုးမြှင့်ကြိမ်ထည်များ**







**ပြည်တွင်းထုတ်ကြိမ်ပရိဘောဂပစ္စည်းအချို့ကို တွေ့ရစဉ်**











ထို့အပြင် မန္တလေးတွင် Semi Product အဖြစ် ကြိမ်အူလုံးများ၊ ကြိမ်နန်းပင်များကို စက်ဖြင့် လိုသလို ထုတ်လုပ်ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် မန္တလေးအရောင်းပြခန်းကို စတင်ဖွင့်လှစ်ခဲ့ပြီး အဆင့်မြင့် ကြိမ်ထည်ပရိဘောဂများ ထုတ်လုပ်ခဲ့ပါသည်။ ထုတ်ကုန်ပစ္စည်းများ အတွက် ပြည်တွင်းကုန်ကြမ်းများကို ရာနှုန်းပြည့် အသုံးပြုထားပါ သည်။

K.K.A ကုမ္ပဏီထုတ်အဆင့်မြင့်ပရိဘောဂနှင့် ကြိမ်ထည်ပစ္စည်း များဖြစ်ကြသော အပူခံပြား၊ ပန်းကန်အောက်ခံပြားစသည့် စားသောက် ဆိုင်၊ ဟိုတယ်နှင့် ရုံးသုံးပရိဘောဂများ ပစ္စည်းအမျိုးပေါင်း ၄၀၀ ကျော်ကို ဥရောပနှင့် အာရှနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။

K.K.A ကုမ္ပဏီသည် လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ လမ်း၊ အမှတ်-၈၅/၈၆ (B) တွင် တည်ရှိပြီး အဆင့်မြင့် ကြိမ်ပရိ ဘောဂများကို ဝန်ထမ်း ၂၀၀ ကျော်ဖြင့် လုပ်ကိုင်လျက်ရှိကြောင်း သိရှိရပါသည်။

❖ ❖ ❖ ❖ ❖

# အခန်း (၂၀)

## မြန်မာ့ကြိမ်တင်ပို့မှု လက်ငင်းအခြေအနေများ

ပြည်ပသို့ ကြိမ်တင်ပို့ရာတွင် ကုန်ချောတင်ပို့မှုထက် ကုန်ကြမ်းတင်ပို့မှုက ပိုမိုများပြားသောကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလျက်ရှိကြောင်း မြန်မာနိုင်ငံ ကြိမ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်သူက ပြောကြားခဲ့သည်။

"ကြိမ်အချောထည်လုပ်ငန်းဆိုတာ ဆင်းရဲမှုလျော့နည်းပပျောက်ဖို့အတွက် အသုံးချလို့ရတဲ့နည်းတစ်ခုဖြစ်သလို စက်ရုံအလုပ်ရုံမလုပ်ဘဲ အိမ်မှာပင် လုပ်လို့ရတဲ့လုပ်ငန်းတစ်ခုဖြစ်သောကြောင့် ရိုးရာလက်မှုလုပ်ငန်းများ ပျောက်ပျက်မသွားစေဖို့ ကုန်ကြမ်းတင်ပို့မှုထက် ကုန်ချောတင်ပို့မှုကိုသာ ဦးစားပေးသင့်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့ပါသည်။

ကြိမ်အချောထည်အား သစ်အမျိုးအစားတွင် ထည့်သွင်းကာ သစ်တောဦးစီးဌာနက အဆင့်ဆင့်စစ်ဆေးမှုများ ပြုလုပ်ခြင်းကြောင့် ပြည်ပသို့ တင်ပို့ရာတွင် အချိန်ကြန့်ကြာမှုများရှိသဖြင့် ယင်းအခက်အခဲကို ပြေလည်အောင် ဖြေရှင်းပေးရန်လိုကြောင်း သိရှိရပါသည်။

ဝယ်ယူလိုသော ပြည်ပနိုင်ငံများသို့ အချိန်မီ တင်ပို့နိုင်ခြင်းမရှိဘဲ ပြိုင်ဘက်နိုင်ငံများကသာ ပိုမိုရောင်းချနေရသည်။ "ကြိမ်အများ





ဆုံးထွက်တဲ့ အာဆီယံနိုင်ငံတွေမှာ မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှားတို့ပဲ ရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံက ကြိမ်ကုန်ကြမ်းတင်ပို့မှုကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလထဲတွင် ပိတ်ထားပြီး ကုန်ချောအဖြစ်နဲ့ပဲ တင်ပို့ပါတယ်။ သူ့နိုင်ငံမှာ ကြိမ်အချောထည်တင်ပို့မှုလုပ်ငန်းက ဝင်ငွေတစ်နှစ်ကို ဒေါ်လာသန်း ၅၀၀ ရှိတယ်ဗျာ မြန်မာကတော့ ၁၈ သန်းနှင့် သန်း ၂၀ ကြားပဲဝင်တယ်" ဟု ကြိမ်လုပ်ငန်းကျွမ်းကျင်သူပညာရှင်တစ်ဦးက ပြောကြားသည်။

ကြိမ်အချောထည်အား ကျေးလက်ဒေသများမှ တင်ပို့မှုသည် ၈၀ ရာခိုင်နှုန်းထိရှိကာ ဧရာဝတီတိုင်းဒေသကြီးမှ အများဆုံးထုတ်လုပ်ရောင်းချနိုင်ပြီး ရေကြည်မြို့နယ်၌ တစ်နှစ်လျှင် ငွေကျပ်သိန်းပေါင်းသောင်းချီ၍ ဝင်ငွေစီးဆင်းမှုရှိကြောင်း သိရပါသည်။

ဧပြီလမှ အောက်တိုဘာလအထိ ကြိမ်ကုန်ကြမ်းတန် ၃၀၀၀ ကျော် ပြည်ပသို့ တင်ပို့ရောင်းချခဲ့ပြီး ကုန်ချောတန် ၃၀ ခန့်သာ တင်ပို့နိုင်ကြောင်း သိရှိရပါသည်။ ကြိမ်ကုန်ကြမ်းအား တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူပြီး ဒုတိယအများဆုံးဝယ်ယူသူမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ကြောင်း သိရှိရပါသည်။

### ရခိုင်ကြိမ်အဝယ်ဒိုင်အချို့လုပ်ငန်းပိတ်ထားရ

မောင်တော၊ ဘူးသီးတောင်ဒေသအတွင်း သဘာဝတောတောင်များ၌ ကြိမ်ထွက်ရှိမှု နည်းပါးလာသဖြင့် ကြိမ်အဝယ်ဒိုင်အချို့ လုပ်ငန်းပိတ်သိမ်းထားရကြောင်း သိရှိရပါသည်။ အဆိုပါဒေသထွက်ကြိမ်များကို ရိုးမအရှေ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဈေးကွက်များသို့ အဓိကထားတင်ပို့ကြသည်။ လွန်ခဲ့သည့်ဆယ်စုနှစ်ဝန်းကျင်လောက်မှစပြီး

ကြိမ်ထွက်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းကျဆင်းလာကြောင်း သိရှိရပါသည်။ ယခင်နှစ်များက မောင်တော၊ ဘူးသီးတောင်ဒေသများ တွင် ကြိမ်အဝယ်ဒိုင် ၃၀ ခန့်ရှိခဲ့ပါသည်။ ယခုနှစ် (၂၀၁၂) တွင်မူ အဝယ်ဒိုင် ၁၀ ဒိုင်ဝန်းကျင်လောက်သာ လုပ်ငန်းလည်ပတ်မှုများရှိကြောင်း သိရှိရပါသည်။

**ကချင်ပြည်နယ် နောင်မွန်ဒေသတွင် ကြိမ်မျိုးမသုဉ်းစေရန် ကြိမ်ထုတ်လုပ်ခွင့် ရပ်နားထားခြင်း**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်တွင် ယခင်က ကြိမ်တောကြီးများ ထူထပ်စွာ ပေါက်ရောက်ခဲ့ပါသည်။ အဆိုပါ ကြိမ်တောကြီးများကို ပါမစ်ယူ၍ ခုတ်ယူကြသည့် ကြိမ်လုပ်ငန်းရှင်များသည် အဆမတန် ခုတ်ယူကြသည်။ စည်းမဲ့ကမ်းမဲ့ ခုတ်ယူကြသည်။ တရုတ်နိုင်ငံသို့ အကြီးအကျယ်တင်ပို့ခဲ့သည့်အတွက် နှစ်ကြာလာသောအခါ ကြိမ်မျိုးသုဉ်းမည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာက ကြိမ်မျိုးမသုဉ်းစေရေးအတွက် ကြိမ်ထုတ်လုပ်ခွင့်ကို ရပ်နားခဲ့ရပါသည်။

❖ ❖ ❖ ❖ ❖

# အခန်း (၂၁)

## မြန်မာ့ကြိမ်လုပ်ငန်းသုံးသပ်ချက်

မြန်မာနိုင်ငံသည် သစ်တောဧရိယာများပြားစွာ ဖုံးလွှမ်းလျက်ရှိသည့် နိုင်ငံဖြစ်သည်။ သစ်တောဖုံးလွှမ်းသည့်ဒေသများတွင် ကြိမ်ပင်များသည် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိပါသည်။ ချင်းတွင်းမြစ်ဝှမ်းဒေသ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသများတွင် သဘာဝအလျောက် ရှင်သန်ပေါက်ရောက်လျက်ရှိပါသည်။

ရှေးနှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံတွင် ကြိမ်ကို အသုံးပြုပြီး ခြင်းတောင်း၊ ပလုံး၊ ခွက်၊ ဗန်း၊ ဖျာများအစရှိသည့် အိမ်အသုံးအဆောင်ပစ္စည်းများကို ပြုလုပ်၍ အသုံးပြုခဲ့ကြပါသည်။ ကြိမ်ကို အသုံးပြုပြီး လက်မှုပစ္စည်းများ လုပ်ဆောင်ခြင်းကို ရှေးအခါက ဒေါင်းရွှေလုပ်ငန်းဟု ခေါ်ဆိုခဲ့သည်။ ထို့ကြောင့် "ကြိမ်လုပ်ငန်းအစ ဒေါင်းရွှေလုပ်ငန်းက" ဟု ခေါ်ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံ သစ်တောများတွင် ပေါက်ရောက်သော ကြိမ်အမျိုးအစား (၃၄) မျိုး ရှိပြီး လုပ်ငန်းတွင် အသုံးပြုနေသည့် ကြိမ်များမှာ ရေကြိမ်၊ ကြက်ဥကြိမ်၊ ရမထာကြိမ်၊ ခပေါင်းကြိမ်၊ ကြိမ်နီတို့ ဖြစ်ကြပါသည်။

အဓိကအားဖြင့် ကြိမ်လုံး၏ လုံးပတ်အရွယ်ကိုလိုက်ပြီး ကြိမ်ကြီး၊ ကြိမ်သေးဟူ၍ နှစ်မျိုးနှစ်စား သတ်မှတ်ထားပါသည်။ ကြိမ်ထည်ပစ္စည်းများ၏ ပင်မကိုယ်ထည် (Frame) တွင် ကြိမ်ကြီးကို အသုံးပြုပြီး ကြိမ်သေးကို အမျှင်များအဖြစ် အသုံးပြုကာ အလိုရှိသည့်ပုံစံ (Design) များ ပြုလုပ်ပြီး ပရိဘောဂများဖြစ်သော စားပွဲ၊ ကုလားထိုင်နှင့် အိမ်သုံး၊ ရုံးသုံးပစ္စည်းများကို ပြုလုပ်အသုံးပြုကြပါသည်။

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေး စတင်ကျင့်သုံးပြီးနောက်ပိုင်းကာလတွင် ကြိမ်ပင်များကို ပြည်တွင်းသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချလာခဲ့ကြပါသည်။ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အစဦးပိုင်း၌ ကုန်ကြမ်း (ကြိမ်အလုံးလိုက်) တင်ပို့မှုသာ စတင်ခဲ့ပြီး အရှေ့ဖျားဒေသများဖြစ်ကြသည့် ကိုရီးယား၊ တရုတ်၊ စင်ကာပူနိုင်ငံတို့ကိုသာ တင်ပို့မှုရှိခဲ့သော်လည်း နောက်ပိုင်းကာလတွင် ကြိမ်အချောထည်ပစ္စည်း (Value Added) များကို ပြည်ပနိုင်ငံများက မှာယူမှုများရှိခဲ့သဖြင့် ကြိမ်အချောထည်လက်မှုပစ္စည်းများကို အရောင်အသွေးစုံ၊ ပုံစံအမျိုးမျိုးထုတ်လုပ်ပြီး ဥရောပနိုင်ငံများ၊ အနောက်နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခဲ့သည်အထိ ကြိမ်လုပ်ငန်းများသည် တစ်စတစ်စဖြင့် မြန်မာနိုင်ငံတွင် တွင်ကျယ်လာခဲ့ပါသည်။ ကြိမ်ကုန်ကြမ်း (ကြိမ်အလုံးလိုက်) ကို တင်ပို့မည်ဆိုလျှင် ပျမ်းမျှခြင်းအားဖြင့် မက်ထရစ်တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၀၀ ခန့်သာ ဈေးရရှိပြီး တန်ဖိုးမြှင့်ကြိမ်အချောထည်ပစ္စည်းအနေဖြင့် တင်ပို့လျှင် ပျမ်းမျှခြင်းအားဖြင့် မက်ထရစ်တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၀၀၀ ခန့်အထိ ရရှိနိုင်ပါသည်။ ယခုကဲ့သို့ နိုင်ငံတကာစီးပွားရေးကျဆင်းနေချိန်တွင်ပင် ဖော်ပြပါဈေးနှုန်းမျိုးအတိုင်း ရရှိနေသဖြင့် ကြိမ်တင်ပို့သူကုမ္ပဏီ



အတွက်ရော နိုင်ငံတော်အတွက်ပါ နိုင်ငံခြားငွေရှာဖွေပေးနေသော လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ ယခုအခါ ကြိမ်ရိုင်းသယံဇာတကို အာဆီယံနိုင်ငံအသီးသီးက ကုန်ကြမ်းအတိုင်း တင်ပို့ရောင်းချခြင်းကို ပိတ်ပင်ထားပါသည်။ ယခုထွက်ရှိနေသော ကုန်ကြမ်းများကို တန်ဖိုးမြှင့် (Value Added) ကုန်ချောအနေဖြင့် တင်ပို့မည်ဆိုလျှင် Sustainable and Renewable Forest Resources ဖြစ်ပါသည်။ ထို့ကြောင့် ကုန်ချောအနေဖြင့် တင်ပို့မှုကို ပြုလုပ်မည်ဆိုလျှင် မြန်မာ့ကြိမ်ကုန်ကြမ်းသယံဇာတများကို ကြာရှည်သုံးစွဲနိုင်မည် ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ပုံမှန်ပင်လယ်ရေကြောင်းဖြင့် တင်ပို့မှုတွင် ကြိမ်အလုံးလိုက် တင်ပို့မှုမရှိသော်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် တင်ပို့နေဆဲဖြစ်သည်ကို တွေ့ရပါသည်။ အထူးသဖြင့် မြန်မာ–ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေး၊ မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးနှင့် မြန်မာ–ထိုင်းနယ်စပ်ကုန်သွယ်ရေးတို့တွင် ကြိမ်အလုံးလိုက်တင်ပို့မှုများ နေရာယူဆဲဖြစ်သည်ကို တွေ့ရပါသည်။ မြန်မာ–အိန္ဒိယနယ်စပ်ကုန်သွယ်ရေးတွင်မူ ကြိမ်အချောထည်များကိုသာ တင်ပို့ကြောင်း တွေ့ရှိရပါသည်။

ကြိမ်အချောထည်ပစ္စည်းများကို ပြည်ပသို့ တင်ပို့နေသည့် ကုမ္ပဏီများတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း၊ အစပိုင်းကာလ၌ သုံးလေးခုသာရှိသော်လည်း နောက်ပိုင်းကာလတွင် ကြိမ်အချောထည်ပစ္စည်း တင်ပို့သည့်ကုမ္ပဏီများ တစ်စတစ်စ ပိုမိုများပြားလာပြီး ၂၀၀၅ နှင့် ၂၀၀၆ ခုနှစ် ကိန်းဂဏန်းများအရ ကုမ္ပဏီပေါင်း (၂၇) ခုအထိ ရှိလာပြီး နိုင်ငံတော်အတွက် အမေရိကန်ဒေါ်လာ နှစ်သန်းကျော် ရှာဖွေပေးနိုင်ခဲ့ပြီး ပြည်တွင်းတွင်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီး

ပေးနိုင်သည့်လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ ကြိမ်အချောထည် တင်ပို့သည့် ကုမ္ပဏီများသည် ပစ္စည်းအကြီးထည် (ပရိဘောဂ) များကို မိမိတို့ကိုယ်ပိုင်စက်ရုံများက ထုတ်လုပ်ပြီး လူသုံးကုန်အချောထည်များဖြစ်ကြသည့် ခြင်း၊ တောင်း၊ ဘူး၊ ခွက်၊ ပန်းကန်ပြား၊ ဇန်းစသည့်တို့ကို ပုဂံမြို့တစ်ဖက်ကမ်းရှိ မြစ်ခြေမြို့၊ ဧရာဝတီတိုင်း ရေကြည်၊ သရက်၊ ငါးသိုင်းချောင်း၊ ဟသ်ာတမြို့နယ်ရှိ ကျေးရွာများတွင် လုပ်ငန်းခွဲများအဖြစ် တစ်ဆင့်ခံအမှာစာပေးပို့ပြီး ဒေသခံကျေးရွာလူထုသို့ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပေးနိုင်ခဲ့ပါသည်။ အဆိုပါဒေသများရှိ ကြိမ်လုပ်ငန်းအတတ်ပညာကို မိရိုးဖလာလုပ်ငန်းအနေဖြင့် တိုးပွားလာစေပြီး ဒေသဝင်ငွေ တိုးတက်ရရှိစေနိုင်သော တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုလုပ်ငန်း (Cottage Industary) များအနေဖြင့် တိုးပွားလာစေသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

မြန်မာနိုင်ငံနည်းတူ ကြိမ်အချောထည်ထုတ်လုပ်သည့် နိုင်ငံများမှာ ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ပြီး မြန်မာ့ကြိမ်အချောထည်ပစ္စည်းများမှာ အခြားနိုင်ငံများထက် ပစ္စည်းအရည်အသွေးသာသော်လည်း ဈေးကွက်ကျယ်ပြန့်မှုအားနည်းနေကြောင်း လုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရှိရပါသည်။

အဆိုပါနိုင်ငံများက ဈေးကွက်လက်ဦးမှုရရှိပြီးဖြစ်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာအတားအဆီးများ မရှိသလောက်နည်းပါးသဖြင့် ထုတ်လုပ်တင်ပို့မှု မြန်ဆန်ခြင်းနှင့် ဈေးကွက်ထိုးဖောက်ရာတွင်လည်း ကျယ်ပြန့်ချောမွေ့မှုများ ရရှိထားခြင်းကြောင့် ပို၍ ထုတ်လုပ်တင်ပို့နိုင်ခြင်းဖြစ်သည်ဟု သိရှိရပါသည်။ ကြိမ်အချောထည်လုပ်ငန်းများမှာ ကုန်ကြမ်းသုံးစွဲမှုအရ ၂၅ ရာခိုင်နှုန်းသာရှိနေပြီး လက်ရာဒီဇိုင်း



အရောင်အသွေး၊ အရည်အသွေးတို့က ၇၅ ရာခိုင်နှုန်းဖြစ်သည့်အတွက် တန်ဖိုးမြင့် (Value Added Product) ဖြစ်ပြီး လုပ်သားပေါင်းသောင်းကျော်အထိ စက်ရုံနှင့် ကျေးရွာများအပါအဝင် အလုပ်အကိုင်များစွာ ဖန်တီးပေးနေသည့် လုပ်ငန်းဖြစ်ပါသည်။

အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသေးစားနှင့် အလတ်စားလုပ်ငန်း (SME) များ စတင်ထူထောင်မည်ဆိုလျှင် ကြိမ်လုပ်ငန်းသည် အရင်းအနှီးများစွာ မလိုဘဲ လျင်မြန်စွာ စတင်ထူထောင်နိုင်သည့် လုပ်ငန်းမျိုးဖြစ်သည့်အတွက် ယခုကဲ့သို့ ကမ္ဘာ့စီးပွားရေးကျဆင်းနေသည့်အချိန်တွင် ပို၍ မြေတောင်မြှောက်အားပေးမည်ဆိုလျှင် ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံများကဲ့သို့ (Value Added) ကြိမ်ထည်ပစ္စည်းများ အရည်အသွေးရော၊ အရေအတွက်ပါ တိုးတက်လာမည် ဖြစ်ပါသည်။

၂၀၀၆-၂၀၀၇ ခုနှစ်စာရင်းအရ ကြိမ်အလုံးလိုက်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ နှစ်သောင်းကျော်၊ ကြိမ်ပရိဘောဂတင်ပို့မှုက အမေရိကန်ဒေါ်လာ တစ်သိန်းကျော်၊ ကြိမ်အသုံးအဆောင်ပစ္စည်းတင်ပို့မှုက အမေရိကန်ဒေါ်လာ ၂၂ သိန်းကျော် ရှိပါသည်။ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ကြိမ်အလုံးလိုက်တင်ပို့မှုက ဒေါ်လာ ၁၂၅၀၊ ကြိမ်အသုံးအဆောင်ပစ္စည်းတင်ပို့မှုက အမေရိကန်ဒေါ်လာ ၂၈ သိန်းကျော် ရရှိခဲ့ပါသည်။ ၂၀၀၈-၂၀၀၉ (ဒီဇင်ဘာလအထိ) ဘဏ္ဍာနှစ်တွင်မူ ကြိမ်အလုံးလိုက်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၅၆၀ နှင့် ကြိမ်အသုံးအဆောင်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၂ သိန်းကျော် ရှိပါသည်။ မြန်မာ့ကြိမ်ထည်ပစ္စည်းများကို နယ်သာလန်၊ အင်္ဂလန်၊ ဂျာမနီ၊ သြစတြေးလျ၊ ကိုရီးယား၊ ဂျပန်နှင့် ပြင်သစ်သို့ အဓိကထား

တင်ပို့လျက်ရှိပြီး ၂၀၀၈-၂၀၀၉ ခုနှစ် ဘဏ္ဍာနှစ်မှစ၍ အိန္ဒိယ၊ ပနားမား၊ ဥရုဂွေးနှင့် တူရကီဈေးကွက်အသစ်များကို တိုးချဲ့တင်ပို့နိုင်ခဲ့သည်ဟု သိရှိရပါသည်။

**တန်ဖိုးမြင့်ကြိမ်ထည်ပရိဘောဂများ**

ကြိမ်နှင့် ကျွန်းသားရောစပ်ထားသည့် ဆက်တီတစ်စုံသည် ကျပ် ၁၂ သိန်းတန်ဖိုးရှိသည်။ ကြိမ်ခုတင်တစ်လုံး နှစ်သိန်းခုနစ်သောင်းတန်ဖိုး ရှိသည်။ ကျွန်းသားနှင့် ရောစပ်ပြီး ရေမြှုပ်တပ်ဆင်ထားသော ထိုင်ခုံတစ်လုံးသည် တစ်သိန်းငါးသောင်းတန်ဖိုးရှိပြီး ကြိမ်ကန့်လန့်ကာ တစ်ချပ်သည် တစ်သိန်းနှစ်သောင်းတန်ဖိုး ရှိပါသည်။ ကြိမ်စာကြည့်စင်ကလေးတစ်စင်သည် ကျပ်တစ်သိန်းတန်ဖိုးရှိနေသည်ကို တွေ့ရသည်။ ကြိမ်ထည်ပရိဘောဂများသည် ဤမျှအထိ တန်ဖိုးမြင့်မားသည်ကို တွေ့ရပါသည်။

ပြည်တွင်းကြိမ်များကို အသုံးပြုပြီး ဆန်းသစ်လှပသည့် ဒီဇိုင်းဖြင့် ကြိမ်ပရိဘောဂပစ္စည်းများ ဈေးကွက်အတွင်း အရောင်းသွက်ကြောင်း ကြိမ်ပရိဘောဂအရောင်းဆိုင်တာဝန်ခံတစ်ဦးက ပြောပါသည်။

ကြိမ်အချောထည်ပရိဘောဂပစ္စည်းများကို ထိုင်း၊ စင်ကာပူ၊ ဩစတြေးလျနှင့် ဆွစ်ဇာလန်နိုင်ငံများသို့ တင်ပို့ရပါသည်။ လက်ရှိအရောင်းသွက်လျက်ရှိသော တန်ဖိုးမြင့်ကြိမ်အချောထည် ပရိဘောဂပစ္စည်းများမှာ အမြင့် ငါးပေ၊ အကျယ် တစ်ပေခွဲအချပ်များ ငါးချပ်သို့မဟုတ် ခြောက်ချပ်တွဲလျက် ကြိမ်ခန်းဆီးတစ်ခုကို ၁၂၅၀၀၀ ကျပ်ဈေး၊ ကြိမ်ဆက်တီတစ်စုံကို တစ်ယောက်ထိုင်လေးလုံး၊ သုံးယောက်ထိုင်တစ်လုံးစားပွဲ (မှန်ပါ) တစ်လုံး၊ ဘေးစားပွဲနှစ်လုံးပါ ၈၅၀၀၀၀



ကျပ်၊ တစ်ယောက်ထိုင်နှစ်လုံးနှင့် စားပွဲမှန်ပါတစ်လုံးကို ၄၀၀၀၀၀ ကျပ် ဈေးအသီးသီးရှိပြီး မိမိကြိုက်နှစ်သက်ရာဒီဇိုင်းဖြင့် အပ်နှံပါက လက်ခံဆောင်ရွက်ပေးကြောင်းသိရှိရပါသည်။

**မြန်မာနိုင်ငံ၏ ကြိမ်ထွက်ကုန် ၈၀ ရာခိုင်နှုန်းကျော်ကို ကုန်ကြမ်းအဖြစ် တင်ပို့နေရပြီး ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိသာ ကုန်ချော တင်ပို့နိုင်**

မြန်မာနိုင်ငံ၏ သစ်တောထွက်ကုန်တစ်မျိုးဖြစ်သော ကြိမ်ကို ကုန်ကြမ်းအဖြစ်သာ တင်ပို့မှုများနေပြီး အချောထည်ပစ္စည်းတင်ပို့မှုမှာ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိသာရှိကြောင်း မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ကြိမ်ဝါးစုကော်မတီမှ သိရှိရပါသည်။

ပြည်ပသို့ ကုန်ကြမ်းအဖြစ် တင်ပို့ရသော ကြိမ်အမျိုးအစားများမှာ ရေကြိမ်၊ ကြိမ်တီ၊ ရမထာ၊ ခပေါင်းကြိမ်၊ ကြက်ဥကြိမ်နှင့် ကဒိန်ကြိမ်တို့ ဖြစ်ကြသည်။ ကုန်ကြမ်းအားလုံးနီးပါးကို တရုတ်နိုင်ငံမှ ဝယ်ယူကြောင်း သိရှိရပါသည်။



**ကြိမ်ပရိဘောဂနှင့် ကြိမ်ထည်ပစ္စည်းလုပ်ငန်း**

“တရုတ်နိုင်ငံမှာက ကြိမ်မထွက်ဘူးလေ၊ ကြိမ်ထွက်တဲ့ သစ်တောကလည်း မရှိဘူး၊ အာဆီယံနိုင်ငံတွေထဲမှာလည်း ကြိမ်ထွက်တာက မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံပဲ ကျန်တော့တာ။ အဲဒီနိုင်ငံတွေကပဲ ဝယ်ရတယ်၊ မြန်မာနိုင်ငံက ပိုနီးတော့ မြန်မာက အများဆုံးဝယ်ပါတယ်။ အချောထည်ကိုတော့ ဥရောပနိုင်ငံတွေက ဝယ်တယ်။ ဒီအချောထည်လုပ်တဲ့ တန်ဖိုးမြင့်ကြိမ်ထည်များကိုသာ ပိုပြီးတိုးတက်လာအောင် ပံ့ပိုးပေးမယ်ဆိုရင် ကုန်ကြမ်းပို့နေရတဲ့ ၈၀ ရာခိုင်နှုန်းကို တစ်နှစ်ပို့ပေးရတဲ့ ကြိမ်ဟာ ကုန်ချောအဖြစ် တန်ဖိုးကလည်း ငါးဆကနေ ၁၀ ဆအထိတက်လာမယ်။ ကြိမ်တစ်လုံးကို ကုန်ကြမ်းအဖြစ် ရောင်းလို့ ၁၀၀၀ ရမယ်ဆိုရင် ကုန်ချောဖြစ်သွားရင် ၅၀၀၀ ကနေ ၁၀၀၀၀ အထိ ဖြစ်သွားနိုင်တယ်။ လက်မှုပညာဖြစ်တဲ့အတွက် အနောက်နိုင်ငံက လူတွေတန်ဖိုးထားကြတယ်” ဟု မြန်မာ့သစ်လုပ်ငန်းရှင်အသင်း ကြိမ်ဝါးလုပ်ငန်းစုကော်မတီဥက္ကဋ္ဌ ဦးကျော်သူက ပြောသည်။

ကမ္ဘာပေါ်တွင် ကြိမ်ထုတ်လုပ်သည့်နိုင်ငံများကနည်းပြီး အာရှနိုင်ငံများတွင် ဗီယက်နမ်နိုင်ငံသည် ကြိမ်အများဆုံးထွက်ရှိကာ ကြိမ်ထည်လက်မှုပစ္စည်းလုပ်ငန်းမှ နှစ်စဉ်အမေရိကန်ဒေါ်လာ သန်း ၈၀၀ မှ ၁၀၀၀ အထိ ဝင်ငွေရရှိနေပြီး မြန်မာနိုင်ငံအနေဖြင့် ကြိမ်ထည်လက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်၊ သင့်တော်သော စီးပွားရေးမူဝါဒများ လိုအပ်လျက်ရှိကြောင်း သိရှိရပါသည်။

“ကြိမ်ကို စင်ကာပူ၊ မလေးရှား၊ ဂျပန်၊ ကိုရီးယားအစရှိတဲ့ နိုင်ငံတွေက ဝယ်ယူကြတယ်။ သူတို့နိုင်ငံတွေမှာ ကြိမ်မရှိတဲ့အတွက် ကြိမ်ထည်ပစ္စည်းတွေက တကယ့်ကို လက်မှုပညာဖြစ်တဲ့အတွက်



သူတို့တန်ဖိုးထားကြတယ်။ ကြိမ်ကို ဝယ်ယူရာမှာ ကုန်ကြမ်းအဖြစ် ၈၀ ရာခိုင်နှုန်း၊ ကုန်ချောအဖြစ် ၂၀ ရာခိုင်နှုန်းလောက် ပို့နေရတယ်။ ကုန်ကြမ်းကြိမ်တစ်လုံးပို့တာနဲ့ အချောကိုင်ကြိမ်တစ်လုံးပို့တာတန်ဖိုးက ငါးဆကနေ ၁၀ ဆအထိကွာတယ်။ ကုန်ချောက အကျိုးအမြတ်ပိုရတယ်” ဟု မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ကြိမ်အမျိုးအစားမှာ ရာဂဏန်းခန့်မျှရှိသော်လည်း တကယ်တမ်းအသုံးပြုနေသောအမျိုးအစားများတွင် ၁၀ မျိုးခန့်သာရှိကြောင်း သိရှိရပါသည်။ ကြိမ်သည် ပေါ့ပါး၍ ပျော့ပျောင်းခိုင်ခံ့သည့် ဂုဏ်သတ္တိရှိပြီး အသုံးအဆောင်ဒီဇိုင်းမျိုးစုံပြုလုပ်၍ရသည့်အတွက် ပြည်ပနိုင်ငံများက ပိုမိုတန်ဖိုးထားဝယ်ယူလာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကြိမ်ပင်များ၏ သဘာဝသည် အများအားဖြင့် အလေ့ကျပေါက်လေ့ရှိပြီး လျှိုမြောင်ထဲတွင် စိုက်ပျိုးလျှင် ကောင်းမွန်သည့်အတွက် သစ်တောများ၊ ကမ်းစပ်များ၊ စိမ့်တောများတွင် စိုက်ပျိုးဖြစ်ထွန်းပြီး မြန်မာနိုင်ငံတွင် ကြိမ်ကို နေရာအနှံ့အပြား စိုက်ပျိုးနိုင်သည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော ကြိမ်ကုန်ကြမ်းများကို တရုတ်နိုင်ငံမှ ဝယ်ယူမှုအများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံမှလည်း အနည်းအကျဉ်းဝယ်ယူမှုရှိကြောင်း သိရှိရပါသည်။

“ကြိမ်ကုန်ကြမ်းကိုတော့ တရုတ်ကဝယ်တာ အများဆုံးပဲ။ အရင်ကဆိုရင် ဒီကလာသမျှ ကြိမ်ကားတွေကို ကွန်တိန်နာအလုံးလိုက် အကုန်ယူတာ။ ဘယ်လောက်တောင်လဲဆို ဒီဘက်က တင်ပို့လိုက်တဲ့ ကားခကိုလည်း သူတို့ပဲ ရှင်းပေးသည်။ ခုနောက်ပိုင်းတော့ အခြေအနေတွေက မတူတော့ဘူး။ သူတို့မှာ လုပ်ခလစာမြင့်လိုက်တဲ့အခါကြတော့

ပုံမှန်ရောင်းနေကျဈေးအတိုင်း ရောင်းနိုင်အောင် ကုန်ကြမ်းက ဈေးသက်သာမှ ဖြစ်မယ်။ ဒီတော့ ဈေးနှိမ်တတ်တယ်။ သူတို့ကြိုက် ဈေးပေးတယ်။ ဈေးနှုန်းက သူတို့ပါးစပ်ထဲမှာပဲ ရှိတယ်။ ခန့်မှန်းလို့ မရဘူး။ ဟိုရောက်ပြီးတော့မှ သူပေးတဲ့ဈေးနဲ့မယူရင်လည်း မရဘူး။ ဒီတော့ရောင်းလိုက်ရရော။ ဆိုလိုချင်တာက ကြိမ်ကို ပြည်တွင်းမှာ ပရိဘောဂထုတ်တာထက် ပြည်ပကို ကုန်ကြမ်းအတိုင်းရောင်းတာက များတယ်။ ဒီလိုရောင်းတာကလည်း ဈေးကောင်းမရတော့ အများကြီး နစ်နာတာပေါ့။ အကျိုးဆက်အနေနှင့် ကြိမ်ပင်တွေများများခုတ်တော့ ကြိမ်တောတွေ လျော့နည်းလာတယ်'' ဟု ကြိမ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

''ကြိမ်တွေ ပြုန်းတီးတယ်ဆိုတာက အသုံးချလို့ရတဲ့အရည်အသွေးရှိတဲ့ ကြိမ်တွေနည်းသွားတာပါ။ လွန်ခဲ့တဲ့ ၁၅ နှစ်ကထက် ယှဉ်ရင် ကြိမ်တောတွေက တော်တော်လေးကို ကွာသွားပြီ။ ဒါကြောင့် ကြိမ်တွေရှားပါးမသွားအောင် ထုတ်ယူသုံးစွဲရာမှာ စနစ်တကျရှိသင့်တယ်'' ဟု သစ်တောပညာရှင်တစ်ဦးက ပြောကြားခဲ့ပါသည်။

ယင်းကဲ့သို့ ကြိမ်ကုန်ကြမ်းများ ပြည်ပသို့ တင်ပို့ရောင်းချမှုမှာ တစ်နှစ်လျှင် ပျမ်းမျှကျပ်သန်း ၁၀၀ ဝန်းကျင်ခန့်ရှိပြီး ကြိမ်ပရိဘောဂများ ပြည်ပသို့ တင်ပို့ရောင်းချခြင်းထက် ရှစ်ဆကျော်များပြားလျက်ရှိကြောင်း တရားဝင်ထုတ်ပြန်ထားသော စာရင်းများအရ သိရှိရပါသည်။ ယခုနောက်ပိုင်းတွင် ပြည်ပကုန်ကြမ်းဝယ်ယူသူများမှ ဈေးနှိမ်ခြင်း၊ ပြည်တွင်း၌ ကြိမ်တောများ လျော့နည်းလာခြင်း၊ ပြန်လည်စိုက်ပျိုးမှုနည်းပါးလာခြင်းစသည့်အကြောင်းများကြောင့် ၂၀၀၈ ခုနှစ်နောက်ပိုင်းမှစ၍ ပြည်ပသို့ ကြိမ်ကုန်ကြမ်းတင်ပို့သူဦးရေ လျော့နည်းလာမှုများရှိကြောင်း သိရှိရပါသည်။



## ကြိမ်ထည်ဈေးကွက် ပြည်တွင်းသို့ ဦးတည်ထိုးဖောက်လာ

ပြည်တွင်းကြိမ်ထည်လက်မှုပစ္စည်းကုမ္ပဏီများသည် ပြည်ပသို့ တင်ပို့ရောင်းချခြင်းထက် ပြည်တွင်းဈေးကွက်၌ တွင်တွင်ကျယ်ကျယ် ရောင်းချနိုင်ရန် ကြိုးပမ်းလာကြောင်း အဆိုပါကုမ္ပဏီများက တာဝန်ရှိသူများက ပြောသည်။

ပြည်ပသို့ ကြိမ်နှင့် ဝါးလက်မှုပစ္စည်းများတင်ပို့ရောင်းချခြင်းတွင် တစ်နှစ်ထက် တစ်နှစ်မှာယူမှုလျော့နည်းလာခြင်း၊ တင်ပို့မှုနှင့် အခြားအထွေထွေစရိတ်များ မြင့်မားလာမှုတို့ကြောင့် ထုတ်လုပ်သူများအနေဖြင့် ပြည်တွင်းဈေးကွက်ကိုသာ ပိုမိုစိတ်ဝင်စားလာခြင်း ဖြစ်ပါသည်။

''ပြည်ပတင်ပို့မှု ပါးနေတဲ့အချိန်မှာ ကိုယ့်ရဲ့အလုပ်သမားတွေကိုလည်း တခြားအလုပ်မခိုင်းချင်ဘူး။ ဒါကြောင့် ပြည်တွင်းမှာရောင်းချနိုင်မယ့်တန်ဖိုးလည်း အရမ်းမမြင့်မားတဲ့ ကုန်ချောမျိုးထုတ်လုပ်ပြီး ရောင်းရင် အဆင်ပြေနိုင်မယ်'' ဟု Classic Home ထရိတ်ဒင်း ဒါရိုက်တာဦးကျော်သူက ပြောသည်။

ပြည်ပတင်ပို့မှု လျော့ကျရခြင်းမှာ ပြည်တွင်းထုတ်လုပ်သူများသည် ကြိမ်ဝါး အဓိကတင်ပို့နေသည့်နိုင်ငံများကဲ့သို့ ဝယ်လိုအားရှိသည့်အတိုင်း အမြောက်အမြားထုတ်လုပ်ခြင်းကို မယှဉ်နိုင်ကြောင်း၊ အရေအတွက်များများ မထုတ်လုပ်နိုင်ကြောင်း၊ ဈေးနှုန်းအရလည်း လျော့ကျသက်သာစွာ မလုပ်နိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ၄င်းတို့က ပြောပါသည်။

ယခုနှစ်များအတွင်း မြန်မာနိုင်ငံမှ ဥရောပနှင့် အခြားဈေးကွက်များသို့ တင်ပို့နှုန်းမှာ တစ်လလျှင် ပေ ၂၀ အရှည်ရှိ ကွန်တိန်နာ

အလုံးရေ ၂၀ မှ ၃၀ ကြားသာ အများဆုံးရှိသည်။ ၂၀၀၆ ခုနှစ်အထိ ကွန်တိန်နာအလုံးရေ ၇၀ မှ ၈၀ ကြား တင်ပို့ခဲ့ပြီး တရုတ်၊ ဗီယက်နမ် စသည့် နိုင်ငံတို့၏ တင်ပို့မှုမှာ တစ်လလျှင် အလုံးရေ ၁၀၀၀ ကျော်ရှိလေသည်။

မြန်မာနိုင်ငံမှ ဂျာမနီသို့အရောက် ပေ ၂၀ အရှည်ရှိ ကွန်တိန်နာ တစ်လုံး၏ ကုန်ကျစရိတ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၀၀ ရှိပြီး အင်ဒိုနီးရှားမှာ ကန်ဒေါ်လာ ၅၀၀ နှင့် တရုတ်မှာမူ ရာသီဥတု ပေါ်မူတည်၍ ကန်ဒေါ်လာ ၃၀၀ မှ ၄၀၀ အတွင်းသာရှိနေပါသည်။

"ဖော်ပြလို့ရတဲ့ စရိတ်တွေအပြင် မဖော်ပြနိုင်တဲ့ အထွေထွေ ထုတ်လုပ်မှုစရိတ်လည်းရှိတဲ့အတွက် တခြားနိုင်ငံရဲ့ ထုတ်လုပ်မှုအပိုင်း တွေကိုတော့ နည်းနာယူသင့်တယ်"

"ကြိမ်ထည်တွေကို ပြည်တွင်းအဓိကထားရောင်းမယ်ဆိုရင် ပိုအကျိုးအမြတ်ရှိလာပြီး ပိုရောင်းရနိုင်တယ်" ဟု ဦးကျော်သူက ပြောပါသည်။

ပြည်တွင်းဈေးကွက်၌ ရောင်းချပါက အခွန်ငွေ၊ သယ်ယူ ပို့ဆောင်စရိတ်နှင့် အခြားအထွေထွေစရိတ်များ လျော့နည်းသက်သာ မည်ဖြစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနိုင်မည် ဖြစ်ပါသည်။

မြန်မာ့ကြိမ်ထည်လက်ရာအဆင့်အတန်းမှာ တရုတ်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားစသော အဓိကနိုင်ငံများ၏ ကုန်ပစ္စည်းကိုမမီသေးကြောင်း သိရသည်။

"တရုတ်ပစ္စည်းတွေကျတော့ ဈေးနှုန်းနဲ့ အရည်အသွေးအမျိုး မျိုးရှိတယ်။ ဈေးပေါပြီဆိုရင်လည်း မယုံနိုင်လောက်အောင်ကို ပေါတယ်။ အရည်အသွေးကောင်းပြီး ဈေးကြီးတာမျိုးလည်း ရှိတယ်" ဟု ဦးကျော်သူက ပြောသည်။



ပြည်တွင်း၌ ရောင်းချခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းတွင် ရာသီ ဥတုရော၊ အကြိုက်ချင်းပါ မတူညီသည့်အတွက် ဒီဇိုင်းပုံစံပြောင်းလဲ သင့်ကြောင်း တီအာရ်အက်စ်ထရိတ်ဒင်းမှ အထွေထွေမန်နေဂျာ ဦးအောင်မင်းက ပြောသည်။

အနောက်နိုင်ငံများသည် ကြီးကြီးမားမားအကြမ်းထည်ပုံစံများ ကို နှစ်သက်သဘောကျပြီး ပြည်တွင်းအကြိုက်မှာ အရောင်တင်ဆေး ဖြင့် အဆင်တန်ဆာများပြားမှုကို နှစ်သက်ကြသည်။

ပြည်တွင်းကြိမ်ထည်ပရိဘောဂသုံးစွဲမှုမှာ နေအိမ်များထက် ဟိုတယ်၊ အပန်းဖြေစခန်းများနှင့် သံရုံးများမှ အများဆုံးမှာယူကြသည်။

"တဖြည်းဖြည်းတော့ သုံးလာကြပါတယ်။ အရမ်းကြီး ကျယ်ကျယ်ပြန့်ပြန့်တော့ မဖြစ်သေးဘူးပေါ့။ ဒီမှာ ကိုယ့်ရဲ့ဝင်ငွေနှင့် လည်း ချိန်နေရသေးတော့ ကြာရှည်ခံတာကိုပဲ အသုံးများတယ်" ဟု ဦးအောင်မင်းက ပြောသည်။

ဧည့်ခန်းသုံးကြိမ်ဆက်တီတစ်လုံးလျှင် ကျပ် ၈၀၀၀၀၀ မှ ၉၀၀၀၀၀ ကြားတွင်ရှိပြီး ကျွန်းကဲ့သို့သော သစ်ထည်မှာလည်း အလား တူပင်ဖြစ်သောကြောင့် အရည်အသွေး ပိုမိုကောင်းအောင်လုပ်ပြီး လက်ခံ လာနိုင်ရန်လိုကြောင်း ၎င်းက ပြောသည်။

ကြိမ်ကုန်ကြမ်းတစ်တန်ဈေးနှုန်းမှာ ကန်ဒေါ်လာ ၈၀၀ အတွင်း ရှိပြီး ဝါးမှာ အရွယ်အစားအလိုက် အမေရိကန်ဒေါ်လာ ၂၅ ဆင့်မှ ၁.၁ ဒေါ်လာရှိသည်။

မြန်မာ့ကြိမ်တောများကို စည်းမဲ့ကမ်းမဲ့ ခုတ်လျှင် ကုန်ခန်းသွား မည့်အနေအထား ရှိပါသည်။ သစ်တောသယံဇာတတစ်မျိုးဖြစ်သည့် မြန်မာ့ကြိမ်များ မျိုးမသုဉ်းရေးအတွက် တစ်ဖက်ကလည်း ကြိမ်စိုက်ခင်း

များကို တိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်မည်ဖြစ်ပါသည်။ ကုန်ကြမ်းအဖြစ် အလုံးလိုက်တင်ပို့ခြင်းက တန်ဖိုးမြှင့်ပရိဘောဂပစ္စည်း၊ လက်မှုအနုပညာအသုံးအဆောင်ပစ္စည်းများ၊ အလှအပပစ္စည်းများ ထုတ်လုပ်၍ တင်ပို့နိုင်လျှင် ပိုမိုလည်း အကျိုးရှိမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရနှင့် ကြိမ်လုပ်ငန်းရှင်များ ပူးပေါင်း၍ ကြိမ်လုပ်ငန်းများ တိုးတက်ရေးနှင့် ပြည်ပသို့ ကြိမ်ထည်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေးကို နည်းလမ်းများ ရှာဖွေဆောင်ရွက်သင့်ပါသည်။ သို့မှသာ မြန်မာ့ကြိမ်ထည်လုပ်ငန်းမှ နိုင်ငံအတွက် နိုင်ငံခြားငွေအမြောက်အမြား ရှာဖွေပေးနိုင်မည်ဟု သုံးသပ်မိပါသည်။

❖ ❖ ❖ ❖ ❖









ကြိမ်ဖျာများ



**RTL-237 HORIZONTAL RATTAN BENDING MACHINE.**

**ရေပြင်ညီကြိမ်ကွေးစက်**



**CK - 209 A RATTAN SPLITTING MACHINE.**
**ကြိမ်နန်းဆွဲစက်**




**CK - 222 A-B AUTOMETIC RATTAN PEELING MACHINE.**
**ဆောက်သွားသုံး၍ ကြိမ်လုံးညီညာစေသောစက်**






**CK - 201 RATTAN POLISHING MACHINE**
**ကော်ဖတ် ခါးပတ်ကြိုးသုံး၍ ကြိမ်လုံးညီညာစေသောစက်**



**CY - 210 RATTAN HYDRAULIC STRAIGHTENER.**
**ဟိုက်ဒရောလစ်အားသုံး ကြိမ်ဖြောင့်စက်**



**RTE - 8 WEBBING MACHINE FOR RATTAN.**
**ကြိမ်ရက်ကန်းစင်နှင့် ထုတ်လုပ်နိုင်သော ကြိမ်ဖျာများ**




**CK - RATTAN CONNECTING MACHINE**
**ကြိမ်နန်းကြိုးများအား ကော်ဖြင့်ဆက်ပေးသည့်စက်**






**PTJ - 303 VACCUM CLEANER.**
**ကြိမ်ချောလုပ်ငန်းမှ ထွက်ပေါ်လာသောအမှုန့်များအား**
**စုပ်ယူသန့်ရှင်းစေသောစက်**

## ကျမ်းကိုးစာရင်း


**စာအုပ်များ**

၁။ ချိန်ဟိုး၊ မြန်မာ့ကြိမ်မှတ်စု
၂။ နာဂသိန်၊ ရှင်၊ ပုံပြဆေးအဘိဓာန် (ပထမတွဲ)
၃။ နတ်ရှင်၊ ဒဂုံ၊ မြန်မာ့ရိုးရာလုပ်ငန်းဆယ်ပွင့်ပန်း (ပ-ကြိမ်) (၁၉၇၈) စာပေဗိမာန်
၄။ ဘသိန်း၊ ဦး၊ ပီကင်းပြန်၊ မြန်မာ့ခြင်းလုံးသမိုင်း၊ စာပေဗိမာန်
၅။ မြင့်ဝေ၊ ဦး၊ ရွှေဖြစ်မည့် မြန်မာ့ကြိမ် (ပ-ကြိမ်) (၇/၁၉၉၃)၊ သပြေညိုစာပေ၊ ရန်ကုန်
၆။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၁၊ (ပ-နှိပ်) ၁၉၅၅၊ စာပေဗိမာန်
၇။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၃)၊ စာပေဗိမာန်
၈။ ရီရီငွေး၊ ကမ္ဘာ့ဈေးကွက်မှ မြန်မာ့ကြိမ်ပရိဘောဂများ၊ မြန်မာ့ရေမဂ္ဂဇင်း၊ မေလ ၂၀၁၂
၉။ လှထွန်းဖြူ၊ ဦး၊ ရခိုင်ပြည်နယ်စီးပွားရေးဘဏ္ဍာတိုက် (ပ) (၁၀/၇၆)

**သတင်းစာ/ဂျာနယ်များ**

၁။ ဈေးကွက်ဂျာနယ်များ
၂။ တောင်သူလယ်သမားဂျာနယ်များ
၃။ နေ့စဉ်ထုတ်သတင်းစာများ







၄။ ရွှေ့သို့စာစောင်များ
၅။ လမ်းစဉ်သတင်းဂျာနယ်များ
၆။ သစ်တောရေးရာဂျာနယ်များ
၇။ Conmerce ဂျာနယ်များ
၈။ Weekly Eleven ဂျာနယ်များ
၉။ မြန်မာနိုင်ငံကြိမ်လုပ်ငန်းရှင်များအသင်း၏ ပြောကြားချက်များ

၂၀၁၂ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဒုတိယဆုရ



# ဘက်စုံအသုံးဝင်သည့် မြန်မာ့ကြိမ်ပင်

**မောင်နွယ်သန်း**

အဖ တောင်သူ ဦးဘခင်၊ အမိ ဒေါ်ဖွားသိန်းတို့မှ ၁၉၅၁ ခုနှစ် မေလ ၁၂ ရက် နေ့တွင် တမူးမြို့နယ် ချောင်းဆုံကျေးရွာ၌ မွေးဖွားခဲ့သည်။ တမူးမြို့ အစိုးရ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (သမိုင်း) ရရှိခဲ့သည်။

မြို့နယ်လမ်းစဉ်လူငယ်စည်းရုံးရေးကော်မတီနှင့် မြို့နယ်ပါတီယူနစ်တို့တွင် တာဝန် ထမ်းဆောင်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ အဖြစ်မှ အငြိမ်းစားယူခဲ့သည်။

၁၉၇၆ ခုနှစ်မှစ၍ သင့်ဘဝမဂ္ဂဇင်း၊ အကယ်ဒမီစာစောင်၊ သောင်းပြောင်းထွေလာ ရယ်စရာ မဂ္ဂဇင်း၊ သောကြာစာစောင်တို့တွင် ကဗျာများ ရေးသား၍ စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ၁၉၈၄ ခုနှစ်နှင့် ၁၉၉၂ ခုနှစ်တို့တွင် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းမှ ကြီးမှူးကျင်းပသော ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ဆောင်းပါး ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် တတိယဆု နှစ်ကြိမ်၊ စာပေဗိမာန်စာမူဆုပြိုင်ပွဲများ တွင် ၂၀၀၂ ခုနှစ်၌ "ကြံမှသကြား ပြည့်စီးပွား" စာမူဖြင့် သုတပဒေသာ (ဝိဇ္ဇာ) တတိယဆု၊ ၂၀၀၅ ခုနှစ်၌ "ဖွံ့ဖြိုးလာတော့မည့် သွေးချင်းတို့ နာဂမြေ" စာမူဖြင့် သုတပဒေသာ(ဝိဇ္ဇာ) ဒုတိယဆုနှင့် ၂၀၀၅ ခုနှစ် မြဝတီမဂ္ဂဇင်း၏ အကောင်းဆုံး ဆောင်းပါးဆုတို့ ရရှိခဲ့သည်။ ယနေ့အထိ စာနယ်ဇင်းများတွင် ဆောင်းပါးပေါင်း ၂၀၀ ကျော် ရေးသားပြီးဖြစ်သည်။

အမည်ရင်း ဦးအောင်သန်း ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် (၇၇)၊ 5-A၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။

